# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် ၂၀၁၇ ခုနှစ်၊ မတ် ၁၈ ရက်၊ စနေနေ့။ အတွဲ (၅၆)၊ အမှတ် (၁၆၉)


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ - ၃၆)

# နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်(၇၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်(၇၀) ပြည့်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာန၏အထိမ်းအမှတ်ပစ္စည်းများအား ကြည့်ရှုစဉ်

**နေပြည်တော် မတ် ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်(၇၀) ပြည့်နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားနှင့် မိတ်ဆုံညစာစားပွဲကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။

အထိမ်းအမှတ် အခမ်းအနားနှင့် မိတ်ဆုံညစာစားပွဲမစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဝန်ထမ်းများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် မိတ်ဆုံညစာစားပွဲကို ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ တက်ရောက်လာကြသူများနှင့်အတူ အထိမ်းအမှတ်မိတ်ဆုံညစာကို အတူတကွ သုံးဆောင်ကြသည်။


ညစာစားပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသူများသည် ဝန်ကြီးရုံး မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာန၏ အထိမ်းအမှတ်ပစ္စည်းများကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် နှစ်(၇၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က

*စာမျက်နှာ ၄ ကော်လံ ၁*

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပထမ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

မြန်မာ့အလင်း

# ဟန်ချက်ညီ၊ အားမာန်ပါရမည့် တွဲလက်များ

တိုင်းပြည်စီးပွားရေး၏ ပကတိအခြေအနေကို ထင်ဟပ်နေသော သတင်းနှစ်ပုဒ်ကို သတိပြုမိပါသည်။ မန္တလေးတိုင်းဒေသကြီး သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ထုတ်ပြန်ချက်အရ ထိုင်းနိုင်ငံဘက်မှ သံပရာသီးများ တရားမဝင် ဝင်ရောက်နေမှုကြောင့် မြန်မာ့သံပရာသီးများ ဈေးကွက်ပျက်နေသည်ဟု သိရှိရပါသည်။

အဆိုပါ ထိုင်းတရားမဝင်သံပရာသီးတို့ကြောင့် မြန်မာ့သံပရာသီးဈေး ထက်ဝက်ခန့် ကျဆင်းသွားသည်ဟု ဆိုပါသည်။ ဤကဲ့သို့ ဈေးနှုန်းထက်ဝက်ခန့် ကျဆင်းသွားခြင်းကြောင့် တောင်သူတို့ အခက်တွေ့မည်မှာ အသေအချာပင် ဖြစ်ပါသည်။ နောက်သတင်းတစ်ပုဒ်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကုန်စည်သယ်ယူ ပို့ဆောင်ရေးစရိတ်အကြီးဆုံးနိုင်ငံဖြစ်သည်ဟု ပြောဆိုခဲ့သော သတင်းဖြစ်ပါသည်။ သတိပြုရမည့်အချက်မှာ ကမ္ဘာ့သယ်ယူပို့ဆောင်ရေးစရိတ် အကြီးမားဆုံးနိုင်ငံတွင် တစ်ဖက်နိုင်ငံမှ မိုင်ပေါင်းများစွာ ဖြတ်သန်းရောက်ရှိလာသော ထိုင်းသံပရာသီးတို့က မြန်မာ့သံပရာသီးတို့ကို ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်နေသည့်အချက်ဖြစ်ပါသည်။ ဤအချက်က မြန်မာ့သံပရာသီးစိုက်ပျိုးထုတ်လုပ်မှုစွမ်းဆောင်ရည်သည် ထိုင်းသံပရာသီးစိုက်ပျိုးထုတ်လုပ်မှု စွမ်းဆောင်ရည်နှင့် နှိုင်းယှဉ်ပါက များစွာ နိမ့်ကျနေဆဲဖြစ်သည်ကို ရည်ညွှန်းဖော်ပြနေပါသည်။

သို့သော် မြန်မာ့သံပရာသီးစိုက်ပျိုးထုတ်လုပ်မှု၌ အားတက်စရာသတင်းကောင်းတစ်ရပ်လည်း ရှိပါသည်။ အဆိုပါသတင်းကောင်းမှာ မြန်မာ့သံပရာသီးတို့ကို ထိုင်ဝမ်သို့ တင်ပို့နိုင်ရန် ကြိုးပမ်းပြင်ဆင်နေသော သတင်းဖြစ်ပါသည်။ ဤကြိုးပမ်းပြင်ဆင်မှုတို့ လက်တွေ့ဖြစ်မြောက် အောင်မြင်လာရေးအတွက် မြန်မာ့သံပရာသီး စိုက်ပျိုးထုတ်လုပ်မှု စွမ်းဆောင်ရည်မြှင့်တင်ရေးကို စနစ်တစ်ရပ်ပုံသဏ္ဌာန်ဖြင့် ပေါ်ထွန်းလာစေရန် ကြိုးပမ်းရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာအသင်းအဖွဲ့တို့က လိုအပ်ချက်တို့ကို တင်ပြညှိနှိုင်းဆွေးနွေးပါက နိုင်ငံတော်က ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

မြန်မာ့သံပရာသီးဈေးကွက်အခြေအနေကို ဥပမာအနေဖြင့် တင်ပြခြင်းသာဖြစ်ပြီး တင်ပြလိုသည်မှာ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတော်တို့ ပူးပေါင်းဆောင်ရွက်ရမည့် သဘောသဘာဝဖြစ်ပါသည်။ နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးစနစ် ထိရောက်လျင်မြန်လာရေး ကိစ္စရပ်၌လည်း ဤသဘောသဘာဝကို မည်ကဲ့သို့ လက်တွေ့ကျင့်သုံးဖော်ဆောင်သင့်သည်ကို သုံးသပ်သင့်သည်ဟု ယူဆပါသည်။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတို့ဖြင့် အဝေးပြေးလမ်းမကြီးများကဲ့သို့သော လမ်းပန်းဆက်သွယ်မှုစနစ်မြှင့်တင်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ချုပ်၍တင်ပြရပါက စိုက်ပျိုးထုတ်လုပ်မှုစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် တိုင်းပြည်၏ အခြေခံအဆောက်အအုံများတိုးချဲ့မြှင့်တင်ခြင်းတို့ကို နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍတို့ ဟန်ချက်ညီညီ လက်တွဲညှိနှိုင်းဖော်ဆောင်ကြရန် ဖြစ်ပါသည်။ ။

# မဲဆန္ဒနယ်၏မဲစာရင်းများ ကပ်ထားကြေညာ၊ မဲဆန္ဒရှင်သက်သေခံလက်မှတ်များထုတ်ယူနိုင်

**ညောင်လေးပင် မတ် ၁၇**

၂၀၁၇ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲ၌ အမျိုးသားလွှတ်တော် အမှတ်(၄) မဲဆန္ဒနယ်၏ မဲစာရင်းများကို မတ် ၁၇ ရက် နံနက် ၈ နာရီ စတင်က သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားကြေညာထားကြောင်း သိရသည်။

အမျိုးသားလွှတ်တော် အမှတ်(၄)မဲဆန္ဒနယ်အတွက် ညောင်လေးပင်မြို့နယ်တွင် မဲဆန္ဒရှင် ၁၄၃၂၀၀ နှင့် ကျောက်တံခါးမြို့နယ်တွင် မဲဆန္ဒရှင် ၁၇၆၉၅၄ ဦး စုစုပေါင်းမဲဆန္ဒရှင် ၃၂၀၁၅၄ ရှိပြီး မဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် မိမိအမည် မဲစာရင်းတွင် ပါမပါကြည့်ရှုနိုင်ကာ မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို မတ် ၁၇ ရက်မှ ၃၀ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကိုယ်တိုင် သို့မဟုတ် မိသားစုတစ်စုလျှင် အိမ်ထောင်ဦးစီး သို့မဟုတ် မိသားစုတစ်ဦးဦးက လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက် )






မတ် ၁၆ ရက်က သဲကုန်းမြို့နယ် ထွေ/အုပ်ရုံး၌ သဲကုန်းမြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်ကျော်ဦးက သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ သက်ငယ်မုဒိမ်းမှု၊ ခိုးမှု၊ နာကျင်စေမှုများ မရှိစေရေး ဟောပြောဆွေးနွေးစဉ်

(မြို့နယ် ပြန်/ဆက်)

## မိုးလေဝသ

**နေပြည်တော် မတ် ၁၇**

နေ့အပူချိန်များမှာ တစ်ပြည်လုံးတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ပါသည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီ၊ မင်းဘူးမြို့ အောင်လံမြို့ ပြည်မြို့ တောင်ငူမြို့နှင့် ရွှေကျင်မြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

(မိုး/ဇလ)

# ဒုတိယအကြိမ် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၇**

လူမှုဘဝနေထိုင်မှုတွေ ပြောင်းလဲလာသည့် ယနေ့အချိန်ကာလမှာ တိုးတက်လာသော လူဦးရေအပြင် စီးပွားရေးအခြေအနေများနှင့်အတူ အိမ်ရာအဆောက်အအုံ လိုအပ်မှုများပြားလာသည့်အတွက် ကောင်းမွန်စွာရွေးချယ်ပိုင်ခွင့်ရရှိရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Trade Training Institute (TTI)၊ ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်နှင့် ဖွံ့ဖြိုးမှုအစီအစဉ်(UN Habitat)တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် “ဒုတိယအကြိမ် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ ၂၀၁၇” The 2nd Housing and Building 2017 ဖွင့်ပွဲကို မတ် ၁၇ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပသည်။

ဒုတိယအကြိမ် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ ၂၀၁၇ ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (ရန်ကုန်မြို့တော်ဝန်) ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute - TTI) မှ Assistant Director ဦးသိန်းမြင့်ဝေ၊ ဦးခင်မောင်ညို(ဘောဂဗေဒ)၊ MKT Construction Co.,Ltd မှ Chairman & CEO ဦးမျိုးမြင့်၊ Aung Myin Pyae Sone Construction Co.,Ltd မှ Managing Director U Thura Aung နှင့် Dagon Exhibitions



Limited မှ Director ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပြပွဲကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ မတ် ၁၇ ရက်မှ ၁၉ ရက် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း   ၁၇-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၁၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၅၅/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၂ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၁ ・ ၁ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၈၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၇၅ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ ・ ၂၈ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
GMail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာနိုင်ငံရှိ ငွေပေးချေမှု၊ ငွေလွှဲပို့မှုစနစ်နှင့် အခွန်ကောက်ခံမှုစနစ်များ ပိုမိုကောင်းမွန်ချောမွေ့စေရေး ဆွေးနွေး

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပဧည့်သည်အဖွဲ့များအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု Master Card ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Ajay Banga အား ယနေ့ မွန်းလွဲ ၃ နာရီတွင် လည်းကောင်း၊ International Finance Corporation (IFC)၏ ငွေတိုက်ဌာနနှင့် ပေါင်းစုချေးငွေဌာနဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. Jingdong Hua ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

အမေရိကန်ပြည်ထောင်စု Master Card ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ ငွေပေးချေမှု၊ ငွေလွှဲပို့မှုစနစ်နှင့် အခွန်ကောက်ခံမှုစနစ်များ ပိုမိုကောင်းမွန်ချောမွေ့စေရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် International Finance Corporation (IFC) ၏ ငွေတိုက်ဌာနနှင့် ပေါင်းစုချေးငွေဌာနဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. Jingdong Hua တို့ တွေ့ဆုံဆွေးနွေးစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စု Master Card ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Ajay Banga အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

International Finance Corporation (IFC)၏ ငွေတိုက်ဌာနနှင့် ပေါင်းစုချေးငွေဌာနဆိုင်ရာ ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်ရေးတို့အတွက် အရေးပါသည့် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေမည့်ကိစ္စရပ်များ အပါအဝင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးဈေးကွက် (Financial Market) ဖွံ့ဖြိုးတိုးတက် ရေး၊ ငွေကြေးကဏ္ဍ၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးစသည့်ကဏ္ဍများတွင် မြန်မာနိုင်ငံနှင့် IFC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် ဘဏ်ခွဲဖွင့်

**နေပြည်တော် မတ် ၁၇**

(၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက်(မြဝတီ)ဘဏ်ခွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁)ရပ်ကွက်ရှိ အဆိုပါဘဏ်ခွဲရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးနှင့် ဘဏ်ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အင်းဝဘဏ်လီမိတက်(မြဝတီ)ဘဏ်ခွဲအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်၊ အင်းဝဘဏ်လီမိတက်အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ငွေဦးနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထူးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ဘဏ်ခွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ ဘဏ်ခွဲဆိုင်းဘုတ်နှင့် ကောင်တာတို့အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုသည်။

အင်းဝဘဏ်လီမိတက်နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော မြန်မာမိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်း (Myanmar Mobile Money Services) သည် မိုဘိုင်းဖုန်းနှင့် ဆောင်ရွက်နိုင်သော ဝန်ဆောင်မှုများကို ထိရောက်ကောင်းမွန်စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာများကို မိုဘိုင်းဖုန်းများမှတစ်ဆင့် ထုတ်ယူရရှိနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**





## IFC နှင့် SECM တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၁၇**

ကမ္ဘာ့ဘဏ်အုပ်စုအဖွဲ့ဝင်ဖြစ်သည့် International Finance Corporation (IFC) နှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM)တို့အကြား မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ၏ စီမံအုပ်ချုပ်မှု စည်းမျဉ်းစည်းကမ်းစံများနှင့် အလေ့အထများကို အားကောင်းခိုင်မာစေရန် အကူအညီပေးအပ်မည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် International Finance Corporation (IFC) ၏ ဒုတိယဥက္ကဋ္ဌနှင့် ငွေတိုက်ဌာနမှူး Mr. Jingdong Hua တို့က လက်မှတ်ရေးထိုးခဲ့ကြပြီး မြန်မာ့စီးပွားရေးဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာနနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ International Finance Corporation (IFC) မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာ၌ IFC က ကော်မရှင်၏ အရာထမ်း၊ အမှုထမ်းများအား စီးပွားရေးလုပ်ငန်းများ စီမံအုပ်ချုပ်မှုဆိုင်ရာ လေ့ကျင့်သင်ကြားပေးခြင်း၊ စဉ်ဆက်မပြတ် ထုတ်ဖော် အသိပေးကြေညာခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးများကဲ့သို့ အရင်းအနှီးဈေးကွက်များ၊ ကြီးကြပ်ထိန်းကျောင်းပေးသူများနှင့်သာ သက်ဆိုင်သောအကြောင်းအရာများနှင့်ပတ်သက်၍ အကောင်းဆုံးအလေ့အထများ မျှဝေပေးခြင်းတို့ဖြင့် ကော်မရှင်၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကိုပံ့ပိုးပေးရန်၊ စီးပွားရေးလုပ်ငန်းများ၏ စီမံအုပ်ချုပ်မှုစည်းကမ်းထိန်းသိမ်းရေးစံများကို မြှင့်တင်ပေးရေးအတွက် ကော်မရှင်က စည်းမျဉ်းသစ်များ ပြန်လည်ဆန်းစစ်ခြင်းကို ပံ့ပိုးပေးရန်၊ IFC နှင့် ကော်မရှင်တို့သည် အများပြည်သူပါဝင်နိုင်မည့် ညီလာခံများနှင့် ဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ကျင်းပခြင်းမှတစ်ဆင့် စီးပွားရေးလုပ်ငန်းများ၏ စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများကို ပြည်သူများသိရှိစေရန် အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

ရှေ့ဖုံးမှ

အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းဆိုသည်မှာ လူတစ်ယောက်၏ ဘဝကဲ့သို့ပင် အတက်အကျရှိပါကြောင်း၊ သို့သော်လည်း တက်နေလျှင်လည်း ဆက်ပြီးတက်ရန် ထိန်းသိမ်းသွားရမည်ဖြစ်ပါကြောင်း၊ ကျနေလျှင်လည်း စိတ်ဓာတ်ကျစရာမလိုပါကြောင်း၊ ယခင် ဆယ်စုနှစ်များအတွင်း မိမိတို့နိုင်ငံ၏ သိက္ခာရော၊ မိမိတို့နိုင်ငံခြားရေးဝန်ကြီးဌာန၏ သိက္ခာရော မြင့်သင့်သလောက် မမြင့်ဘူးဟု ပွင့်ပွင့်လင်းလင်းပြောရမည်ဖြစ်ပါကြောင်း။

**မိမိတို့နိုင်ငံ၏အဆင့်ကို သတ်မှတ်မည်**

ထို့ကြောင့် မိမိတို့ စိတ်ဓာတ်ကျစရာမရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရန် အခွင့်အရေးများ အများကြီးရှိမည် ဖြစ်ပါကြောင်း၊ လူငယ်များက ရှေ့တွင် ပြုပြင်ပြောင်းလဲရန် အချိန်အများကြီး ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရန် အချိန်ဆိုသည်မှာ ကိုယ်တစ်ယောက်တည်းအတွက် မဟုတ်ပါကြောင်း၊ ကိုယ့်နိုင်ငံအတွက်ဖြစ်ရမည်ဆိုသည်ကို သတိပေးလိုပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လုပ်ကိုင်နေသည့် ဝန်ထမ်းများသည် တခြားဝန်ကြီးဌာနများရှိ ဝန်ထမ်းများနှင့် မတူပါကြောင်း၊ မိမိတို့၏ အပြုအမူ၊ အနေအထိုင်၊ အပြောအဆိုကို ကြည့်ပြီး မိမိတို့နိုင်ငံ၏ အဆင့်ကို သတ်မှတ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်(၇၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်



ဒုတိယဝန်ကြီး ဦးကျော်တင်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်(၇၀) ပြည့် ဗိုလ်ချုပ်အောင်ဆန်း ပုံတူတံဆိပ်ခေါင်းကို အမှတ်တရလက်ဆောင် ပေးအပ်စဉ်

**သံတမန်တွေအပေါ် အများကြီးမူတည်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "အထူးသဖြင့် နိုင်ငံခြားရောက်သွားရင် သံရုံးဝန်ထမ်းများရဲ့ နေပုံထိုင်ပုံ၊ စားပုံသောက်ပုံ၊ တခြားသံတမန်များနဲ့ ဆက်ဆံပုံ၊ အိမ်ရှင်နိုင်ငံရဲ့အစိုးရနဲ့လည်း ဆက်ဆံပုံတွေကိုကြည့်ပြီး ကျွန်မတို့နိုင်ငံရဲ့ အဆင့်အတန်းကို သတ်မှတ်မှာပါ။ ဒီနိုင်ငံဟာ အဆင့်အတန်းရှိသလား၊ မရှိဘူးလား၊ ဒီနိုင်ငံရဲ့သံတမန်တွေအပေါ်မှာ အများကြီးမူတည်ပါတယ်။ ကျွန်မတို့နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ဝန်ထမ်းတွေဟာ ကိုယ့်အတွက်တင်မက ကိုယ့်နိုင်ငံအတွက် နေပေးနေရတာ ဖြစ်ပါတယ်။

"ဦးဆောင်နေတဲ့ အစိုးရအတွက် လုပ်ရတာလည်းဖြစ်ပါတယ်။ ဝန်ထမ်းဆိုတာ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ အစိုးရအတွက် လုပ်ရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီနည်းအရဆိုရင် ရွေးကောက်ပွဲတွေမှာ ကိုယ်ပေးချင်တဲ့သူကို မဲပေးလို့ရတယ်။ ထောက်ခံချင်တဲ့ ပါတီကိုထောက်ခံလို့ရတယ်။ သို့သော်လည်း ရွေးကောက်ပွဲပြီးလို့ တက်လာတဲ့အစိုးရကိုတော့ သစ္စာရှိရှိနဲ့ အလုပ်လုပ်ရမှာ ဝန်ထမ်းတိုင်းရဲ့တာဝန်ဖြစ်ပါတယ်။ ဒါကြောင့် ဝန်ထမ်းများဟာ အစိုးရခိုင်းတိုင်းလုပ်တယ်ဆိုတာ အပြစ်လို့ မမြင်ပါဘူး။

**လူငယ်များရဲ့အမြင်တွေကို မှန်မှန်ကန်ကန်တင်ပြနိုင်အောင် လမ်းဖွင့်**

"သို့သော်လည်း ဝန်ထမ်းများဟာ နိုင်ငံတော်အပေါ်မှာ သစ္စာရှိတယ်ဆိုရင် ပြောသင့်ပြောထိုက်တဲ့ကိစ္စများ၊ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စများကို ပြောရဲလုပ်ရဲရမှာ ဖြစ်ပါတယ်။ အထက်ကအရာရှိတွေကလည်း ကိုယ့်လက်အောက်ငယ်သားကို လိမ်လည်လှည့်ဖြားတာ မလုပ်ရဘူး။ လိမ်လည်လှည့်ဖြားတတ်အောင်လည်း မသင်ရဘူး။ ဌာနတစ်ခုဟာ မှန်မှန်ကန်ကန် ဖြူးဖြူးဖြောင့်ဖြောင့်နဲ့ နိုင်ငံတော်ရဲ့ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်မယ်ဆိုရင် ကျွန်မတို့အချင်းချင်း လှည့်ဖြားမှုဆိုတာ မရှိတော့ပါဘူး။ အခုခေတ်မှာ လူကြီးတွေကလည်း လူငယ်များရဲ့အမြင်တွေကို မှန်မှန်ကန်ကန်တင်ပြနိုင်အောင် လမ်းဖွင့်ပေးရမယ်"ဟု ပြောကြားသည်။

**ကိုယ့်လိပ်ပြာကိုယ်လုံရန် တိုက်တွန်း**

ဆက်လက်၍ မိမိတို့ နိုင်ငံခြားရေးဝန်ကြီးဌာနသည် နှစ် (၇၀) ခရီးကို ဖြတ်သန်းနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ထိုခရီးတစ်လျှောက် မည်သို့သော အတက်အကျများ ရှိရှိ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နာမည်ပျက်ခဲ့ခြင်းမရှိခဲ့ပါကြောင်း၊ အားလုံးသည် ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင် လုပ်မည်ဆိုလျှင် ပထမဦးဆုံးနိုင်ငံခြားရေးဝန်ကြီး ဖြစ်ခဲ့သည့် မိမိဖခင်၏ အဆိုတစ်ခုနှင့် နိဂုံးချုပ်ချင်ပါကြောင်း၊ "ကိုယ့်လိပ်ပြာ ကိုယ်လုံဖို့ လိုတယ်"။ မိမိတို့နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများသည် တာဝန်ရှိ သစ္စာသိသည့်နေရာတွင် ကိုယ့်လိပ်ပြာကိုယ်လုံရန် တိုက်တွန်းချင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်တင်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးအား နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်(၇၀)ပြည့် ဗိုလ်ချုပ်အောင်ဆန်း ပုံတူတံဆိပ်ခေါင်းကို အမှတ်တရလက်ဆောင်ပေးအပ်သည်။

**လက်ဆောင်ပစ္စည်း ပေးအပ်**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်တင်က စကားရည်လုပွဲ (ဒီဘိတ်) တွင် ပထမဆုနှင့် ဒုတိယဆုရရှိခဲ့သူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ်အတွင်း အငြိမ်းစားယူခဲ့သော ဝန်ထမ်းများကိုယ်စား ဝန်ထမ်းတစ်ဦးအား အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် နှစ်(၇၀) ပြည့်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန နှစ် (၇၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စကားရည်လုပွဲ (ဒီဘိတ်)ကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါဝန်ကြီးရုံးခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အားပေးခဲ့သည်။

**ပထမဆုံး တာဝန်ယူခဲ့သူ**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားဆက်ဆံရေးတာဝန်ကို ဆောင်ရွက်မည့် နိုင်ငံခြားရေးဌာန (Department of Foreign Affairs) ကို ၁၉၄၇ ခုနှစ် မတ် ၁၇ ရက်တွင် အစိုးရအမိန့် ကြော်ငြာစာ အမှတ် ၇၇ ဒီ(အမ်အမ်) ၄၇ ဖြင့် သီးခြားဌာနတစ်ခုအဖြစ် ဖွဲ့စည်းခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းက တာဝန်ယူခဲ့ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ပထမဆုံးတာဝန်ယူခဲ့သူဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာနကို လွတ်လပ်ရေးရပြီးချိန်တွင် နိုင်ငံခြားရေးရုံးတော် (Foreign Office) ဟု ခေါ်ဆိုခဲ့ပြီး ၁၉၆၇ ခုနှစ် မေ ၂၅ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန (Ministry of Foreign Affairs) ဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။

**ဝန်ထမ်း ၁၀၀၀ ကျော်နှင့် သံတမန်လုပ်ငန်းများ ဆောင်ရွက်နေ**

နိုင်ငံခြားရေးဝန်ကြီးဌာန တည်ထောင်ခဲ့သည့် နှစ်(၇၀)ပြည့်ချိန်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၄ နိုင်ငံနှင့် သံတမန်အဆက်အသွယ် ထူထောင်ထားနိုင်ခဲ့သည်။ သံရုံး ၃၅ ရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံး သုံးရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးခြောက်ရုံးထိ တိုးချဲ့ဖွင့်လှစ်ခဲ့ကာ ဦးစီးဌာနခုနစ်ခုထူထောင်ပြီး ဝန်ထမ်း ၁၀၀၀ ကျော်နှင့် သံတမန်လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**၂၃ ဦးမြောက် နိုင်ငံခြားရေးဝန်ကြီးဖြစ်**

နှစ်ပေါင်း ၇၀ အတွင်း နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဗိုလ်ချုပ်အောင်ဆန်းက စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်မှာ ၂၃ ဦးမြောက် နိုင်ငံခြားရေးဝန်ကြီးဖြစ်သည်။

**များစွာဂုဏ်ယူ**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်(၇၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် မိတ်ဆုံညစာစားပွဲတွင် ဒုတိယဝန်ကြီး ဦးကျော်တင်က "နိုင်ငံခြားရေးဝန်ကြီးဌာန တည်ထောင်ခဲ့တာ လွတ်လပ်ရေးမရခင်ကတည်းကပါ။ လွတ်လပ်ရေးမရခင်ကတည်းက စတင်ခဲ့တာ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနပဲ ရှိပါတယ်။ ဒါကတော့ နိုင်ငံခြားရေးရုံးအနေနဲ့ပါ။ အဆင့်ဆင့် နာမည်အမျိုးမျိုးပြောင်းခဲ့သော်လည်း စတင်တည်ထောင်ခဲ့တာ ၁၉၄၇ ခုနှစ် မတ်လ ၁၇ ရက်နေ့မို့ ဒီနေ့မှာ နှစ်(၇၀) တင်းတင်းပြည့်တဲ့နေ့ဖြစ်ပါတယ်။ ဒီလို နှစ်(၇၀) ပြည့် အခါသမယမှာ နိုင်ငံခြားရေးရုံးမှာ တာဝန်ထမ်းဆောင်နေတဲ့ အချိန်နဲ့ ကြုံကြိုက်တဲ့အတွက် များစွာဂုဏ်ယူပါတယ်။

"နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့ သက်တမ်းကာလဟာ နှစ်(၇၀) ခရီးအတွင်းမှာ ခေတ်အမျိုးမျိုးနဲ့ စနစ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံတော်ရဲ့အကျိုး၊ ပြည်သူတွေရဲ့အကျိုးကို ရှေ့တန်းကနေပြီး သံတမန်အနေနဲ့ ကာကွယ်စောင့်ရှောက်သယ်ပိုးလာခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အများကြီး ဂုဏ်ယူပါတယ်။

**မိသားစုမိတ်ဆုံစားပွဲ ကျင်းပခြင်းဖြစ်**

"ဒီနေ့ ဒီရက် ဒီအခါသမယမှာ ထူးခြားတာလေးတစ်ခုပြောချင်ပါတယ်။ ၁၉၄၇ ခုနှစ်တုန်းက အဲ့ဒီအချိန်တုန်းက နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့တာ ဗိုလ်ချုပ်အောင်ဆန်းပါ။ ၂၀၁၇ ခုနှစ် အခုအချိန်မှာလည်း နိုင်ငံခြားရေးဝန်ကြီးဌာနကို တာဝန်ထမ်းဆောင်နေတာ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်အတိုင်ပင်ခံ၊ နိုင်ငံခြားရေးဝန်ကြီးတာဝန်ထမ်းဆောင်နေတာ၊ ဒါကလည်း အင်မတန် ထူးခြားတဲ့ အခါသမယလည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီနေ့ဟာ နိုင်ငံခြားရေးမိသားစုတွေ၊ နောက်နိုင်ငံခြားရေးဝန်ထမ်းတွေထဲက ဒီနှစ်ထဲမှာ ပင်စင်ယူသွားတဲ့ ဝန်ထမ်းတွေအကုန်လုံး ဖိတ်ကြားပြီး ကျွန်တော်တို့အနေနဲ့ မိသားစု မိတ်ဆုံစားပွဲ ကျင်းပခြင်းဖြစ်ပါတယ်။

**အတွေ့အကြုံတွေကို မျှဝေ**

"ဒါပေမယ့် ဒီတစ်နေ့တည်း ကျင်းပတဲ့အခမ်းအနားမဟုတ်ဘဲနဲ့ နှစ်(၇၀)ပြည့် အထိမ်းအမှတ် တံဆိပ်ခေါင်းထုတ်ဝေတယ်။ နောက်ပြီး ဝန်ထမ်းတွေ အရည်အသွေး တောက်ပြောင်စေဖို့အတွက် အင်္ဂလိပ်ဘာသာနဲ့ စကားရည်လုပွဲတွေ လုပ်တယ်။ နောက်ပြီး လာမယ့် ဧပြီလဆန်းကစပြီးတော့လည်း နိုင်ငံခြားရေးရုံးမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝါရင့်တွေကနေပြီး သူတို့တာဝန်ထမ်းဆောင်ခဲ့တဲ့ ကာလအတွင်း အတွေ့အကြုံတွေကို ရှင်းလင်းပြောကြားခြင်းအားဖြင့် နောင်လာ နောက်သားတွေကို နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ဖြတ်သန်းလာတဲ့ ကာလအတွေ့အကြုံတွေကို မျှဝေတဲ့ အစီအစဉ်တွေလည်း ရှိပါတယ်။

**တိုးမြှင့်အကောင်အထည်ဖော်သွားဖို့ သန္နိဋ္ဌာန်ပြု**

"ဒီနေ့မှာ ဝန်ထမ်းတွေ၊ ဝန်ထမ်းငယ်တွေအတွက်ကို တာဝန်ထမ်းဆောင်နေကြတဲ့ အခြားသံရုံးဝန်ထမ်းတွေကနေပြီးတော့ စုပေါင်းပြီးတော့ ကံစမ်းမဲဖောက်တာတွေ၊ ပျော်ပွဲရွှင်ပွဲတွေ လုပ်ဖို့ရှိပါတယ်။ နောက်ပြီးတော့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းတွေ၊ မိသားစုတွေရဲ့ အနုပညာအစွမ်းပြဖို့အတွက် ပျော်ပွဲရွှင်ပွဲတွေလည်း ထည့်ထားပါတယ်။ ဒီနေ့က နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ထူးခြားတဲ့နေ့ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ဒီနေ့မှာ အားလုံးပျော်ရွှင်ကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုတောင်းပါတယ်။ ပြီးတော့လည်း နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းတွေအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေအကျိုးကို နိုင်ငံခြားရေးမူဝါဒနဲ့အညီ ဆတက်ထမ်းပိုး တိုးမြှင့်အကောင်အထည်ဖော်သွားဖို့အတွက် ကျွန်တော့်အနေနဲ့ ဒီမှာ သန္နိဋ္ဌာန်ပြုကြောင်း ပြောကြားလိုပါတယ်။ "ဟု ပြောကြားသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဝန်ထမ်းများအား တွေ့ဆုံ၊ ငြိမ်းချမ်းရေးတေးသီချင်းဆိုပြိုင်ပွဲနှင့် မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးများသို့ တက်ရောက်

**ရန်ကုန် မတ် ၁၇**

ပြောင်းလဲမှုကို မျက်ခြည်မပြတ်အောင် အကဲဖြတ်ပြီး ခေတ်နှင့်လျော်ညီစွာ လိုက်ပါပြောင်းလဲရန် လိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်နေကြသော ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ငြိမ်းချမ်းရေးတေးသီချင်းဆိုပြိုင်ပွဲ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အစိုးရအဖွဲ့သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူ အကောင်အထည်ဖော်ရာတွင် မူဝါဒအချို့ကို ထိုက်သင့်အားလျော်စွာ ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြောင်းလဲမှုယန္တရား၌ လျော်ညီစွာလိုက်ပါကျင့်သုံးရန် လိုအပ်ကြောင်း၊ ခေတ်စနစ်၊ နိုင်ငံရေးစနစ် ပြောင်းလဲမှုများသာမက နည်းပညာပြောင်းလဲမှုများတွင်လည်း လျော်ညီစွာ လိုက်ပါ ပြောင်းလဲစေလိုကြောင်း၊ ပြောင်းလဲမှုနှင့် လျော်ညီအောင် ဆောင်ရွက်တတ်သည့် အရည်အချင်းရှိသူများသာ အောင်မြင်မည်ဖြစ်၍ မိမိကိုယ်တိုင် တိုးတက်အောင် ဆောင်ရွက်သင့်ကြောင်း၊ မိမိတို့ကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နိုင်သကဲ့သို့ လုပ်ငန်းခွင် ဖွံ့ဖြိုးတိုးတက်ရေး၊ ထိုမှတစ်ဆင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ငြိမ်းချမ်းရေးတေးသီချင်းဆိုပြိုင်ပွဲ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ငြိမ်းချမ်းရေးတေးသံများ တိုင်းပြည်၌ ပြန့်ပွားနေလျှင် လူများ၏ စိတ်ဓာတ်နှလုံးသားများ၌ ငြိမ်းချမ်းရေးစိတ်ဓာတ်များ ကိန်းအောင်းလာမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတေးသီချင်းဆိုပြိုင်ပွဲကို စိတ်ဝင်စားစွာ၊ စိတ်အားထက်သန်စွာနှင့် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် ပညာရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ မြန်မာနိုင်ငံဂီတ အစည်းအရုံး (ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာ Pro တေးသီချင်း မူပိုင်ရှင်အသင်း ဥက္ကဋ္ဌ သုခမိန်လှိုင်၊ တေးသံရှင် နွဲ့ယဉ်ဝင်း၊ တေးရေး မြင့်မိုးအောင်၊ မင်းချစ်သူ၊ အောင်နိုင်စန်း၊ မေသော်၊ နောင်နောင် (ဆန်းဖလားဝါး)နှင့် တာဝန်ရှိသူတို့က အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ငြိမ်းချမ်းရေးတေးသီချင်းဆိုပြိုင်ပွဲ၏ ခေါင်းစဉ်မှာ "ငြိမ်းချမ်းရေးသံစဉ်" ဖြစ်ကာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အနုပညာဆုကြေးငွေများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# မဟာသင်္ကြန်ကာလ အလုပ်ပိတ်ရက် (၅) ရက် ပြင်ဆင်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**ကြေညာချက်အမှတ် ( ၁/၂၀၁၇ )**
**နေပြည်တော် ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်**
**( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက် )**

၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလ အလုပ်ပိတ်ရက် (၅) ရက် ပြင်ဆင်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ အလုပ်ရှင်များနှင့် အလုပ်သမားများအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်-

(က) ယခုအခါ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၁၀-၃-၂၀၁၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၃၁/၂၀၁၇ ဖြင့် ထုတ်ပြန်၍ မဟာသင်္ကြန်ကာလ နှစ်သစ်ကူးရုံးပိတ်ရက်များအား (၅)ရက် သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

(ခ) သို့ရာတွင် ယခင်ကပင် ကြိုတင်ပြင်ဆင်ထားရှိပြီး ခွင့်ပြန်လိုသည့်အလုပ်သမားများအတွက် ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလ တရားဝင်အလုပ်ပိတ်ရက်မှာ (၅)ရက်ဖြစ်သော်လည်း ကြိုတင်စီစဉ်ထားသည့် အစီအစဉ်များအတိုင်း အဆင်ပြေစွာ ဆက်လက်ဆောင်ရွက်နိုင်ရန် (၁၀)ရက်အဖြစ် ခွင့်ပြုသွားရန်ဖြစ်ပါသည်။

(ဂ) ထိုသို့ အစားထိုးခွင့်ပြုပေးမည့် (၅) ရက်အတွက်-

(၁) အလုပ်ရှင်နှင့် အလုပ်သမားများ နှစ်ဖက်ညှိနှိုင်း၍ သင့်တော်သည့် နည်းလမ်းဖြင့်သော်လည်းကောင်း၊

(၂) ဥပဒေနှင့်အညီ နှစ်ဖက်ညှိနှိုင်း၍ သင့်တော်သည့်နည်းလမ်းဖြင့်သော်လည်းကောင်း၊

(၃) သင့်တော်သည့် ခွင့်အမျိုးအစားအနေဖြင့်သော်လည်းကောင်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် ဖြစ်ပါသည်။


**အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

■ *ကျောဖုံးမှ*

ပစ်ကူယူတိုက်ခိုက်ခဲ့ရာ နံနက် ၁၀ နာရီခွဲခန့်တွင် သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်သည်။

တပ်မတော်အနေဖြင့် ပွိုင့်-၁၀၈၈ တောင်ကုန်းအား တိုက်ခိုက်သိမ်းပိုက်ခဲ့ရာတွင် တစ်ဖက်နိုင်ငံနှင့် မီတာ ၈၀၀ ခန့်အကွာ နှစ်နိုင်ငံနယ်စပ်နီးကပ်နေသဖြင့် အမြောက်၊ လက်နက်ကြီးများ၏ ပစ်ခတ်မှုများကို တစ်ဖက်နိုင်ငံသို့ ကျည်ကျော်ကျရောက်မှုမရှိစေရန် တိကျစွာတွက်ချက်ထိန်းချုပ်၍ စနစ်တကျပစ်ခတ်ထိန်းသိမ်းတိုက်ခိုက်ခဲ့ရသည့် တောင်ကုန်းတစ်ခုဖြစ်သည်။ ဖြစ်စဉ်တွင် MNDAA လက်နက်ကိုင်အဖွဲ့ထံမှ အလောင်း ခြောက်လောင်း၊ လက်နက်မျိုးစုံ ၁၆ လက်နှင့် ခဲယမ်းဆက်စပ်ပစ္စည်းအများအပြား သိမ်းဆည်းရမိခဲ့ပြီး မိမိ အရာရှိ၊ စစ်သည်အချို့ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လောက်ကိုင်-ရန်လုံကျိုင်း လမ်းကြောင်းအား အဓိကစိုးမိုးနေသည့် ပွိုင့်-၁၂၆၉ တောင်ကုန်းကိုလည်း တပ်မတော်က မတ် ၁၅ ရက်တွင် သိမ်းပိုက်ရရှိခဲ့ပြီးဖြစ်သဖြင့် ယခုအခါ လောက်ကိုင်မြို့တွင်းနှင့် ရန်လုံကျိုင်း နယ်စပ်ဂိတ်ကားလမ်းတစ်လျှောက် စိုးမိုးတောင်ကုန်းများတွင် နေရာယူထားသည့် MNDAA လက်နက်ကိုင်အဖွဲ့များကို




တပ်မတော်စစ်ကြောင်းများက ဖယ်ရှားပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် ဘီပီ ၁၂၅ နှင့် ဘီပီ ၁၂၆ အနီးတစ်ဝိုက် တောင်ကုန်းများတွင် ယာယီခြေကုပ်ယူအခြေပြုထားသည့် MNDAA လက်နက်ကိုင် အဖွဲ့များကိုလည်း တပ်မတော် စစ်ကြောင်းများက ဆက်လက်ရှင်းလင်း တိုက်ခိုက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကွတ်ခိုင်မြို့နယ်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးပေါ်၌ လက်နက်ကိုင်ပူးပေါင်းအဖွဲ့များက ဆက်ကြေးတောင်း ယာဉ်ကြောပိတ်ဆို့

**နေပြည်တော် မတ် ၁၇**

ကွတ်ခိုင်မြို့နယ် ဟန်ကိုင်ရွာနှင့် ခိုမုန်းရွာကြား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် (၂၅၈) အနီး၌ မတ် ၁၆ ရက် ညနေ ၄နာရီခွဲတွင် လက်နက်ကိုင်ပူးပေါင်းအဖွဲ့များက ဖြတ်သန်းသွားလာနေသည့် ယာဉ်ကြီး ခြောက်စီးခန့်အား လမ်းကန့်လန့်ခံ ရပ်တန့်စေပြီး ကားသော့နှင့် လက်ကိုင်ဖုန်းများ သိမ်းဆည်း၍ ယာဉ် ၁၀ စီးခန့်အား ဆက်ကြေးတောင်းခံခဲ့သဖြင့် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။ **(ဓါတ်ပုံ)**

နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များက ည ၇ နာရီတွင် သွားရောက်ရှင်းလင်းခဲ့ရာ မတ် ၁၇ ရက် နံနက် ၉ နာရီခွဲတွင် မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကလေးကွန်ပျူတာသင်တန်း နွားထိုးကြီး၌ ဖွင့်မည်

**နွားထိုးကြီး မတ် ၁၇**

နွေရာသီ ကလေးငယ်များအတွက် ကွန်ပျူတာသင်တန်း အခမဲ့ဖွင့်လှစ်ရန် နွားထိုးကြီးမြို့ရှိ အောင်ဘာအသိပညာ မြှင့်တင်ရာအိမ်မှ အောင်ဘာစင်တာက စီစဉ်နေသည်။

စတုတ္ထတန်းအဆင့်ရှိ ကလေးသူငယ်ကျောင်းသားများကို နွားထိုးကြီးမြို့တွင် ပထမဦးဆုံး ကွန်ပျူတာသင်ပေးခြင်း ဖြစ်သည်။ နွေရာသီတွင် ကလေးသူငယ်များကို အသုတ်နှစ်သုတ်ခွဲ၍ သင်ကြားပေးရန်ရှိကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

# နွေရာသီ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ငွေကျပ် ၃၀ ဘီလီယံ ခွဲဝေသုံးစွဲရန် သဘောတူအတည်ပြု



**နေပြည်တော် မတ် ၁၇**

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၃၀ ဘီလီယံ ခွဲဝေသုံးစွဲရန် လွှတ်တော်က သဘောတူ အတည်ပြုလိုက်သည်။

**“နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင် စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၃၀ ဘီလီယံ ခွဲဝေသုံးစွဲမည့်ကိစ္စရပ်”** နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဓာတ်အားပေးစက်ဝယ်ယူ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်အသုံးပြုခြင်းနှင့် ငှားရမ်းအသုံးပြုခြင်း နည်းလမ်းများသည် အားသာချက်နှင့် အားနည်းချက်များ အသီးသီးရှိကြသဖြင့် လတ်တလောအနေအထားအရ ယခုတင်ပြပါ ဓာတ်အားထုတ်စက် ဝယ်ယူသုံးစွဲခြင်းနည်းလမ်းကို ဆောင်ရွက်ရန် လျာထားခဲ့ခြင်းဖြစ်ပြီး နိုင်ငံ၏ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းစဉ်များအရ ကာလတိုစီမံချက်အနေဖြင့် ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဓာတ်အားပေးစက် ဝယ်ယူရေးဆောင်ရွက်ရာတွင် ပစ္စည်းမှန် ဈေးမှန်ရရှိရေးနှင့် စက်အသစ်ဖြစ်ရေးအတွက် မူရင်းထုတ်လုပ်သည့် ကုမ္ပဏီသို့ တိုက်ရိုက်ဆက်သွယ် ညှိနှိုင်းဝယ်ယူသွားမည်ဖြစ်ပြီး ရေရှည်အတွက် ဓာတ်ငွေ့သုံးစွဲပြီး ဓာတ်အားထုတ်လုပ်ကာ တစ်နိုင်ငံလုံးရှိ မဟာဓာတ်အားစနစ်ရောက်ရှိသည့် နေရာတိုင်း၊ မြို့ရွာတိုင်းမှ သုံးစွဲခွင့်ရရှိ မည်ဖြစ်ပါကြောင်း။

Yangon Fund Co.,ltd သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လုပ်ငန်းစီမံကိန်းများ (Project Financing) အတွက် ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ လိုအပ်သော ငွေကြေးရှာဖွေခြင်းနှင့် ကျခံသုံးစွဲခြင်း၊ ချေးငွေရယူခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်းစသည့် ငွေပေးငွေယူကိစ္စများကို အစိုးရအဖွဲ့ကိုယ်စား ဆောင်ရွက်မည့် ကုမ္ပဏီဖြစ်ပါကြောင်း၊ Special Purpose Vehicle ခေါ် အလယ်အလတ် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ အက်ဥပဒေအရ ဖွဲ့စည်းထားသော အစိုးရအစုရှယ်ယာ ၁၀၀ ရာခိုင်နှုန်းပါဝင်သည့် ကုမ္ပဏီဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပစ္စည်းများဝယ်ယူရာတွင် ကြားပွဲစားကုမ္ပဏီများကို အကျိုးဆောင်ခပေး၍ ငှားရမ်းရခြင်း မပြုလုပ်ရစေရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက Budget Allocation နှင့် ပတ်သက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအနေဖြင့် အမြတ်ရရှိသော်လည်း အသုံးစရိတ်သုံးစွဲနိုင်ရန်မှာ ဘတ်ဂျက် တွင် လျာထားမှသာ သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ မီးစက်နှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ဘတ်ဂျက်တွင်လည်းကောင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ဘတ်ဂျက်တွင်လည်းကောင်း ပါဝင်ခဲ့ခြင်း မရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ဤအသုံးစရိတ်ကို တာဝန်ခံသုံးစွဲရမည်ဖြစ်ပြီး ပြည်သူ့ဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်ကိုလည်း တာဝန်ယူ ထိန်းသိမ်းလည်ပတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။ အဆိုပါကိစ္စရပ်သည် လုပ်ငန်းလိုအပ်ချက်အရ မဖြစ်မနေ သုံးစွဲသင့်သည့် အထူး ကိစ္စရပ်တွင် အကျုံးဝင်သည့် ကိစ္စရပ်ဖြစ်ပါသဖြင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၄(က)နှင့်အညီ ပြည်ထောင်စု အစိုးရအဖွဲ့၏ ထောက်ခံချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရရှိနိုင်ရန် တင်ပြရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက စက်ခလုတ်အသုံးပြု၍ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်းကြေညာသည်။

**“နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဖောင်းပြင် - ပင်လည်ဘူးကားလမ်း ၂၉ မိုင်(လမ်းသစ်) အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၅၅၇၅ သန်းခွဲဝေသုံးစွဲမည့်ကိစ္စရပ်”** နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖောင်းပြင်-ပင်လည်ဘူး လမ်းအား ရာသီမရွေးသွားလာနိုင်ရန်အတွက် ၂၉ မိုင်ကို အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ် ၅၅၇၅ သန်းအား သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲမည့်ကိစ္စရပ်သည် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၄(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်တွင် အကျုံးဝင်ပါသဖြင့် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ကိုက်ညီပါကြောင်း၊ အထူးကိစ္စရပ်ဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူနိုင်ရန် တင်ပြခြင်း ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက စက်ခလုတ်အသုံးပြု၍ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

**“နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် ရှမ်းပြည်နယ် တောင်ပိုင်းရှိ ကျေးရွာ ၄၁၆ ရွာသို့ လျှပ်စစ်ဓာတ်အားပေးနိုင်ရေးဆောင်ရွက်ရန် ဂျာမနီနိုင်ငံ KfW Development Bank ထံမှ ယူရို ၂၃ ဒသမ ၈၈၃ သန်း ချေးယူရန်ကိစ္စ”** နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းပြောကြားကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက စက်ခလုတ်အသုံးပြု၍ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

**“နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ကမ္ဘာ့ဘဏ်၏ ချေးငွေအစီအစဉ်အောက်မှ Development Policy Operation (DPO) ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးယူရန် ကိစ္စနှင့်စပ်လျဉ်း၍ ”** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက စက်ခလုတ်အသုံးပြု၍ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူအတည် ပြုကြောင်း ကြေညာသည်။

၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ ဥပဒေအ ကြောင်းအရာများ၊ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီတို့က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်းရာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြင်ဆင်အဆိုပြုချက်များအတိုင်း သဘောတူသဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။ ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ဥပဒေကြမ်းတစ်ရပ်လုံးအား လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်စတုတ္ထပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**မော်စီ၊ အေးသက်ဇင်(သတင်းစဉ်)**

---

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သူနာပြုသားဖွားကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ပေးရန် တာဝန်ပေးအပ်ထားသည့်အဖွဲ့မှ သတင်းထုတ်ပြန်ကြေညာချက်

**ရန်ကုန် မတ် ၁၇**

၁။ ပြည်သူ့ဆေးရုံကြီးများရှိ သူနာပြုအင်အားမှာ လွန်စွာလျော့နည်းနေပါသဖြင့် ကုသမှုခံယူနေသော ပြည်သူလူထု၏ ကျန်းမာရေးအကျိုးကို ရှေးရှု၍ နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ် တာဝန်ထမ်းဆောင်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ကုသရေးဦးစီးဌာန၏(၁-၂-၂၀၁၇)ရက်စွဲပါစာအမှတ် ကုသရေး/ပုဂ္ဂလိက/၂၀၁၇(၀၈၁)ဖြင့် ထုတ်ပြန်ထားသော ပုဂ္ဂလိကဆေးရုံများတွင် သူနာပြုတက္ကသိုလ်/သူနာပြုသားဖွားသင်တန်းကျောင်းများမှ စာချုပ်ဖောက်ဖျက်သော သူနာပြုနှင့် သားဖွားများ ခန့်ထားခြင်းမပြုရန် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းသို့ အကြောင်းကြားသည့် စာနှင့်ပတ်သက်၍ (၁၅-၃-၂၀၁၇)နေ့တွင် ရန်ကုန်သူနာပြုတက္ကသိုလ်နှင့် ရန်ကုန်သူနာပြုသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပွဲပြုလုပ်ခဲ့ကြပါသည်။

၂။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ (၁၆-၃-၂၀၁၇) ရက်နေ့တွင် သူနာပြု သားဖွားကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ပေးရန် တာဝန်ပေးအပ်သည့်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၃။ ၎င်းတို့တောင်းဆိုထားသည့် လိုင်စင် လက်ဝယ်ကိုင်ဆောင်နိုင်ရေး အတွက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ နိုင်ငံ့တာဝန် ထမ်းဆောင်သူများအား လက်ဝယ်ကိုင်ဆောင်ခွင့် ပြုမည်ဖြစ်ပါသည်။

၄။ သူနာပြုတက္ကသိုလ်ဝင်ရောက်စဉ် စာချုပ်ချုပ်ဆိုခဲ့သည့် ကတိအတိုင်း နိုင်ငံ့တာဝန်ကို မပျက်မကွက် ထမ်းဆောင်ရန် ညှိနှိုင်းသဘောတူခဲ့ပါသည်။

၅။ (၁၅-၃-၂၀၁၇) ရက်နေ့တွင် ရန်ကုန်-သူနာပြုတက္ကသိုလ်နှင့် ရန်ကုန်သူနာပြုသင်တန်းကျောင်းမှ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြသူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အရေးယူရန်မရှိကြောင်း သတင်း ထုတ်ပြန်အပ်ပါသည်။

၆။ သူနာပြု/သားဖွားများသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေနှင့် ချမှတ်ထားသော ကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

၇။ နောက်နောင်အလားတူ အရေးကိစ္စရပ်များ ပေါ်ပေါက်လာပါက ဌာနတွင်းမိသားစုသဖွယ် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သူနာပြု/သားဖွားများ၏ လုပ်ငန်းခွင် ပျော်ရွှင်သာယာရေးနှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဦးစားပေးအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သူနာပြု/သားဖွားကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့်အဖွဲ့**

| | | |
|---|---|---|
| ၁။ ဒေါက်တာဌေးအောင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ဖုန်း၀၉-၄၄၂၀၀၁၇၁၇ | အဖွဲ့ခေါင်းဆောင် |
| ၂။ ဒေါက်တာသာထွန်းကျော် | တိုင်းဒေသကြီးကုသရေး<br>ဦးစီးဌာနမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>ကုသရေးဦးစီးဌာန<br>ဖုန်း ၀၉-၄၉၃၀၇၀၃၉ | ဒုတိယ<br>အဖွဲ့ခေါင်းဆောင် |
| ၃။ ဒေါ်ခင်မာကြည် | ညွှန်ကြားရေးမှူး(သူနာပြု)<br>ကုသရေးဦးစီးဌာန<br>ဖုန်း၀၉-၅၀၅၉၂၃၁ | အဖွဲ့ဝင် |
| ၄။ ဒေါ်ဌေးဌေးလှိုင် | ညွှန်ကြားရေးမှူး(သူနာပြု)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ဖုန်း၀၉-၄၃၀၃၈၀၄၅ | အဖွဲ့ဝင် |
| ၅။ ဒေါ်တင်တင်ဌေ | လက်ထောက်ညွှန်ကြားရေးမှူး<br>(သူနာပြု)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ဖုန်း ၀၉-၂၆၀၅၁၃၅၀၅ | အဖွဲ့ဝင် |
| ၆။ ဒေါ်ဖြူဖြူ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသူနာပြုနှင့်<br>သားဖွားကောင်စီ<br>ဖုန်း ၀၉-၄၅၀၀၄၁၉၉၇ | အဖွဲ့ဝင် |
| ၇။ ပါမောက္ခဒေါ်ရင်မြ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသူနာပြုနှင့်<br>သားဖွားအသင်း<br>ဖုန်း၀၉-၄၂၀၃၉၄၅၇ | အဖွဲ့ဝင် |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပပြီးစီး

## ဒေသသို့ ပြန်လည်ရောက်ရှိသည့်ကာလအတွင်း ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်

**နေပြည်တော် မတ် ၁၇**

ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း ၉၂ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၃၄၉ ခု ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောကြားသည်။

ယနေ့ ညနေ ၃ နာရီတွင် ကျင်းပသည့်ပြည်သူ့လွှတ်တော်အစည်းအဝေး ၁၉ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆို ၁၄ ခုတင်သွင်းနိုင်ခဲ့ပြီး အတည်ပြု အဆို ၆ ခု၊ မှတ်တမ်းတင်အဆို ငါးခုနှင့် ဆက်လက်ဆွေးနွေးရန်အဆို သုံးခုကျန်ရှိပါကြောင်း၊ ဥပဒေကြမ်းများအနေဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၁၉ ခု ရှိပြီး ဥပဒေကြမ်း ၉ ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဥပဒေကြမ်း ၁၀ ခု ဆောင်ရွက်ရန် ကျန်ရှိပါကြောင်း၊ အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော်ကော်မတီ ၁၄ ခု သက်တမ်းတိုးမြှင့်ခြင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၄ ဦးကို ကော်မတီအဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခြင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးကို ကော်မတီအဖွဲ့ဝင်များအဖြစ် အစားထိုး လဲလှယ်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကို ကော်မတီပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၈ ဦးကို ကော်မတီအသီးသီးနှင့် လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခြင်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

ထို့ပြင် ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ဖြစ်သည့် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်များကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကိုယ်စားလှယ်များတွင် အဓိကတာဝန်ရှိပါကြောင်း၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လွှတ်တော်၏ စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းလိုက်နာပြီး မဲဆန္ဒရှင် ပြည်သူများ၏ မျှော်လင့်ချက်များနှင့် ဆန္ဒများကို တာဝန်ကျေပွန်စွာ ဆက်လက်ထမ်းဆောင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် စေတနာကောင်းတစ်ခုတည်းဖြင့် မအောင်မြင်နိုင်သည်ကို အမြဲသတိပြုကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ပညာ၊ ဗဟုသုတ၊ အတွေ့အကြုံ ဆင်ခြင်တုံတရားတို့ဖြင့် ကောင်းမွန်သည့်လုပ်ဆောင်မှုများနှင့် မှန်ကန်သည့် လုပ်နည်းလုပ်ဟန်များကို ပေါင်းစပ်အသုံးချနိုင်မှသာ နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားတို့အတွက် အကျိုးရှိသည့် ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည့် အထူးကိစ္စမှာ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်ဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိရန် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှု အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှု၊ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှုများဖြင့် ပြည်ထောင်စုအကျိုးကို မျှော်ကိုး၍ ညှိနှိုင်းဆွေးနွေး အဖြေရှာကြမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒေသအသီးသီးသို့ ပြန်လည်ရောက်ရှိသည့်ကာလအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ဒေသနယ်ပယ်အလိုက် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေး ကဏ္ဍများ တည့်မတ်မှန်ကန်ရေးအတွက် (Parliamentary Oversight) အဖြစ် လွှတ်တော်က စောင့်ကြည့်ထိန်းညှိပေးကြရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၁ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်း ပြုလုပ်ပေးကြရန် ( Check & Balance) အပြန်အလှန်ထိန်းကျောင်းခြင်းပြုသောနေရာတွင် လုပ်ပိုင်ခွင့်ဘောင်ကိုကျော်လွန်၍ ဝင်ရောက်စွက်ဖက်သည့် ပုံစံမျိုးမဖြစ်စေရေး သတိပြုဆောင်ရွက်ကြရန်နှင့် ပြည်သူကယုံကြည်အားကိုး တန်ဖိုးထားလေးစားသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်အောင် အစဉ်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် **ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ၏ ခေါင်လန်ဖူးမြို့နယ်တွင် အရည်အချင်းရှိသည့် ပညာရေးဝန်ထမ်းများ၊ တိုးမြှင့်ချထားပေးရန် အစီအစဉ်ရှိ ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန **ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း**က လုပ်ငန်းခွင်ရှိ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား အရည်အသွေး ပြည့်ဝစေရန် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာဦးစီးဌာန၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့ ပူးပေါင်း၍ အရည်အသွေးမြှင့်မားရေးသင်တန်းများနှင့် သက်ဆိုင်ရာတက္ကသိုလ်များ အလိုက် မွမ်းမံသင်တန်းများ ကျင်းပပေးပြီး အရည်အချင်းနှင့် အရည်အသွေး မြင့်မားစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းများတွင် လစ်လပ်လျက်ရှိသည့် ဆရာဆရာမများနှင့် ပညာရေးဝန်ထမ်းများ ခန့်ထားရာတွင် ဒေသခံများကို ဦးစားပေးခန့်ထားသည့်မူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ဒေသခံများမရှိမှသာ အခြားဒေသများမှ ပညာရေးဝန်ထမ်းများကို ၎င်းတို့၏ ဆန္ဒပြုလျှောက်ထားသည့် အပေါ်မူတည်၍ ရွေးချယ် ခန့်ထားပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ခေါင်လန်ဖူးမြို့နယ်အတွင်း အရည်အချင်းပြည့်ဝသည့် ဆရာဆရာမများကို အရေအတွက်သာမကရှိရင်းစွဲ ဆရာ ဆရာမများကိုပါ အရည်အသွေးမြင့်မားရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ရမည်းသင်း မဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း၏ **ရမည်းသင်းမြို့ နည်းပညာတက္ကသိုလ် သံကူကွန်ကရစ် ပင်မ (၃) ထပ်ဆောင်အား (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ နည်းပညာတက္ကသိုလ်(ရမည်းသင်း) သံကူကွန်ကရစ် သုံးထပ်ဆောင်ကို ၂၀၁၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ပြီး ရရှိခဲ့သည့် ဘဏ္ဍာအခြေအနေအရ ၆၅ ဒသမ ၇၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ ယခုနှစ် ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေခွဲဝေရရှိခြင်းမရှိသည့်အတွက် ဆက်လက် ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း၊ အဆိုပါ သုံးထပ်ဆောင် အပြီးသတ် ဆောက်လုပ်ပေးနိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ လျာထားမှုတွင် ထည့်သွင်းတင်ပြထားပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၏ ဆစ်(ခ်) လူမျိုးများအတွက် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် အောင်လက်မှတ်များတွင် ခေါင်းပေါင်းပါသည့် ဓာတ်ပုံများ ဆက်လက်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ရှင်းလင်းဖြေကြားသည်။

ယင်းနောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန **ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ အင်တောမြို့နယ်ခွဲ ကျောက်ဂူကျေးရွာတွင် ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ **ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ ဒက္ခိဏသီရိမြို့နယ်ရှိ မန်ကျီးကုန်း၊ ပိတောက်ကုန်း၊ ဝွေးတောက်ရိုး၊ ဆည်စု၊ သာယာစု၊ ရွှေခဲအင်း၊ ကျွဲတဲနှင့် ကျောက်ခဲအင်းကျေးရွာများ လျှပ်စစ်မီးလင်းရေးမည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်း၊ **ရှာငံ မဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၏ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဝါးပိုးရေ၊ ညောင်ခြေထောက်၊ သက်ကယ်လွင်၊ ယစကြီး၊ ဂနိုင်ယား၊လင်းလေအင်း၊ မဲနယ်တောင်ကျေးရွာများအား လျှပ်စစ်မီးရရှိရေးအတွက် ကူညီဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် **မောက်မယ်မဲဆန္ဒနယ်မှ ဦးဆိုင်းဝေါင်းဆိုင်ဟိန်း၏ မိုးနဲမြို့ ဓာတ်အားခွဲရုံမှ သွယ် တန်းရယူထားသော (၁၁ ကေဗွီအေ) ဓာတ်အားလိုင်း နေ့စဉ်ရက်ဆက် ဓာတ်အားပြတ်တောက်မှုကို မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်နည်းနှင့် လင်းခေးမြို့နယ် နန့်တွန်းဓာတ်အားခွဲစက်ရုံမှ သွယ်တန်းရယူမည့် (၃၃ ကေဗွီအေ)ဓာတ်အားလိုင်းအား ဆောင်ရွက်ပြီးစီးမှုကို သိလိုခြင်း** မေးခွန်းတို့ကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။

**မင်းဝေမွှေး(သတင်းစဉ်)**

# အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် မတ် ၁၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့ ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ တိုင်းရင်းသားရေးရာကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီ၊ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပညာရေးမြှင့်တင်မှု ကော်မတီ၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို လွှတ်တော်က အတည်ပြုရန် သက်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များက တင်သွင်းကြသည်။

လွှတ်တော် ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူပြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်က အပြုသဘောဖြင့် အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် ကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက တင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ အမျိုးသားလွှတ်တော်၌ ဖွဲ့စည်းထားသည့် အခြားသော ကော်မတီ ၁၂ ခု၏ သက်တမ်းမှာတစ်နှစ်ပြည့်မြောက်ပြီဖြစ်၍ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၇ အရ နောက်ထပ်သက်တမ်းတစ်နှစ် တိုးမြှင့်သတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေး ကြေညာသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်သို့ နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးများ အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်သို့ နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စတုတ္ထပုံမှန် အစည်းအဝေးကာလအတွင်း မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းတို့အပြင် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ ဘတ်ဂျက်နှင့် အခွန်အကောက်ဆိုင်ရာများအား ဆွေးနွေးစိစစ်ခြင်း ကိစ္စရပ်များကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးပြီးဆုံး၍ မိမိတို့၏ မဲဆန္ဒနယ်မြေ အသီးသီးသို့ ပြန်လည် ရောက်ရှိသည့်အခါတွင် နယ်မြေဒေသ ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ပြည်သူလူထု၏ မျှော်လင့်ချက်များ၊ ဆန္ဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် မဲဆန္ဒရှင် ပြည်သူများနှင့်တွေ့ဆုံပြီး ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သူရဇော်၊ မီမီဖြိုး၊ နန်းသဉ္ဇာထွေး (သတင်းစဉ်)**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် မတ် ၁၇**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်း(၃/၂၀၁၇)အခမ်းအနားကို နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇)တွင် ယနေ့ မတ် ၁၆ ရက် နံနက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်က အမှာစကားပြောကြားပြီး တရားမဝင်ဓာတ်အားသုံးစွဲမှုများ စစ်ဆေးဆောင်ရွက်မှုအခြေအနေ၊ မြောက်ဦး-မင်းပြားဓာတ်အားလိုင်းနှင့် မင်းပြားဓာတ်အားခွဲရုံ စီမံကိန်းများအခြေအနေ၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိရေးအတွက် ဆောင်ရွက်မှုအခြေအနေ၊ CNG ဖြန့်ဖြူးမှုနှင့် CNG သုံး ယာဉ်များ တိုးမြှင့် တပ်ဆင်ပေးမှုအခြေအနေ၊ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းမှ ထွက်ရှိသည့် စက်သုံးဆီများ ဈေးနှုန်းအရှင်ဖြင့် ရောင်းချပေးမှုအခြေအနေ၊ တိုင်းဒေသကြီး / ပြည်နယ်အလိုက် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ခွင့်ပြုထုတ် ပေးခဲ့မှုအခြေအနေ၊ ၂၀၁၇ ခုနှစ် နွေရာသီတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်မှုအခြေအနေ၊ Franchises ကုမ္ပဏီများနှင့် ဆောင်ရွက်မှုအခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကုန်သည်စက်မှုအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။ တင်ပြချက်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို သတင်းမီဒီယာများမှ မေးမြန်းရာ ဒုတိယအမြဲတမ်း အတွင်းဝန် ဦးဌေးအောင်နှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းတို့က ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်း/ပြည်ပ ရုပ်သံနှင့် သတင်းမီဒီယာများမှ သတင်းတာဝန်ခံများ ၂၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**





# မြန်မာလွှတ်တော်နှင့် International IDEA တို့အကြား နားလည်မှု စာချွန်လွှာ (MoU) ရေးထိုးဆောင်ရွက်သွားနိုင်ရေးဆွေးနွေး

**နေပြည်တော် မတ် ၁၇**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် International IDEA မှ မြန်မာဌာနေ ကိုယ်စားလှယ် Mr. Mark McDowell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာလွှတ်တော်နှင့် International IDEA တို့အကြား နားလည်မှု စာချွန်လွှာ(MoU) ရေးထိုးဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် စွမ်းဆောင်ရည်မြှင့်မား တိုးတက်စေရေး ဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြင်ဆင်ဖတ်ရှုပါရန်**

မတ် ၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြခဲ့သော နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအချုပ်ပို (၉)၏ အပေါ်ထိပ်ပုံစာတွင် **ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့်အဖွဲ့ ဆွေးနွေးစဉ်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(မြန်မာ့အလင်း)**

# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် မတ် ၁၇**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ၈-၃-၂၀၁၇ ရက်မှ ၁၇-၃-၂၀၁၇ ရက်အထိ နိုင်ငံတစ်ဝန်း ကျင်းပခဲ့သည်။

အဆိုပါစာမေးပွဲတွင် နိုင်ငံခြားရှိ မြန်မာနိုင်ငံသံရုံးများ၌ စာစစ်ဌာန ၁၇ ခု၊ မြန်မာနိုင်ငံတွင် ၁၅၇၇ ခု စုစုပေါင်းစာစစ်ဌာန ၁၅၉၄ ခု၌ ကျင်းပခဲ့သည်။

နိုင်ငံခြားစာစစ်ဌာန ၁၇ ခုတွင် ဖြေဆိုရန် စာရင်းသွင်းဦးရေ ၁၇၄ ဦးရှိပြီး နေပြည်တော်တွင်စာစစ်ဌာနပေါင်း ၃၉ ခုမှ စာရင်းသွင်းဦးရေ ၂၀၇၆ ဦးရှိသည်။ ရန်ကုန်တိုင်းဒေသကြီးတွင်စာစစ်ဌာနပေါင်း ၂၁၇ ခုမှ စာရင်းသွင်းဦးရေ ၁၁၄၂၃၇ ဦး၊ နိုင်ငံခြားစာစစ်ဌာနများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနများအပါအဝင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းသွင်းသူမှာ စုစုပေါင်း ၇၆၇၄၂၂ ဦးအနက် ၇၁၆၂၁၆ ဦးဖြေဆိုခဲ့သည်။

ဆေးရုံဖြေစာစစ်ဌာနများအဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးစာစစ်ဌာန၌ လူနာစာဖြေသူ ခြောက်ဦး၊ မြောက်ဥက္ကလာပဆေးရုံကြီးတွင် လူနာလေးဦးနှင့် ဗဟိုအမျိုးသမီးဆေးရုံကြီးစာစစ်ဌာနနှင့် မြောက်ဥက္ကလာပ (ဝေဘာဂီ) ကူးစက်ရောဂါကုဆေးရုံစာစစ်ဌာနတို့တွင် လူနာစာဖြေသူမရှိကြောင်း သိရသည်။

နိုင်ငံခြားစာစစ်ဌာန စင်ကာပူနိုင်ငံတွင် ဖြေဆိုသူ တစ်ဦးအပါအဝင် မြန်မာတစ်ပြည်လုံး၌ စိတ်ကြိုက်မြန်မာစာဘာသာတွဲဖြေဆိုသူ သုံးဦးစာရင်းတင်သွင်းထားခဲ့သည်။

အခြားတိုင်းဒေသကြီး / ပြည်နယ်များ၌ ဆေးရုံဖြေဆိုသူများမှာ နေပြည်တော်နှင့်ကချင်ပြည်နယ်တို့တွင် ခြောက်ဦးစီ၊ ကယားပြည်နယ်တွင် နှစ်ဦး၊ ကရင်ပြည်နယ်တွင် တစ်ဦး၊ ချင်းပြည်နယ်တွင် နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ခြောက်ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင်နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းတွင်သုံးဦး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းတွင်နှစ်ဦး၊ မကွေးတိုင်းဒေသကြီးတွင်၁၀ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်ဦး၊ မွန်ပြည်နယ်တွင်နှစ်ဦး၊ ရခိုင်ပြည်နယ်တွင် ၁၅ ဦး၊ ရန်ကုန်တိုင်း ဒေသကြီးတွင် ကိုးဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင်တစ်ဦး၊ တောင်ပိုင်းတွင်သုံးဦး၊ မြောက်ပိုင်းတွင် နှစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၁၂ ဦး စုစုပေါင်း ၈၆ ဦးရှိသည်။

အင်းစိန်ဗဟိုအကျဉ်းထောင် စာစစ်ဌာနတွင် စာဖြေသူ ၂၈ ဦး၊ အိုးဘိုဗဟိုအကျဉ်းထောင်စာစစ်ဌာနတွင် ၁၂ ဦး၊ သာယာဝတီအကျဉ်းထောင်တွင် တစ်ဦးနှင့် ဘားအံအကျဉ်းထောင်တွင် တစ်ဦး၊ ပေါက်မြို့မရဲစခန်းအချုပ်တွင် နှစ်ဦး၊ မကွေးမြို့သစ်ရဲစခန်းအချုပ်တွင် တစ်ဦး စုစုပေါင်း ၄၅ ဦးမှာ အားလုံးဖြေဆိုခဲ့သည်။ ရခိုင်ပြည်နယ်အတွင်းတွင် စာရင်းပေးသွင်းသူ ၄၂၆၀၄ ဦးမှ ၃၈၄၃၆ ဦးဖြေဆိုခဲ့သည့်အပြင် စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ သံတွဲတို့တွင်စုစုပေါင်းစာရင်းသွင်းဦးရေ ၂၆၂၃ ဦးရှိသည့်အနက် စာဖြေသူ ၁၈၈၈ ဦးဖြေဆိုခဲ့ကြပါသည်။ ကချင်ပြည်နယ်စာစစ်ဌာနများတွင် စာရင်းသွင်းသူဦးရေ ၃၂၈၄၇ ဦးရှိသည့်အနက် ၃၀၆၃၇ ဦးဖြေဆိုကြသည်။

ရန်ကုန်တိုင်းဒေသကြီးအထက (ခွဲ) အလက (၁၂) အင်းစိန်စာစစ်ဌာနတွင် မျက်မမြင် စာဖြေသူ ခုနစ်ဦးနှင့် အထက(၂) ကြည့်မြင်တိုင် စာစစ်ဌာနတွင်လည်း မျက်မမြင်စာဖြေသူ ရှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ငါးဦး၊စစ်ကိုင်းတိုင်းဒေသကြီးတွင် လေးဦး စုစုပေါင်း ၂၄ ဦးတို့ ဝင်ရောက်ဖြေဆိုခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအထက(၂) ဒဂုံစာစစ်ဌာနတွင် ဆွံ့အနားမကြားစာဖြေသူ ၁၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် အထက(၂၈)တွင် ဆွံ့အနားမကြားစာဖြေသူကိုးဦးအနက် တစ်ဦးပျက်ကွက်ခဲ့သဖြင့် ရှစ်ဦး စုစုပေါင်း ၁၉ ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုယ်လက်အင်္ဂါမသန်စွမ်းစာဖြေသူ စုစုပေါင်း ၃၂ ဦး၊ အခြားတိုင်းဒေသကြီး / ပြည်နယ်များမှ ၆၉ ဦး စုစုပေါင်း ၁၀၁ ဦးဖြေဆိုခဲ့ပြီး မြဝတီမြို့တွင် ရွှေ့ပြောင်းမိသားစုများမှ တက္ကသိုလ်ဝင်စာမေးပွဲကိုစာရင်းပေးသွင်းသူ ၁၀၆ ဦးမှ ၁၀၃ ဦးဝင်ရောက်ဖြေဆိုခဲ့သည်။

ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်မြို့ အထက(၂)ဒဂုံနှင့် မန္တလေးမြို့ အထက(၂၈)တွင် ဝင်ရောက်ဖြေဆိုကြသောဆွံ့အနားမကြားစာဖြေသူများအတွက် စာမေးပွဲမဖြေဆိုမီ ၁၀ မိနစ်တွင် စာဖြေသူများလိုက်နာရန် စည်းကမ်းကိုလည်းကောင်း၊ စာမေးပွဲစတင် ဖြေဆိုသည်မှ ၁၀ မိနစ်အတွင်းမေးခွန်းဖတ်ပြခြင်းကို လည်းကောင်း လူမှုဝန်ထမ်းသင်တန်းကျောင်းမှ ဆရာ ဆရာမများက (Sign Language) ဖြင့် ရှင်းပြခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်စာစစ်ဌာနတွင် စာဖြေသူ ၁၀၀ စာရင်းတင်သွင်းထားပြီး ၈၁ ဦးလာရောက်ဖြေဆိုကာ တစ်ဦးမှာ လောက်ကိုင်ဆေးရုံတွင် ဖြေဆို၍ အထက၊ ကွမ်းလုံတွင် ငါးဦးဖြေဆိုရာ စုစုပေါင်း ၈၇ ဦးဖြေဆိုခဲ့ပြီး ၁၃ ဦးလာရောက် ဖြေဆိုခြင်းမရှိခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပပြီးစီး

**ဟားခါး မတ် ၁၇**

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးဇိုဘွဲ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၀ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထန်တလန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမူထန်နှင့် ပလက်ဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကံတင့်တို့က မေးခွန်းလေးခုကို မေးမြန်းခဲ့ကြရာ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ဆက်လက်၍ အစည်းအဝေးပထမနေ့တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်သုံးဦးက တင်သွင်းခဲ့သော အဆိုသုံးခုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် အစည်းအဝေးပထမနေ့တွင် ချင်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ၊ တင်ဒါပိုလျှံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများထဲမှ လုပ်ငန်းခေါင်းစဉ်ပြောင်းလဲဆောင်ရွက်သည့် လုပ်ငန်း ၁၀ ခုနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာငွေ မူလခန့်မှန်းခြေစာရင်းတွင် အခွန်ဝေစုရငွေကျပ် ၇၆၆၁ ဒသမ ၈၂၃ သန်းအား ထပ်မံလျာထားရေးသွင်းနိုင်ရေးတို့ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ခဲ့ပါသည်။

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နေ့လည် ၁၂ နာရီတွင် ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**( ပြည်နယ် ပြန် / ဆက် )**

# ဂျပန်ဆရာဝန်ကြီးများနှင့်ပူးပေါင်း၍ နှုတ်ခမ်းကွဲနှင့် ကလေးအာကျများ အောင်မြင်စွာ ခွဲစိတ်ပြီးစီး

**မော်လမြိုင် မတ် ၁၇**

မော်လမြိုင်မြို့ပြည်သူ့ဆေးရုံကြီးတွင် TTCL Group ကုမ္ပဏီများအုပ်စု၏ ကူညီမှုဖြင့် Japan Heart အဖွဲ့မှ ဂျပန်ဆရာဝန်ကြီးများနှင့် မော်လမြိုင်မြို့ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများ ပူးပေါင်း၍ နှုတ်ခမ်းကွဲနှင့် အာကျကလေးလူနာများကို မတ် ၆ ရက် နံနက် ၉ နာရီမှစပြီး မတ် ၈ ရက်အထိ နှုတ်ခမ်းကွဲနှင့် အာကျကလေးလူနာ ၂၄ ဦးကို အောင်မြင်စွာ ခွဲစိတ်ပေးခဲ့ကြောင်း သိရသည်။ ခွဲစိတ်ပြီးဆုံးသွားသော ကလေးလူနာ ၂၄ ဦးကို ဂျပန်နိုင်ငံမှ သူနာပြုဆရာမများက မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှ သူနာပြုများနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ပြီး ခွဲစိတ်ထားသော ကလေးလူနာ ၂၄ ဦးကို မတ် ၁၅ ရက်၌ ချုပ်ရိုးများဖြေပေး၍ မတ် ၁၆ ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှ ဆင်းခွင့်ရရှိမှာဖြစ်သဖြင့် ကလေးလူနာရှင် ၂၄ ဦး၏ ဖခင်၊ မိခင်များက ယခုလို နှုတ်ခမ်းကွဲနှင့် အာကျကလေးများကို အခမဲ့ခွဲစိတ်ကုသပေးသော ဂျပန်ဆရာဝန်ကြီးများအဖွဲ့နှင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများအဖွဲ့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြား၍ ကလေးလူနာ ၂၄ ဦးလုံး ကျန်းမာရေးကောင်းမွန်စွာဖြင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှ ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# ထရန့်နှင့် အိန်ဂျလာမာကယ်တို့ အိမ်ဖြူတော်၌ မျက်နှာချင်းဆိုင်ဆွေးနွေးမည်

**ဝါရှင်တန် မတ် ၁၇**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့်အတူ အတ္တလန္တိတ်ဖြတ်ကျော်သည့် မဟာမိတ်ဆက်ဆံမှု အနာဂတ်နှင့် ကမ္ဘာ့အင်အား အကြီးမားဆုံးနိုင်ငံနှစ်ခုတို့မှ ခေါင်းဆောင်များ၏ အတူလက်တွဲပူးပေါင်းလုပ်ကိုင်မှုကို ပုံဖော်ရာတွင် အထောက်အကူပြုမည့် တွေ့ဆုံဆွေးနွေးမှုကို အိမ်ဖြူတော်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်နှင့် ဥရောပရှိ စီးပွားရေးအင်အား အကြီးဆုံး နိုင်ငံတစ်ခုဖြစ်သည့် ဂျာမနီဝန်ကြီးချုပ်တို့သည် ဒေါ်နယ်ထရန့် သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်ဖြစ်သည့် အဆိုပါတွေ့ဆုံမှုအတွင်း နေတိုးအဖွဲ့အတွက် ငွေကြေးထည့်ဝင်မှုနှင့် ရုရှားနှင့်ဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးသွားကြမည်ဟုဆိုသည်။ တွေ့ဆုံဆွေးနွေးမှုသည် နှစ်ဦးနှစ်ဖက်အကျိုးပြုမည့် ဆွေးနွေးမှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။

ဂျာမနီအာဏာပိုင်များ၏ ပြောကြားချက်အရ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်သည် မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် ဂရုတစိုက် ပြင်ဆင်လျက်ရှိကြောင်းနှင့် ၎င်းအနေဖြင့် ခိုင်မာတောင့်တင်းသည့် ဥရောပသမဂ္ဂဖြစ်လာစေရန်နှင့် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းရန် အမေရိကန်က ပေးအပ်မည့်အကူအညီများ သေချာခိုင်မာစေရန် ထရန့်အား အလေးအနက် တိုက်တွန်းသွားဖွယ်ရှိကြောင်း သိရသည်။

ထရန့်သည် သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်စဉ်ကာလအတွင်း ဂျာမနီနိုင်ငံအတွင်းသို့ ဒုက္ခသည်များ ထောင်နှင့်ချီ၍ဝင်ရောက်လာမှုကို ခွင့်ပြုခဲ့သည့် အိန်ဂျလာမာကယ်အား ဝေဖန်ထိုးနှက်မှုများ ပြုလုပ်ခဲ့သည်။

မြောက်အတ္တလန္တိတ် ကုန်သွယ်ရေးအဖွဲ့အစည်းတွင် ပါဝင်သည့်နိုင်ငံများသည် ၎င်းတို့၏ ကာကွယ်ရေးဆိုင်ရာ လိုအပ်ချက်များအတွက် ကုန်ကျစရိတ်များစွာကို ပေးချေနေရမှုအပေါ် ထရန့်၏ တောင်းဆိုမှုကို အန်ဂျလာမာကယ်အနေဖြင့် ထောက်ခံမှုပေးရန် ထရန့်က တိုက်တွန်းသွားမည်ဖြစ်ကြောင်း သိရသည်။ (ရိုက်တာ)




# ဆိုမာလီအင်အားစုများနှင့် ပင်လယ်ဓားပြများ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွား

**မိုဂါဒစ်ရှူး မတ် ၁၇**
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေအချို့ပါဝင်သည့် ပန့်တလန်ဒေသအတွင်း၌ ရေနံတင်သင်္ဘောတစ်စင်းအား ပြန်ပေးဆွဲခဲ့သည့် ပင်လယ်ဓားပြအဖွဲ့များနှင့် ဆိုမာလီရေကြောင်း တပ်ဖွဲ့အင်အားစုများ အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း ရေတပ်အင်အားစု အကြီးအကဲက ပြောကြားခဲ့ကြောင်း သိရသည်။

တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်မှုများကြောင့် ဓားစာခံများအား ထိမှန်နိုင်ဖွယ်ရှိသည့် စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်ပွားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်မှစတင်ကာ စီးပွားရေးအရ အရေးပါသည့် သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက စီးနင်းရယူသွားခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ဒေသခံများက အဆိုပါ တိုက်ခိုက်မှုနှင့်ပတ်သက်၍ ၎င်းတို့၏ရေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာသည့် နိုင်ငံရပ်ခြားမှ ငါးဖမ်းလုပ်သားများကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်ဟု အပြစ်တင်ခဲ့ကြသည်။ ဆိုမာလီနိုင်ငံသားများသည် ရေယာဉ်အချို့အား ခွင့်ပြုမိန့်လိုင်စင်များ ထုတ်ပေးခဲ့သည့်အတွက် အစိုးရအဖွဲ့အားဒေါသထွက်လျက်ရှိသည်။ ပင်လယ်ဓားပြများအား အကူအညီပေးရန် ရောက်ရှိလာသည့် လှေတစ်စင်းကို ကြားဖြတ်ဖမ်းဆီးရန် ကြိုးပမ်းခဲ့သော်လည်း သင်္ဘောပေါ်ရှိ ပင်လယ်ဓားပြများက ရေကြောင်းအင်အားစုများအား သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ထို့နောက် ပင်လယ်ဓားပြများသည် လှေနှင့်အတူ လွတ်မြောက်သွားကြောင်း ရေတပ်အကြီးအကဲ အဗ္ဗဒီရာမန်မိုဟာမက်ဟာဆန်က ပြောကြားခဲ့သည်။

တိုက်ခိုက်မှုများအတွင်း ထွက်ပေါ်လာသည့်ကျည်ဆန်များ ထိမှန်မှုကြောင့် အရပ်သားလေးဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း သင်္ဘောအနီးတွင်ရှိနေခဲ့သည့် ဒေသခံအချို့က ပြောကြားခဲ့သည်။ (ရိုက်တာ)

# အလက်ပိုဆင်ခြေဖုံးမြို့တစ်မြို့အား လေကြောင်းတိုက်ခိုက်မှုပြုလုပ် ၄၂ ဦး သေဆုံး

**အလက်ပို မတ် ၁၇**
ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုဆင်ခြေဖုံးမြို့တစ်မြို့၏ ဘာသာရေးအဆောက်အအုံတစ်လုံးကို ပစ်မှတ်ထားကာ ယမန်နေ့က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ လူစုစုပေါင်း ၄၂ ဦးသေဆုံးခဲ့ကြောင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့သည်။ သေဆုံးသူအများစုမှာ အရပ်သားများဖြစ်ကြောင်း ဆီးရီးယား ဆိုင်ရာ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့က ဖော်ပြခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူ အများအပြားရှိပြီး အချို့မှာ စိုးရိမ်ဖွယ်အခြေအနေတွင်ရှိသောကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ကြောင်း သိရသည်။

ဗြိတိန်အခြေစိုက် လေ့လာစောင့်ကြည့်ရေးအဖွဲ့သည် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သော တိုက်လေယာဉ်များမှာ မည်သည့်အဖွဲ့၏ တိုက်လေယာဉ်များဖြစ်ကြောင်း ဖော်ထုတ်ခြင်းမပြုခဲ့ကြောင်း သိရသည်။

အလက်ပိုအနောက်ဘက် ကျေးလက်ဒေသရှိ သူပုန်များခြေကုပ်ယူထားသော နေရာများအား လေကြောင်းဖြင့် တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာကြောင်း သိရသည်။

(ဆင်ဟွာ)

# ရုရှားသို့ ဂျာမနီဝန်ကြီးချုပ် မကြာမီလာရောက်မည်

**မော်စကို မတ် ၁၇**
ဂျာမနီနိုင်ငံဝန်ကြီးချုပ် အန်ဂျလာမာကယ်သည် မေ ၂ ရက်တွင် ရုရှားနိုင်ငံသို့ လာရောက်လည်ပတ်မည်ဟု ခန့်မှန်းရကြောင်း ရုရှားနိုင်ငံ သမ္မတ ဗလာဒီမာပူတင်က ယမန်နေ့က ပြောခဲ့သည်။

ဂျာမနီနိုင်ငံ ဘာဗေးရီးယားပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ ဟော့စ်ဆီးဟိုဖာနှင့် မော်စကိုမြို့တွင် တွေ့ဆုံစဉ် ၎င်းက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ခရိုင်းမီးယားကျွန်းဆွယ်အရေးကိစ္စ၊ ယူကရိန်းအရှေ့ပိုင်းရှိ ပဋိပက္ခများနှင့် ဥရောပ၌ စစ်တပ်များ ထိပ်တိုက်တွေ့ဆုံမှုပိုမိုများပြားလာစေခြင်းအပါအဝင် အခြားအရေးကိစ္စများကြောင့် ရုရှားနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား ကာလရှည်ကြာအငြင်းပွားမှုဖြစ်နေသည့်အချိန်တွင် ယခုကဲ့သို့ မာကယ်၏ခရီးစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

လွန်ခဲ့သောအပတ်က ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဆစ်မာ ဂစ်ဘရီရယ် မော်စကိုသို့ ရောက်ရှိစဉ်ကလည်း မာကယ်အနေဖြင့် ရုရှားနိုင်ငံသို့ လာရောက်လည်ပတ်ရန် အခွင့်အလမ်းပေါ်ပေါက်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

ဂစ်ဘရီရယ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ပူတင်က ရုရှားနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ ရင်ဆိုင်နေရသည့် အခက်အခဲများကို ဖြေရှင်းရန်လိုအပ်ကြောင်း၊ ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်အခြေအနေသို့ ပြီးပြည့်စုံစွာ ရောက်ရှိရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ (ဆင်ဟွာ)




# တရုတ်-အာဆီယံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုနှစ် အခမ်းအနားဖွင့်လှစ်

**မနီလာ မတ် ၁၇**
တရုတ်ဝန်ကြီးချုပ် လီခချန်းနှင့် ဖိလစ်ပိုင်သမ္မတ ဒူတက်တေးတို့သည် ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာတွင် ပြုလုပ်သော တရုတ်-အာဆီယံ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအခမ်းအနားသို့ ဂုဏ်ပြုအမှာစကားများ ပေးပို့ခဲ့ကြောင်း သိရသည်။

တရုတ်နှင့် အာဆီယံနိုင်ငံများသည် တောင်တန်းများ၊ မြစ်များဖြင့် ဆက်စပ်နေသည်ဖြစ်စေ၊ ပင်လယ်သမုဒ္ဒရာများ ခြားနားနေသည်ဖြစ်စေ အပြန်အလှန်ယုံကြည်ပြီး ပူးပေါင်းဆောင်ရွက်မှုများရှိကာ ပြည်သူအချင်းချင်း ဖလှယ်မှုများရှိခဲ့ကြောင်း တရုတ်ဝန်ကြီးချုပ်က ဖော်ပြခဲ့သည်။

တရုတ်နှင့် အာဆီယံကြား ပြည်သူအချင်းချင်းဆက်ဆံမှုတွင် ခရီးသွားလာမှုလုပ်ငန်းက အဓိကကဏ္ဍဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံသည် အာဆီယံခရီးသွားပြည်သူများ လာရောက်ရာ အဓိကနေရာတစ်ခုလည်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဦးတည်ကာ တရုတ်နိုင်ငံနှင့် အာဆီယံအကြား ဆက်ဆံရေးများ ပိုမိုပြုလုပ်သွားရန် မျှော်လင့်ကြောင်းလည်း ပြောကြားခဲ့သည်။

(ဆင်ဟွာ)

# တက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်မှုကို ဆန့်ကျင်သူများ ဆန္ဒပြ

**ဆိုးလ် မတ် ၁၇**
အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ် (THAAD)ကို တောင်ကိုရီးယားပိုင်နက်အတွင်း၌ မကြာမီ ဖြန့်ကြက်ရန်စီစဉ်လျက်ရှိသည်ဖြစ်ရာ အဆိုပါနေရာအနီးတစ်ဝိုက်တွင် နေထိုင်ကြသည့် ဒေသခံပြည်သူများသည် ဒုံးကျည်ဖြန့်ကြက်မှုအစီအစဉ်ကို ဆန့်ကျင်သည့် ဆန္ဒပြစုဝေးမှုများကို စတင်ပြုလုပ်လာကြကြောင်း သိရသည်။

တက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ်ကို ယခုနှစ်ကုန်ပိုင်းတွင် မြောက်ပိုင်းဂျယ်အွန်ဆန်ပြည်နယ် စီယွန်ဂျူစီရင်စု၌ ဖြန့်ကြက်သွားရန် အစီအစဉ်ရေးဆွဲထားပြီးဖြစ်သည်။ ဒုံးကာကွယ်ရေးစနစ်ဖြန့်ကြက်မည့်နေရာ၏ မြောက်ဘက်မှုခုနစ်ကီလိုမီတာအကွာတွင် တည်ရှိပြီး လူဦးရေတစ်သိန်းလေးသောင်းရှိသည့် ဂင်ချွန်းအိမ်နီးချင်းမြို့ပေါ်ရှိ လမ်းများပေါ်တွင် တက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဆန့်ကျင်သည့် ဆန္ဒပြစုဝေးသူအမြောက်အမြားကို တွေ့ရသည်။

ဆန္ဒပြသူအချို့သည် တက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ်မရှိလျှင်စစ်ပွဲလည်းမရှိ၊ ငြိမ်းချမ်းရေးကိုသာ အလိုရှိသည်ဟူ၍ ဟစ်ကြွေးဆန္ဒပြခဲ့ကြောင်း သိရသည်။ (ဆင်ဟွာ)



# ကျောက်ဖြူမြို့နယ်တွင် စက်လှေတစ်စင်း မီးလောင်ကျွမ်း

**နေပြည်တော် မတ် ၁၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မှ ဦးကင်းအုပ်စု ကုလားဘာတောင်ကျေးရွာ အလှူပွဲသို့သွားသော စက်လှေတစ်စင်း ယနေ့ မွန်းလွဲပိုင်းတွင် သစ်ပုတ်တောင်အနီး၌ မီးလောင်မှုဖြစ်ပွားပြီး စက်လှေပေါ်ပါ အမျိုးသမီးလေးဦး သေဆုံးကာ ကလေးနှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အဆိုပါစက်လှေအား ပဲ့နင်း ဦးဘမောင်ဦး မောင်းနှင်ပြီး ကုလားဘာတောင်ကျေးရွာ အလှူပွဲသို့သွားစဉ် မွန်းလွဲ ၁နာရီ ၃၅ မိနစ်ခန့်တွင် သစ်ပုတ်တောင်အနီး၌ အင်ဂျင်မှ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လှေပေါ်စီးနင်း လိုက်ပါလာသူ အမျိုးသားခုနစ်ဦး၊ အမျိုးသမီး ရှစ်ဦး ပေါင်း ၁၅ ဦးအနက် မအောင်မေသင်း၊ မအေးသန်းမြင့်၊ မခင်မေသန်း၊ မစန္ဒာနွေတို့ လေးဦးမှာ ရေနစ်သေဆုံးသွားပြီး ကလေးနှစ်ဦးမှာ ပျောက်ဆုံးနေကြောင်း၊ ကျန် ကိုးဦးအား ဧည၀တီရေတပ်စခန်းဌာနချုပ်မှ ကယ်တင်ထားကြောင်းနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၉၂၀ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၇**

စစ်တွေမြို့နယ် သဲချောင်းကျေးရွာ ကမ်းနားရှိ ငါးပွဲစားတန်းအနောက်ဘက် စက်လှေဆိပ်၌ မတ် ၁၆ ရက် ည ၇နာရီက WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၉၂၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ သဲချောင်းအတွင်း ဆိုက်ကပ်ထားသည့် စက်လှေတစ်စင်းအားစစ်ဆေးရာ လှေပေါ်တွင် ဆာလာအိတ်များအတွင်းမှ အထုပ်ကြီး ၁၆ ထုပ်ဖြင့် ထုပ်ပိုးထားသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၉၂၀ ကာလတန်ဖိုး ငွေကျပ် ၃၁၉၈၄၀၀၀၀ ခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စက်လှေပိုင်ရှင်ဖြစ်သူ အဒူဆလမ်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး မုန်စီနယ်မြေ ရဲကင်းစခန်းမှ တရားခံများ ဖမ်းဆီးရမိရေး အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



# မောင်တောမြို့နယ် ရေနောက်ငါးသားအလယ်ရွာမှ ရွာသားတစ်ဦးသေဆုံး

**နေပြည်တော် မတ် ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရေနောက်ငါးသားအလယ်ရွာမှ ရွာသားတစ်ဦး မောင်တောမြို့နယ်အစပ်ရှိ ဒူဆိုင်လာတောထဲတွင် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ရေနောက်ငါးသား အလယ်ရွာနေ ဆိုလီမုလ္လာသည် မတ် ၁၆ ရက် နံနက်ပိုင်းက ရွာ၏အရှေ့ဘက်တောအတွင်းသို့ ထင်းခုတ်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် ရွာသူရွာသားများက လိုက်လံရှာဖွေခဲ့ရာ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်အစပ် ဒူဆိုင်လာတောထဲတွင် လည်ပင်း၊ ညာနဖူး၊ ဦးခေါင်းယာဘက်နှင့် ဝမ်းဗိုက်တို့တွင် ပြတ်ရှဒဏ်ရာများနှင့် ဝဲဘက်နံကြား ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးလျက်ရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ၎င်းသေဆုံးမှုနှင့် ပတ်သက်၍ ညီဖြစ်သူ အာမန်အုလ္လာက အောင်ဇူနယ်မြေရဲစခန်းသို့ တိုင်တန်းသဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မောင်တောဒေသအတွင်း သေဆုံး/ပျောက်ဆုံးစာရင်း (၁၇-၃-၂၀၁၇ ရက်နေ့အထိ)

| စဉ် | ရက်စွဲ | သေဆုံး | ဖမ်းဆီး/ပျောက်ဆုံး | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ၅-၁၀-၂၀၁၆ | ၂ | - | |
| ၂။ | ၁၄-၁၀-၂၀၁၆ | ၁ | | |
| ၃။ | ၇-၁၁-၂၀၁၆ | - | ၂ | ပြန်လည်တွေ့ရှိ |
| ၄။ | ၁၇-၁၁-၂၀၁၆ | ၁ | - | |
| ၅။ | ၁၃-၁၂-၂၀၁၆ | - | ၁ | |
| ၆။ | ၂၀-၁၂-၂၀၁၆ | ၁ | - | |
| ၇။ | ၂၅-၁၂-၂၀၁၆ | ၁ | - | |
| ၈။ | ၂၆-၁၂-၂၀၁၆ | ၁ | - | |
| ၉။ | ၂၈-၁၂-၂၀၁၆ | ၁ | - | |
| ၁၀။ | ၂၉-၁၂-၂၀၁၆ | - | ၁ | မိးရှတ်အကျရာဖြင့်ပြန်လည်ရောက်ရှိ |
| ၁၁။ | ၂-၁-၂၀၁၇ | - | ၁ | |
| ၁၂။ | ၁၃-၁-၂၀၁၇ | ၁ | - | |
| ၁၃။ | ၁၄-၁-၂၀၁၇ | - | ၁ | ပြန်လည်တွေ့ရှိ |
| ၁၄။ | ၂၀-၁-၂၀၁၇ | ၃ | - | |
| ၁၅။ | ၂၂-၁-၂၀၁၇ | - | ၁ | |
| ၁၆။ | ၂၇-၁-၂၀၁၇ | - | ၂ | |
| ၁၇။ | ၂၈-၁-၂၀၁၇ | ၁ | - | |
| ၁၈။ | ၄-၂-၂၀၁၇ | ၁ | - | |
| ၁၉ | ၂-၂-၂၀၁၇ | ၁ | - | |
| ၂၀။ | ၂၄-၂-၂၀၁၇ | ၁ | - | |
| ၂၁။ | ၂၆-၂-၂၀၁၇ | ၁ | - | |
| ၂၂။ | ၂-၃-၂၀၁၇ | ၁ | - | |
| ၂၃။ | ၅-၃-၂၀၁၇ | ၁ | | |
| ၂၄။ | ၁၀-၃-၂၀၁၇ | ၁ | | |
| ၂၅။ | ၁၂-၃-၂၀၁၇ | | ၁ | |
| ၂၆။ | ၁၆-၃-၂၀၁၇ | ၁ | | |
| | စုစုပေါင်း | ၂၀ | ၁၀ | |

## မောင်တောဒေသ အောက်တိုဘာဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ချုပ်နှောင်ထားသူများအား မိသားစုဝင်များနှင့်တွေ့ဆုံမှု အဆင်ပြေရေး ညှိနှိုင်းဆောင်ရွက်ပေး

**မောင်တော မတ် ၁၇**

မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်နိုင်၊ ဦးစောသလေးစောနှင့်တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် ဘူးသီးတောင်အကျဉ်းထောင်သို့ သွားရောက်ပြီး ထောင်ဝင်စာတွေ့ဆုံသည့် မိသားစုများ အဆင်ပြေမှုရှိစေရေး တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော်မရှင်အဖွဲ့ဝင်များသည် မောင်တောခရိုင်တရားရုံး ဘူးသီးတောင် ရုံးထိုင် အထူးတရားရုံးသို့ရောက်ရှိပြီး တရားခွင်ပြင်ဆင်ထားမှုများကို ကြည့်ရှုသည်။ ယင်းနောက် ဘူးသီးတောင် အကျဉ်းထောင်သို့ သွားရောက်ပြီး အောက်တိုဘာလ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အရေးယူချုပ်နှောင်ထားသူများ၏ မိသားစုဝင်များလာရောက်တွေ့ဆုံနေမှုကို သွားရောက်ကြည့်ရှုသည်။ လာရောက်တွေ့ဆုံသည့် မိသားစုဝင်များနှင့် တွေ့ဆုံပြီး သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးများက ထောင်ဝင်စာတွေ့ဆုံခွင့်ရရှိရန် ဆောင်ရွက်ပေးသည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးပြီး အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး မောင်တောခရိုင် တရားသူကြီး ဦးမြင့်တင်၊ မောင်တောခရိုင် ဒုတိယဥပဒေအရာရှိ ဦးညီညီလွင်တို့နှင့် တွေ့ဆုံပြီး တရားစီရင်ရေးကိစ္စများ ဆောင်ရွက်ရာတွင် မှန်ကန်၊ မြန်ဆန်၊ ထိရောက်မှုရှိရေးအတွက် ဆောင်ရွက်မှုများကို မေးမြန်းဆွေးနွေး အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။ **အေးမြ(မန္တလေး)၊ အေးမင်းသူ**

# မစ္စမြန်မာဝေါလ် ၂၀၁၇ ပြိုင်ပွဲ နိုင်ငံတစ်ဝန်းလှုပ်ရှားမှုများ စတင်လျှောက်ထားနိုင်

**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံတွင် စတုတ္ထအကြိမ်ကျင်းပမည့် မစ္စမြန်မာဝေါလ် ၂၀၁၇ ပြိုင်ပွဲကြီးကို နိုင်ငံတစ်ဝန်း လှုပ်ရှားမှုများအနေဖြင့် မတ် ၁၇ ရက်(ယနေ့)တွင် ရန်ကုန်မြို့ မြေနီကုန်း Dagon Center- 2 ၌ နံနက် ၉ နာရီမှ ညနေ ၅နာရီအတွင်း စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း Forever Bec - Tero မှ National Director ကိုစိုးသူရက ပြောသည်။

"ဒီနှစ်ကတော့ မစ္စမြန်မာဝေါလ် ၂၀၁၇ အနေနဲ့ ကျင်းပတာ သုံးနှစ်ရှိပြီဖြစ်တဲ့အတွက် ပုံစံလေးပြောင်းထားပါတယ်။ ပါဝင်မယ့် ကဏ္ဍလေးတွေကို အပြောင်းအလဲလေး လုပ်ထားပါတယ်။ အလှမယ် ၄၀ ထဲက ဆန်ခါတင် အလှမယ် ၂၀ ရွေးချယ်ကတည်းက တစ်ယောက်ချင်းစီရဲ့ Activities ကို မက်ရှင်လေးတွေလုပ်ပြီးတော့ ရွေးချယ်သွားမှာဖြစ်ပါတယ်။ မစ္စမြန်မာဝေါလ်အနေနဲ့ မြန်မာအမျိုးသမီးတိုင်း မိမိရဲ့ ကိုယ်ပိုင်အရည်အချင်းတစ်မျိုးစီရှိတာမို့ နိုင်ငံတကာမှာ ချပြနိုင်အောင်၊ ယုံကြည်ချက်ရှိအောင် လေ့ကျင့်ပျိုးထောင်ပေးသွားမှာ ဖြစ်ပါတယ်။ မစ္စမြန်မာဝေါလ်ကို လာရောက်ယှဉ်ပြိုင်တဲ့ ညီမငယ်တိုင်း အရည်အချင်းဆိုတာ ရှိပါတယ်။ အဲဒီအရည်အချင်းက ကိုယ်မသိပေမယ့် တခြားသူကဖော်ထုတ်ပေးမှ ရတဲ့ဟာမျိုးဆိုရင် ကျွန်တော်တို့ မစ္စမြန်မာဝေါလ်အနေနဲ့ ဖော်ထုတ်ပေးချင်တဲ့အတွက် နိုင်ငံတစ်ဝန်း အမျိုးသမီးငယ်တိုင်းကို ဝင်ရောက်ယှဉ်ပြိုင်ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ကိုစိုးသူရက ပြောသည်။

မစ္စမြန်မာဝေါလ် ၂၀၁၇ ပြိုင်ပွဲအတွက် နိုင်ငံတစ်ဝန်း အသက် ၁၇ နှစ်မှ ၂၅ နှစ်အတွင်းရှိ အမျိုးသမီးငယ်များ ယနေ့ မတ် ၁၇ ရက်မှ ၂၁ ရက်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပြီဖြစ်သည်။ လူကိုယ်တိုင်လာရောက်လျှောက်ထားရာတွင် သုံးလအတွင်းရိုက်ကူးထားသော ကိုယ်လုံးပေါ်အလှဓာတ်ပုံ နှစ်ပုံ၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့ဖြင့် လျှောက်ထားနိုင်ပြီး ပြိုင်ပွဲဝင်များထဲမှ အရည်အချင်းပြည့်ဝသည့် ပြိုင်ပွဲဝင်များအား စိစစ်ရွေးချယ်ပြီး ကျန်းမာရေးအတွက် ဆေးစစ်ချက်များကို အဆင့်ဆင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ အဆင့်ဆင့်စိစစ် ရွေးချယ်ထားသော နောက်ဆုံးဆန်ခါတင် အလှမယ် ၂၀ ကို လာမည့် ဧပြီ ၄ ရက်တွင် မီဒီယာမိတ်ဆက်ပေးသွားမည်ဖြစ်ပြီး မစ္စမြန်မာဝေါလ် အဖွဲ့အစည်းနှင့်အတူ တစ်လခွဲကြာ Activities များကို ပြုလုပ်မည်ဖြစ်သည်။ ပြိုင်ပွဲတစ်လျှောက် Show Director ဖြစ်သည့် Mr. Brain Jeremiah က လိုအပ်သော Tarining များကို သင်ကြားပေးမည်ဖြစ်ပြီး နောက်ဆုံးမစ္စမြန်မာဝေါလ် Grand Final ပြိုင်ပွဲကြီးကို လာမည့် ဇွန် ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နောက်ဆုံးရွေးချယ်သည့် Grand Final ပြိုင်ပွဲကြီးတွင် Winner ဆုရှင်အဖြစ် အရွေးချယ်ခံရသော အလှမယ်အား ငွေကျပ်သိန်း ၁၀၀ နှင့် Crown၊ 1st Runner Up ဆုရှင်ကို ငွေကျပ်သိန်း ၃၀ နှင့် Crown၊ 2nd Runner Up ဆုရှင်ကို ငွေကျပ်သိန်း ၂၀ နှင့် Crown တို့ကို ချီးမြှင့်ပေးမည်ဖြစ်ပြီး အခြားပြိုင်ပွဲဝင် Title ဆုများကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မစ္စမြန်မာဝေါလ်ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သော ၂၀၁၄ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ယင်းနှစ် ပထမအကြိမ်တွင် winner ဆုကို အလှမယ် ဝိုင်းလေး၊ ဒုတိယအကြိမ် ၂၀၁၅ ခုနှစ်တွင် ခင်ရတနာသိန်းမြင့်၊ တတိယအကြိမ် ၂၀၁၆ ခုနှစ်တွင် အလှမယ် Bella (ခ) မြတ်သီရိလွင်တို့ရရှိခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် မစ္စဝေါလ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ဦးကိုနီအား လုပ်ကြံခဲ့သူ ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူများအား ရုံးထုတ်စစ်ဆေး၊ ရှေ့နေမစုံလင်သဖြင့် လာမည့်အပတ်သို့ ထပ်မံချိန်းဆို

**ရန်ကုန် မတ် ၁၇**

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဦးကိုနီအား လုပ်ကြံခဲ့သည့် သေနတ်သမား ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူများကို ယနေ့ နံနက်ပိုင်း၌ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြောက်ပိုင်းခရိုင် တရားရုံးတွင် ရုံးထုတ်ရာ ပြစ်မှုကျူးလွန်သူတို့ဘက်မှ ရှေ့နေမစုံလင်သဖြင့် လာမည့်အပတ်သို့ ထပ်မံချိန်းဆိုလိုက်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

အဆိုပါ အမှုကို မတ် ၃ ရက်က မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲဆို တင်ပို့ခဲ့ရာ ယနေ့ နံနက်ပိုင်း ရုံးထုတ်ရာတွင် ပြစ်မှုကျူးလွန်သူ ကြည်လင်းနှင့် အတူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ ပါဝင်ခဲ့သည်။



ယနေ့ရုံးထုတ်မှုနှင့် ပတ်သက်၍ “ဒီနေ့မှာဆိုရင် ဦးကြည်လင်းက ရှေ့နေ မငှားရသေးဘူး၊ ကျန်တဲ့တစ်ဦးကလည်း ရှေ့နေငှားပြီးပြီဆိုပေမယ့် ရုံးတော်ကို ရောက်မလာတာကြောင့် ရှေ့အပတ်ကို ပြန်လည်ချိန်းဆိုလိုက်ပါတယ်၊ ဦးအောင်ဝင်းခိုင်နဲ့ပတ်သက်ပြီး တရားခံပြေးအနေနဲ့ စစ်ဆေးတယ်၊ မတ် ၃ ရက်က စတင်တရားစွဲပြီး တရားရုံးက ဖမ်းဖို့ဝရမ်းထုတ်ပေးခဲ့တယ်၊ ဒီကနေ့မှာတော့ ဖမ်းဝရမ်းအတည်မဖြစ်ဘူးဆိုတာကို ပြန်တင်တာကြောင့် ဝရမ်းအတည်ပြုသူတွေကို စစ်ဆေးတယ်၊ ရုံးထုတ်လာတဲ့ သူတွေကိုစစ်ဖို့ အတွက် ဒီအမှုနဲ့ ပတ်သက်ပြီး တရားခံပြေးအမှုကို အရင်ဆုံး စတင်စစ်ဆေးရတာပဲဖြစ်ပါတယ်” ဟု မြောက်ပိုင်းခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး သတင်းနှင့်ပြန်ကြားရေးအရာရှိ ဦးခင်မောင်မြင့်က ပြောကြားသည်။

အဆိုပါ အမှုကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး၊ အရှေ့ပိုင်းခရိုင်တရားရုံးမှ တွဲဖက်ခရိုင်တရားသူကြီး၊ မြောက်ပိုင်းခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီးတို့ပါဝင်သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးမှ ဖွဲ့ပေးသည့် ခုံအဖွဲ့ဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

“လွတ်မြောက်နေတဲ့ အောင်ဝင်းခိုင်နဲ့ ပတ်သက်ပြီး တရားရုံးက တရားခံပြေး ကြေညာသင့် မကြေညာသင့်ဆိုတဲ့ကိစ္စကို ဒီကနေ့ တရားရုံးက စစ်ဆေးတယ်။ စစ်ဆေးတဲ့အခါကျတော့ စစ်ဆေးချက်အပေါ်မှာ ဦးကိုနီရဲ့ ရှေ့နေအနေနဲ့ ဖမ်းဝရမ်းကို ထပ်ထုတ်ပေးဖို့ လျှောက်ထားတယ်၊ နယ်စပ်ဖြတ်ကျော်ဂိတ်ပေါက်တွေ အားလုံးကိုလည်း ပိတ်ဆို့ထားတဲ့အတွက် နိုင်ငံအတွင်းက ထွက်သွားတဲ့အခြေအနေမျိုး မရှိသေးပါဘူး။ ဒါကြောင့် သူ့ကို ဖမ်းဝရမ်းထပ်ထုတ်ပေးဖို့ လျှောက်ထားချက်ကို တရားရုံးက ခွင့်မပြုကြောင်း ဒီကနေ့ အမိန့်ချမှတ်လိုက်ပါတယ်”ဟု ဦးကိုနီဘက်မှ လိုက်လံဆောင်ရွက်ပေးနေသည့် တရားလွှတ်တော်ရှေ့နေ ဦးနေလက ယနေ့ ရုံးထုတ်မှုနှင့် ပတ်သက်၍ မီဒီယာများအား ပြောကြားသည်။

အဆိုပါ အမှုကို ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၏ ရာဇဝတ်ကြီးအမှုအမှတ် (၄၅/၂၀၁၇ ) အရ ကြည်လင်းနှင့်အတူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်း၊ အောင်ဝင်းခိုင်တို့အား ပုဒ်မ- ၃၀၂/၃၄/၁၂၀ ဖြင့်လည်းကောင်း၊ ရာဇဝတ်ကြီးအမှုအမှတ် (၄၆/၂၀၁၇ ) အရ ကြည်လင်းနှင့် အောင်ဝင်းဇော်တို့အား လက်နက်ဥပဒေပုဒ်မ- ၁၉(ဃ)(စ) တို့ဖြင့်လည်းကောင်း၊ ရာဇဝတ်အထွေထွေအမှုအမှတ် (၂၀/၂၀၁၇ )အရ အောင်ဝင်းခိုင်အား ကျင့် ၅၁၂ ဖြင့်လည်းကောင်း စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အမှုကို မတ် ၂၄ ရက်သို့ ထပ်မံချိန်းဆိုလိုက်ပြီး ယနေ့ရုံးထုတ်ရာတွင် မြောက်ပိုင်းခရိုင်တရားရုံး၌ သက်ဆိုင်ရာက လုံခြုံရေးဆောင်ရွက်မှုများကို ပိုမိုတင်းကြပ်ဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး(ပဏီတ)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၆၅၀၊ သွင်းကုန် ၇၈၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် အစီး ၂၃၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မတ် ၁၆ ရက် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၂၉၅ သန်းခန့်ရှိသည့်အနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၆ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့်ခရီးသည်တင် မှန်လုံယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော မှိုသတ်ဆေးမှုန့် (1kg x 20 pcs) (25) pkgs၊ ပိုးသတ်ဆေး (1kg x 12 pcs) (13) pkgs၊ ရွက်ဖျန်းဆေး (1kg x 12 pcs) (1) pkg စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၉၂၅ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**(သတင်းစဉ်)**






# ကျေးလက်နေပြည်သူများကို များစွာအထောက်အကူပြုမည့် ကရင်ချောင်း(ကြံချုပ်-ခနောင်)တံတား

**တွံတေး မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အစပ်ရှိ တွံတေးမြို့နယ် ကျွန်းဘက်-ကရင်ချောင်းကျေးရွာအုပ်စု ကရင်ချောင်း ချောင်းကိုဖြတ်၍ ကျေးလက်နေပြည်သူများကို များစွာအထောက်အကူပြုမည့် ကရင်ချောင်း(ကြံချုပ်-ခနောင်)တံတားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တွံတေးမြို့နယ်၏ (၂၀၁၆-၂၀၁၇)ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၆၆၈ ဒသမ ၀၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်နေခြင်း ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါတံတားကို တွံတေးမြို့နယ် မယ်ပြေ-ကရင်ချောင်းကျွန်းနှင့် မအူပင်မြို့နယ်ခနောင်ကျေးရွာတို့ကို ဆက်သွယ်ပေးထားသော သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ မယ်ပြေ-ကရင်ချောင်းကျွန်းတွင် ကျွန်းဘက်-ကရင်ချောင်းကျေးရွာအုပ်စု၊ အလယ်ချောင်းကျေးရွာအုပ်စု၊ ကဘင်ကြီးကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာအုပ်စုနှင့် ဂယက်လမီးကျေးရွာအုပ်စု စုစုပေါင်းကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာပေါင်း ၂၁ ရွာ၊ အိမ်ခြေ ၃၀၆၁ အိမ်၊ လူဦးရေ ၁၆၁၁၈ ဦး နေထိုင်ကြပြီး အဓိကအသက်မွေးလုပ်ငန်းများဖြစ်သော ရေလုပ်ငန်း၊ ငါးမွေးမြူရေး၊ ခြံလုပ်ငန်းနှင့် လယ်ယာ/ကိုင်းကျွန်းလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြသည်။ ယခင်က တွံတေး-ရန်ကုန်-မအူပင်-ဖျာပုံမြို့များသို့ ရေလမ်းမှ သင်္ဘောများဖြင့် အန္တရာယ်ရှိပြီး ခက်ခဲစွာ သွားလာနေရသည်။ အခု တည်ဆောက်နေသည့် တံတားပြီးစီးသွားပါက မအူပင်-ရန်ကုန်သို့ ခရီးတိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး မအူပင်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ကျေးရွာအရောက် သွားလာနိုင်တော့မည် ဖြစ်သည်။

ကရင်ချောင်း (ကြံချုပ်-ခနောင်) တံတား၏ အရှည်မှာ ပေ ၃၆၀၊ အကျယ် ၁၆ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၆ ပေရှိပြီး တံတားအောက်ထည် ဘိုးပိုင်၊ သံပေါင်ရက်မ ကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်သည်။

ကရင်ချောင်း (ကြံချုပ်-ခနောင်) တံတားတည်ဆောက်ပြီးစီးပါက မယ်ပြေ-ကရင်ချောင်းကျွန်းပေါ်ရှိ ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာပေါင်း ၂၁ ရွာမှ လူဦးရေ တစ်သောင်းခွဲကျော်မှ ကျေးရွာပေါင်း မြောက်မြားစွာနှင့် မအူပင်၊ ရန်ကုန်၊ တွံတေးသို့ ဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ပြီး ဒေသ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများအခက်အခဲမရှိ အချိန်တိုအတွင်း ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ အထူးဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# မိုင်းဆတ်မြို့နယ် နမ့်ခုတ်ချောင်း၌ ၃၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်မည်

**မိုင်းဆတ် မတ် ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် ရေပူစမ်းကျေးရွာအနီး နမ့်ခုတ်ချောင်းပေါ်တွင် ၃၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၈ ခုနှစ်တွင် ခွင့်ပြုချက်ရရှိပါက ၂၀၂၀ ပြည့်နှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း SUNTAC POWER ကုမ္ပဏီ စီမံကိန်းဒါရိုက်တာ ဦးမျိုးမြင့်က မတ် ၁၀ ရက်တွင် မိုင်းဆတ်မြို့ရှိ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား ရေအားလျှပ်စစ်စီမံကိန်း၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment -EIA) လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ လေ့လာမှုမှရရှိသော အချက်အလက်များကို ရှင်းလင်းတင်ပြခြင်းနှင့် သဘောထားအမြင်များ နှီးနှောဖလှယ်ဆွေးနွေးပွဲ၌ ပြောကြားသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းသည် ရေဝေရေလွှဲဧရိယာ ၁၁၇၉ စတုရန်းကီလိုမီတာရှိပြီး တမံအမြင့် မီတာ ၇၀၊ တမံအလျား ၂၇၆ ဒသမ ၂၂ မီတာ၊ ရေလွှဲဥမင်အချင်း ခြောက်မီတာ၊ အလျား မီတာ ၃၆၀၊ ရေတံခါး ငါးခုဖြင့် တမံကို လျှောင်ဒဏ်ခံဒီဇိုင်းဖြစ်သော လေးကိုင်းပုံကွန်ကရစ်တမံကို ရွေးချယ်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းပြီးစီးပါက မိုင်းဆတ်မြို့နယ်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ လုံလောက်သော လျှပ်စစ်မီးရရှိစေမည်ဖြစ်ကြောင်း၊ မီတာခကိုလည်း အစိုးရသတ်မှတ်ဈေးနှုန်းဖြင့် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ပြည်သူ့အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောသစ်ပင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အသားတင်အမြတ်၏ နှစ်ရာခိုင်နှုန်းကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဒေသခံပြည်သူတို့၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

နမ့်ခုတ်ချောင်းရေအားလျှပ်စစ်စီမံကိန်းကို ရှမ်းပြည်နယ်အစိုးရ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် SUNTAC POWER ကုမ္ပဏီတို့ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် MoU လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်အသင်းများ မဲနှိုက်ရွေးချယ်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ် တွေ့ဆုံမည့်အသင်းများကို မတ် ၁၇ ရက်(သောကြာ)နေ့ညနေပိုင်းက ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့၌ မဲနှိုက်ရွေးချယ်ခဲ့သည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် အဆင့်တွင် မဲနှိုက်ခဲ့ရာ စပိန်ကလပ် အက်သလက်တီကိုနှင့် အင်္ဂလန်ကလပ်လက်စတာ၊ ဂျာမန်ကလပ် ဒေါ့မွန်နှင့် ပြင်သစ်ကလပ်မိုနာကို၊ ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်နှင့် စပိန်ကလပ် ရီးရဲမက်ဒရစ်၊ အီတလီကလပ် ဂျူဗင်တပ်စ်နှင့် စပိန်ကလပ် ဘာစီလိုနာ တို့တွေ့ဆုံခဲ့သည်။

ယူရိုပါလိဂ်မဲနှိုက်ခဲ့ရာတွင် ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်နှင့် အင်္ဂလန်ကလပ် မန်ယူ၊ စပိန်ကလပ်ဆယ်လ်တာဗီဂိုနှင့် ဘယ်လ်ဂျီယံကလပ် ဂျန့်ခ်၊ နယ်သာလန်ကလပ် အေဂျက်စ်နှင့် ဂျာမန်ကလပ်ရှော်လ်ကေး၊ ပြင်သစ်ကလပ် လိုင်ယွန်နှင့် တူရကီကလပ် ဘက်ဆစ်တပ်စ်တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။



ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များကို ပထမအကျော့ပွဲစဉ်အဖြစ် ဧပြီ ၁၁ ရက်နှင့် ၁၂ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယူရိုပါလိဂ်ပထမအကျော့ပွဲစဉ်ကိုတော့ ဧပြီ ၁၃ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်ကို ဧပြီ ၂၀ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သီဟ**

# မြန်မာအမျိုးသမီးအသင်း ခြေစမ်းပွဲများတွင် ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မတ် ၁၇**

အာရှဖလား အမျိုးသမီးခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် မတ် ၁၇ ရက်က ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးပြတ်အနိုင်ရခဲ့သည်။

ယင်းခြေစမ်းပွဲများကို အောင်ဆန်းကွင်း၌ ကျင်းပခဲ့ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက နံနက်ပိုင်းပွဲတွင် ဇွဲကပင်အသင်းကို ၁၂ ဂိုး-ဂိုးမရှိ၊ ညနေပိုင်းပွဲတွင် သစ္စာအားမာန်အသင်းကို ငါးဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် နှစ်ပွဲစလုံး အမာခံကစားသမားများနှင့် အရန်ကစားသမားများ တွဲဖက်အသုံးပြုခဲ့သည်။ လက်ရွေးစင်အမျိုးသမီးအသင်းအတွက် ဇွဲကပင်အသင်းနှင့်ပွဲတွင် အနိုင်ဂိုးများကို လူငယ်တိုက်စစ်မှူး ဂျူလိုင်ကျော်က ငါးဂိုး၊ ဝင်းသိင်္ဂီထွန်းက သုံးဂိုး၊ ခင်မိုးဝေက နှစ်ဂိုး၊ ခင်မာလာထွန်းက တစ်ဂိုးတို့ သွင်းယူခဲ့ပြီး ကျန်တစ်ဂိုးမှာ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းနှင့်ပွဲတွင် မြန်မာအမျိုးသမီးအသင်းက ခြေအသာဖြင့် ကစားခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ လက်ရွေးစင်အသင်းအတွက် ဂိုးများကို နော်အားလိုဝါးဖောက နှစ်ဂိုး၊ ရီရီဦး၊ လှယဉ်ဝင်း၊ မေစံပယ်ဖူးတို့က သွင်းယူခဲ့သည်။ **ဖိုးသော်ဇင်**

# အားကစားနည်းအလိုက် တိုးတက်ဆောင်ရွက်နိုင်ရေးစည်းဝေး

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီမှ အားကစားနည်းအလိုက် ဆပ်ကော်မတီများအား တွေ့ဆုံကာ ၂၀၁၇ ခုနှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးတို့အတွက် ၁/၂၀၁၇ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၅ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အားကစားနည်းအလိုက် တိုးတက်အောင်ဆောင်ရွက်နိုင်ရေးအတွက် အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုးက ယခုနှစ်အတွင်း ကျင်းပပြုလုပ်မည့် အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် တိုင်းဒေသကြီးအစီအစဉ်ဖြင့်ကျင်းပပြုလုပ်မည့် ဝန်ကြီးချုပ်ဖလားပြိုင်ပွဲများ၊ ဆပ်ကော်မတီဥက္ကဋ္ဌ ဖလားပြိုင်ပွဲများ၊ အားကစားနည်းအလိုက် လူရွေးပြိုင်ပွဲများ ကျင်းပနိုင်ရေးလျာထားမှုအား အတည်ပြုနိုင်ရေး၊ လစ်လပ်လျက်ရှိသော ဆပ်ကော်မတီ ဥက္ကဋ္ဌနေရာများတွင် အစားထိုးရွေးချယ်တင်မြှောက်နိုင်ရေးတို့အား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အားကစားနည်းအလိုက် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများဝင်ရောက်နိုင်မှု စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ပြိုင်ပွဲများကျင်းပမည့်ရက်သတ်မှတ်နိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများ အောင်မြင်မှုရရှိစေနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဆပ်ကော်မတီအလိုက် ရှင်းလင်းတင်ပြကြသည်။ **တင်စိုး(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား

၁၈-၃-၂၀၁၇ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၀ - Hyper Sports
၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာ (စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန) (မကွေးတိုင်းဒေသကြီး)
၉း၃၀ - Business News
၁၀း၃၀- ကဗျာရိပ်မြုံ "ပညာ့ခေတ်ဆီ"
၁၁း၀၀ - ရှေးဟောင်းပျူမြို့ပြနိုင်ငံတော် ဟန်လင်းမြို့တော်
၁၁း၁၀ - ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "လက်တွေ့အသုံးချ ဆေးနည်းတိုများ" (အပိုင်း-၄)
၁၁း၃၀ - ချစ်စရာ့အရွယ် ကစားကြမယ်
၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **"ဘဝဆိုသည်မှာ"** (အပိုင်း-၃၃)
၁၃း၄၅ - အနုပညာသတင်း အစီအစဉ်
၁၄း၁၅ - "ချစ်ကြသည်ဆိုရာဝယ်" (အောင်ခန့်၊ ကျော်ဇေသော်၊ နန်းထိပ်ထားစံ) (ဒါရိုက်တာ- Andrew (Post Mandalay))

**ညပိုင်း**

၁၅း၄၅ - "ကြိုဆိုပါသည် ၂၀၁၆ ခုနှစ် အကယ်ဒမီ"
၁၆း၄၅ - ၂၀၁၆ ခုနှစ်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၂၁း၁၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာ (ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန) +(မန္တလေးတိုင်းဒေသကြီး)
- ဂီတသမား၊ ဂီတစကား "ရွှေတိုင်ညွန့်"၏ ရှားပါးတေး
- ပြည်သူ့နီတိ "မွေခံထိုက်စေ"


## (၄၄)နှစ်ပြည့် မင်္ဂလာဆုမွန်လွှာ

ကျေးဇူးရှင် ချစ်ဖေဖေ ဝဏ္ဏကျော်ထင် ဦးညဏ်ထွန်းအောင်နှင့် ချစ်မေမေ ဒေါ်ဝေဝေတို့၏ ၁၈-၃-၂၀၁၇ ရက်တွင် ကျရောက်သော (၄၄)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သော သား၊ သမီး၊ မြေးများ နှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် အတူလျှောက်လှမ်းနိုင်ပြီး ဘာသာ၊ သာသနာအကျိုးဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်းတောင်းလျက်-

**ချစ်သားကြီး** - **ကိုဥက္ကာထွန်း (Unique Value Co., Ltd.)- မမျိုးကလျာထွေး**
**ချစ်သမီးကြီး** - **မစန္ဒီထွန်း (Ever Right Trading Co., Ltd.)**
**ချစ်သမီးလတ်** - **Captain ကိုကိုယု (Myanmar National Airlines)- မဖြူသန့်ထွန်း (M.A.I in Flight Catering Services)**
**ချစ်သမီးငယ်** - **မယဉ်မင်းထွန်း(Golden New Idea Co., Ltd.)**
**ချစ်မြေးများ** - **မဆုမြင့်မိုရ်ထွန်း(ခ)ဖွေးဖွေး၊ မောင်စွမ်းသုတထွန်း(ခ) သျှိုင်းသျှိုင်း၊ မောင်လင်းသုတအောင်(ခ)လင်းလင်း၊ မောင်ကောင်းသန့်ကို(ခ)ကောင်းကောင်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ Concorde Industries Limited.(CIL) မှ သစ်တောထောက်ခံချက်နှင့် ပို့ကုန်လိုင်စင်ပျောက်ဆုံးခြင်း ကြော်ငြာစာတွင် ပို့ကုန်လိုင်စင်အမှတ်အား [YELF-16-17 0322 အစား YELF-16-17 0321 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

မြောင်းမြမြို့၊ မြရတနာရပ်ကွက်၊ နဝရတ်လမ်းနေ ဒေါ်ရှုကြည်(ဘ) ဦးကျင်ဝမ် ၁၄/မမန(နိုင်)၁၄၂၃၁ သည် မြောင်းမြမြို့၊ မြရတနာရပ်ကွက်၊ မြေစာရင်းရပ်ကွက် အမှတ်၊ ကွင်း(၂၇၆-က)၊ တဇင်ကုန်းကြီး၊ ဦးပိုင်အမှတ်(B/၃၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ယာမြေအား မြေပေးမိန့်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ဤရုံးသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြောင်းမြမြို့**

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ The Global New Light Of Myanmar သတင်းစာတိုက်မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို (၂၀-၃-၂၀၁၇)ရက်မှ (၂၂-၃-၂၀၁၇)ရက်အထိ နေ့စဉ်(၀၉း၃၀) နာရီမှ(၁၆း၀၀)နာရီအတွင်း အောက်ပါလိပ်စာတွင်လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၃-၃-၂၀၁၇)ရက် မွန်းတည့် (၁၂း၀၀) နာရီ မတိုင်မီအတွင်း The Global New Light Of Myanmar သတင်းစာတိုက်ရှိ တင်ဒါ အဖွဲ့ဝင်များရှေ့မှောက်သို့ လာ ရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ယင်းနေ့ မွန်းလွဲ ၁ နာရီ၌ တင်ဒါပေးသွင်းသူများရှေ့တွင် တင်ဒါကို ဖွင့်ပါမည်။

၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုး၊ အမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင် အနေအထားကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက The Global New Light Of Myanmar သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း- ၀၁-၈၆၀၄၅၃၂သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**The Global New Light Of Myanmar သတင်းစာတိုက်**
**အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၃-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ ပါ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနှစ်ပတ်လည်အသင်းသားစုံညီ အထွေထွေညီလာခံဖိတ်ကြားခြင်းကြော်ငြာတွင် ကျင်းပမည့်ရက် ၂-၄-၂၀၁၇ရက် (စနေနေ့)အစား ၂-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့)ဟု ပြင်ဆင်ဖတ်ရှုပါရန်။




## ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ သစ်တောဦးစီးဌာနရှိ ပုံစံ(ဂ)သစ်လုံးနှင့်ခွဲသားများ လေလံတင်ရောင်းချနိုင်ရန်ကြေညာခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မြဝတီခရိုင်ရှိ ဖမ်းဆီးရမိထားသော အောက်ဖော်ပြပါသစ်လုံးနှင့် သစ်ခွဲသားများအားကရင်ပြည်နယ်၊မြဝတီခရိုင်၊သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးခန်းမ၌ ၁၉-၃-၂၀၁၇ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် မျက်မြင် အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | မြို့နယ် | လေလံတင်ရောင်းချမည့်ပစ္စည်းအမျိုးအမည် | |
|---|---|---|---|
| ၁။ | မြဝတီ | အခြားသစ်လုံး(၃၄)လုံး | = (၅.၈၆၂၆)တန် |
| | | အခြားခွဲသား(၃၉၂)ချောင်း | = (၆.၁၀၁၅)တန် |

၂။ လေလံဆွဲဝယ်အောင်မြင်သည့် သစ်လုံး/ခွဲသားများအား ပြည်နယ်/တိုင်းကျော်သယ်ယူခွင့်မပြုပါ။

၃။ လေလံတင်လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ မြဝတီခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁၇-၃-၂၀၁၇ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ လေလံတင်ရောင်းချရာတွင် တရားဝင်မှတ်ပုံတင်ခွင့်ပြုထားသော သစ်အခြေခံအသုံးပြုသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များ၊ သစ်တောဦးစီးဌာနမှ တရားဝင်လိုင်စင်ဖြင့် ခွင့်ပြုထားသော စက်သေး၊ စက်ကြီး၊ အချောထည်စက်၊ လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ၊ အသင်းဝင်များနှင့် မြန်မာ နိုင်ငံ ပရိဘောဂလုပ်ငန်းရှင်များကိုသာ လေလံဆွဲဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ မြဝတီခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၅၈-၅၀၈၂၇ နှင့် မြဝတီမြို့နယ် သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံး ဖုန်း-၀၅၈-၅၀၀၂၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## မိဘအမည်မှန်

ပုသိမ်တက္ကသိုလ်၊ အဝေးသင် သချ်ာ၊ ဒုတိယနှစ်မှ မအိသဉ္ဇာခိုင် ၁၄/ပသန(နိုင်)၂၈၃၅၉၁ ၏ မိဘအမည်မှန်မှာ ဦးသိန်းဇော် ၁၄/ပသရ (နိုင်)၁၀၁၂၃၂ နှင့် ဒေါ်သင်းသင်းခိုင် ၁၄/ပသရ(နိုင်) ၀၈၄၇၈၇ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ဖက်(စ်)ကွန်းကုမ္ပဏီလီမိတက် (Fastcom Company Limited ) မှတ်ပုံတင်လက်မှတ်(ယာယီ) အမှတ် ၃၇၇၅/၂၀၁၃-၂၀၁၄သည်ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။

**ဖုန်း-၀၉-၉၆၄၂၁၄၅၄၅**

## လုံခြုံရေးဝန်ထမ်းအလိုရှိသည်

လုံခြုံရေးလုပ်ငန်း အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ အသက်(၄၅)နှစ်မှ (၆၀)နှစ်အတွင်း အမျိုးသား ဗဟန်းမြို့နယ်နှင့်နီးသူ ဦးစားပေးမည်။

**ဆက်သွယ်ရန်-ဖုန်း-၀၉-၃၁၇၈၇၁၄၂**

## အမည်မှန်

မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျောဇီနယ်မြေရဲစခန်းမှ လ-၁၂၀၈၇၁ ရဲတပ်ကြပ်ကြီးဝင်းအေး၏ အမည်မှန်မှာ နိုင်ငံသား စိစစ်ရေးမှတ်ပုံတင်အမှတ် ၁/ ဟပန(နိုင်)၀၀၁၉၈၄ အရ အောင်ဝင်းအေး(ဘ) ဦးအေး ဖြစ်ပါသည်။ **အောင်ဝင်းအေး**

## အမည်ပြောင်း

ဦးမျိုးမြင့် ၁၂/တမန(နိုင်)၀၇၃၄၁၄ ၏သမီး အထက(၁)ဒဂုံမှ မအိမ့်ကြယ်စင် ၁၂/တမန(နိုင်) ၁၂၆၉၄၆ အား မအိမ့်ဆုဆုမွန်ဟု ပြောင်းလဲခေါ်ပါရန်။ **မအိမ့်ဆုဆုမွန်**

## အမည်ပြောင်း

ဦးစွန်သစ် ၁၂/ပဘတ(နိုင်)၀၁၂၉၂၇ ၏သား အထက(၁)ဒဂုံမှ မောင်ထူးကျော်ဇင်ဖြိုး ၁၂/တမန(နိုင်) ၁၂၇၀၅၅ အား မောင်အောင်ဇင်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ဇင်ဖြိုး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဖြိုးမင်းဦး ၁၀/မလမ(နိုင်)၂၅၀၁၃၁ ၏ Passport စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၈၆၄၃၅၈၀**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ မအူကုန်းရပ်ကွက်၊ ခေမာလမ်းနေ ဦးအောင်ကျော်စိုးဦး ၁၀/မလမ(နိုင်) ၁၁၁၅၁၈ ၏ အမည်မှန်မှာ ဦးကျော်စိုးဦး ဖြစ်ပါသည်။ **ဦးကျော်စိုးဦး**

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၂)၊ အဋ္ဌမတန်း (A)မှ မဇင်နွယ်နွယ်အောင်၏ဖခင်အမည်မှန်မှာ ဦးလှိုင်မျိုးချမ်း ၅/ရဘန(နိုင်)၁၆၄၁၆၆ ဖြစ်ပါကြောင်း။ **ဦးလှိုင်မျိုးချမ်း**

# အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

***ယမန်နေ့မှအဆက်***

၁၀။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၉ တွင် -

(က) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ (၃)၊ (၄)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၂) ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ခရီးသွားသူများအား အခွန်လွတ်အရောင်းဆိုင်မှ ရောင်းချသည့် အထူးကုန်စည်များ၊

(၃) ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ပြည်ပသို့ ပျံသန်းပြေးဆွဲနေစဉ် လေယာဉ် သို့မဟုတ် သင်္ဘောပေါ်တွင် ရောင်းချသည့် အထူးကုန်စည်များ၊

(၄) ယာယီအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းသို့ တင်သွင်းလာပြီး မူလတင်သွင်းသည့်နိုင်ငံသို့ မူရင်းပမာဏ အခြေအနေအတိုင်း အကောက်ခွန်သတ်မှတ်ချက်များနှင့်အညီ ပြန်လည်တင်ပို့မည့် အထူးကုန်စည်များ၊"

( ခ ) ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၃)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၃) ကျွန်းနှင့်သစ်မာသစ်လုံးများ၊ တစ်ဆယ်လက်မပတ်လည်နှင့်အထက် ကျွန်းနှင့်သစ်မာသစ်ခွဲသားများ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြအရိုင်းထည်များ၊ အချောထည်များမှအပ နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းများ အသုံးပြုရန် ကိုယ်တိုင်ထုတ်လုပ်သော၊ တင်သွင်းလာသော သို့မဟုတ် ဝယ်ယူသော အထူးကုန်စည်များ။"

၁၁။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ယာယီအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းသို့ တင်သွင်းလာပြီး မူလတင်သွင်းသည့်နိုင်ငံသို့ မူရင်းပမာဏ အခြေအနေအတိုင်း အကောက်ခွန် သတ်မှတ်ချက်များနှင့်အညီ ပြန်လည်တင်ပို့မည့် အထူးကုန်စည်များဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ၊"

၁၂။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၁။ (က) အထူးကုန်စည်ကို ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သူသည် ကျသင့်အခွန်မှ အထူးကုန်စည်ထုတ်လုပ်မှုနှင့် တင်ပို့မှုအတွက် အသုံးပြုရန် အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်းသို့ ကိုယ်တိုင်တင်သွင်းစဉ်က ဖြစ်စေ၊ အခြားအထူးကုန်စည် ထုတ်လုပ်သူထံမှ ကိုယ်တိုင်ဝယ်ယူစဉ်က ဖြစ်စေ ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကို ခုနှိမ်နိုင်သည်။

(ခ) အထူးကုန်စည် ထုတ်လုပ်မှု၊ တင်ပို့မှုများနှင့်စပ်လျဉ်း၍ အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရန် အခွန်ခုနှိမ်ပေးသွင်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ကျောက်မျက်ရတနာများ ထုတ်လုပ်ရောင်းချခြင်း၊ ဝယ်ယူရောင်းချခြင်းဖြစ်ပါက အခွန်ခုနှိမ်ခွင့်မပြုရ။

(ဃ) သို့ရာတွင် အစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲတွင် မိမိရောင်းချသည့် ကျောက်မျက်ရတနာကို ပြန်လည်ဝယ်ယူပြီး ပြည်ပသို့ ကိုယ်တိုင်တင်ပို့ရောင်းချခြင်းဖြစ်ပါက ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အခွန်မှယင်းပြပွဲတွင်မိမိဝယ်ယူစဉ် ပေးဆောင်ခဲ့သည့် အခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ပေးသွင်းနိုင်သည်။"

၁၃။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၂ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၂။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။ ယင်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ ထမ်းဆောင်နိုင်ရန်အတွက် အဖွဲ့များ ဖွဲ့စည်း၍ဖြစ်စေ၊ တစ်ဦးတစ်ယောက်ကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည် -"

၁၄။ (က) အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၁၃ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"ပုဒ်မ ၁၂ အရ ညွှန်ကြားရေးမှူးချုပ်က တာဝန်နှင့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို လွှဲအပ်တာဝန်ပေးအပ်ခြင်းခံရသည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်သည် -"

( ခ ) အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၁၃ ၏ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) အထူးကုန်စည်များထားရှိသော လုပ်ငန်းဥပစာ သို့မဟုတ် သိုလှောင်ရုံတစ်ခုခုမှ မထွက်ခွာမီဖြစ်စေ၊ သယ်ယူပို့ဆောင်နေစဉ် ဖြစ်စေ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရပ်တန့်ရန် တောင်းဆို၍ စစ်ဆေးနိုင်သည်။"

(ဂ) အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၁၃ ၏ ပုဒ်မခွဲ (ဃ)ပါ "ကုန်ထုတ်လုပ်သူ" ဆိုသည့် စကားရပ်အစား "တင်သွင်းသူ သို့မဟုတ် ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သူ သို့မဟုတ် ကျောက်မျက်ရတနာ ဝယ်ယူရောင်းချသူ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၄ ပါ "စာသက်သေခံတစ်ရပ်" ဆိုသည့် စကားရပ်၏ရှေ့တွင် "အတည်ပြုလက်မှတ်ရေးထိုးထားသည့် သက်သေခံကတ်ပြား သို့မဟုတ်" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၆။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၅ တွင် -

(က) ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ)တို့ပါ "အထူးကုန်စည်ထုတ်လုပ်သူ" ဆိုသည့် စကားရပ်အစား အထူးကုန်စည်ကိုတင်သွင်းသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူ၊ ကျောက်မျက်ရတနာဝယ်ယူရောင်းချသူ ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားလာခြင်းအပေါ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် လုပ်ငန်းမှတ်ပုံတင်ကို ထုတ်ပေးရမည်။"

(ဂ) ပုဒ်မခွဲ (ဂ) နောက်တွင် ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) မှတ်ပုံတင်ထားသည့် အထူးကုန်စည်တင်သွင်းသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူ၊ ကျောက်မျက်ရတနာ ဝယ်ယူရောင်းချသူတို့သည် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် ထုတ်ပေးသည့် လုပ်ငန်းမှတ်ပုံတင်ကို နှစ်စဉ် သက်တမ်းတိုး လျှောက်ထားရမည်။"

၁၇။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သူ သို့မဟုတ် ကျောက်မျက်ရတနာဝယ်ယူ ရောင်းချသူသည် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၈ နှင့်အညီ ကျသင့်သောအခွန်ကို ပေးဆောင်ရမည့်အပြင် အထူးကုန်စည်ကို ထုတ်လုပ်ခြင်း သို့မဟုတ် ထုတ်လုပ်ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ကျောက်မျက်ရတနာဝယ်ယူရောင်းချခြင်းအတွက် သုံးလပတ်ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး ၁၀ ရက်အတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ကျသင့်သော အထူးကုန်စည်ကိုထုတ်လုပ်ခြင်း၊ တင်ပို့ခြင်း၊ ကျောက်မျက်ရတနာဝယ်ယူရောင်းချခြင်း ဆောင်ရွက်နေသည်ဟု ယူဆရန်အကြောင်းရှိသည့် မည်သူ့ကိုမဆို ယင်းသို့ဆောင်ရွက်ခြင်းအတွက် ကျသင့်အခွန်ပေးဆောင်စေရန်နှင့် သုံးလတစ်ကြိမ် ကြေညာလွှာပေးပို့စေရန် အကြောင်းကြားနိုင်သည်။

(ဂ) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းသူသည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ယူခြင်းမပြုမီ ပြည်တွင်းသို့ တင်သွင်းသည့် အထူးကုန်စည်စာရင်းကို အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းရမည်။"

၁၈။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ ပေးပို့သော ကြေညာလွှာသည် ဆောင်ရွက်သည့် အထူးကုန်စည်နှင့် စပ်လျဉ်း၍ မှန်ကန်ပြည့်စုံသည်ဟု မြို့နယ်အခွန်ဦးစီးဌာနမှူးက ယုံကြည်ကျေနပ်လျှင် ယင်းကြေညာလွှာကိုအခြေပြု၍ အခွန်စည်းကြပ်ရမည်။

( ခ ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည်ကို ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ကျောက်မျက်ရတနာ ဝယ်ယူရောင်းချခြင်းနှင့်စပ်လျဉ်း၍ ပေးပို့လာသည့် ကြေညာလွှာပါ အချက်အလက်များမှ အထူးကုန်စည်ထုတ်လုပ်မှု၊ ရောင်းချမှု၊ ပြည်ပသို့ တင်ပို့မှု၊ ကျောက်မျက်ရတနာ ဝယ်ယူရောင်းချမှုအပေါ် ကျသင့်အခွန်ကို မှန်ကန်စွာမရရှိနိုင်ဟုယုံကြည်ရန်အကြောင်းရှိလျှင် လိုအပ်သော အခြားသက်သေခံအထောက်အထားများကိုစိစစ်ပြီးအခွန်စည်းကြပ်နိုင်သည်။

( ဂ ) အထူးကုန်စည်ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ကျောက်မျက်ရတနာဝယ်ယူရောင်းချခြင်းနှင့် စပ်လျဉ်း၍ ကြေညာလွှာပေးပို့ရန် ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသော သတင်းအချက်အလက်များကို အခြေပြု၍ အခွန်စည်းကြပ်ရမည်။

(ဃ) အထူးကုန်စည်ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ရောင်းချခြင်း၊ တင်ပို့ခြင်း၊ ကျောက်မျက်ရတနာ ဝယ်ယူရောင်းချခြင်းတို့အပေါ် အခွန်စည်းကြပ်ခြင်းကို ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)အရ ကြေညာလွှာတင်သွင်းသည့်လအတွင်း အထူးကုန်စည်ထုတ်လုပ်သူ၊ တင်ပို့သူ၊ ကျောက်မျက်ရတနာ ဝယ်ယူရောင်းချသူအား အခွန်စည်းကြပ်ရမည်။ အခွန်စည်းကြပ်ခြင်းမပြုမီ မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးခြင်း၊ သတင်းအချက်အလက် တောင်းခံခြင်းပြုနိုင်သည်။"

၁၉။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၈ ပါ "တစ်နှစ်အတွင်းသာ တောင်းဆိုခွင့်ရှိသည်" ဆိုသည့် စကားရပ်ကို "တစ်နှစ်အတွင်းသာ ထိုပြန်အမ်းငွေကို ထုတ်ပေးရန် သို့မဟုတ် ခုနှိမ်ပေးသွင်းခွင့်ပြုရန် သို့မဟုတ် ပေးဆောင်ရန်ရှိသည့် အခွန်အဖြစ် သတ်မှတ်ပေးရန် တောင်းဆိုခွင့်ရှိသည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၀။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲငယ် (၂)ပါ "စည်းကြပ်အခွန်၏ ၅၀ ရာခိုင်နှုန်း" ဆိုသည့် စကားရပ်အစား "ထပ်မံပေးဆောင်ရမည့်အခွန်၏ ၅၀ ရာခိုင်နှုန်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၂ တွင် -

(က) ပုဒ်မခွဲ (ခ) ပါ "အချိန်မီ" ဆိုသည့် စကားရပ်အစား "သတ်မှတ်ထားသော သို့မဟုတ် ထပ်မံတိုးမြှင့်ပေးထားသောအချိန်အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ (ဂ)ပါ "ယင်းကုန်စည်တန်ဖိုး" ဆိုသည့် စကားရပ်၏ရှေ့တွင် "လက်ဝယ်ထားရှိသူက" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

( ဂ ) ပုဒ်မခွဲ (ဃ) ပါ "ပေးဆောင်ရမည့်အခွန်၏" ဆိုသည့် စကားရပ်၏ ရှေ့တွင် "စည်းကြပ်မှုအရ ထပ်မံ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) သုံးလပတ် ကြေညာလွှာကို အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းအတွက် သက်ဆိုင်ရာစည်းကြပ်မှုအရ ထပ်မံပေးဆောင်ရမည့် အခွန်၏ ၁၀ ရာခိုင်နှုန်း၊"

(င) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်နှင့် စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန်ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိရပါက အထူးကုန်စည်ထုတ်လုပ်သူက ယင်းသို့ပျက်ကွက်ခြင်းအတွက် တွေ့ရှိသည့် အထူးကုန်စည်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း။"

၂၂။ အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဂ)နှင့် ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (က)တို့တွင် ပါရှိသော "ထုတ်လုပ်မှုပမာဏ" ဆိုသည့် စကားရပ်အစား "တင်သွင်းမှု၊ ထုတ်လုပ်မှု၊ တင်ပို့မှု၊ ပြည်တွင်း၌ ကျောက်မျက်ရတနာဝယ်ယူပြီး ပြန်လည်ရောင်းချမှုပမာဏ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၃။ အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) အထူးကုန်စည်များ ပြည်တွင်းသို့တင်သွင်းခြင်းအတွက် ကောက်ခံရငွေ၊ နိုင်ငံပိုင်လုပ်ငန်းဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတို့မှ ကောက်ခံရငွေမှအပ ကျန်ကောက်ခံရငွေအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ်ပေးသော ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းနိုင်သည်။"

၂၄။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၃၆ ၏ နောက်တွင် ပုဒ်မ ၃၇ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၇။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အထူးကုန်စည်ခွန်ပေးဆောင်ခဲ့ပြီးဖြစ်သည်ဟု ကျေနပ်လက်ခံပါက အထူးကုန်စည်ခွန်ပေးဆောင်ပြီးဖြစ်သည်ဟု မှတ်ယူရမည် -

(က) ၁-၄-၂၀၁၆ မတိုင်မီက တင်သွင်းခဲ့သော သို့မဟုတ် ထုတ်လုပ်ခဲ့သော ကုန်စည်များနှင့် စပ်လျဉ်း၍ ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေ၊ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေများအရ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ပြီး ဖြစ်ခြင်း၊

(ခ) ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ အာဏာမသက်ရောက်မီ ကာလက တင်သွင်းသော သို့မဟုတ် ထုတ်လုပ်သောကုန်စည်များ ဖြစ်ပြီး ကုန်သွယ်လုပ်ငန်းခွန် မကျသင့်ခြင်း၊

(ဂ) အခွန်ကင်းလွတ်ခွင့်ရရှိသော အထူးကုန်စည်များဖြစ်ခြင်း၊ ဥပမာ- ဤဥပဒေပုဒ်မ ၉ ၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၁) အရ ကုန်စည်များ။"

၂၅။ အထူးကုန်စည်ခွန်ဥပဒေ နောက်ဆက်တွဲဇယား၏ ခြေဆင်းကို ပယ်ဖျက်ရမည်။

---

## ဆေးရုံတက်ရောက် ကုသမှုခံယူသူများအား အာဟာရဒါနကုသိုလ်ပြု

**ဂန့်ဂေါ မတ် ၁၇ -** ဂန့်ဂေါမြို့၏ လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် မာဃသဟာယ လူမှုရေးအသင်းသည် စေတနာရှင်များ၏အားဖြင့် ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆေးရုံတက်ရောက်ကုသမှုခံယူနေရသည့် လူနာများအား အာဟာရဒါနပြုကျွေးမွေးခြင်း၊ ရဲစခန်းရှိ အချုပ်သားများအား အာဟာရကျွေးမွေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် စေတနာရှင် ဦးသန်းထွန်း၊ ဒေါ်ကြည်ဝင်းမိသားစုတို့နှင့် ပူးပေါင်း၍ မတ် ၁၃ ရက်က မြို့ပေါ် ဘုန်းတော်ကြီးကျောင်း သုံးကျောင်းရှိ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအပြင် ဂန့်ဂေါမြို့ပြည်သူ့ဆေးရုံရှိ လူနာများအား အာဟာရ ကျွေးမွေးကုသိုလ်ပြုကြကာ သောက်ရေသန့်များလှူဒါန်းကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လူငယ်စိုက်ပျိုးရေးသုတေသီအသင်း၏ ပထမအကြိမ် သုတေသနစာတမ်းဖတ်

**နေပြည်တော် မတ် ၁၇**

စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းနှစ်ရပ်လုံး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်စိုက်ပျိုးရေးသုတေသီအသင်း (YARSA)၏လှုပ်ရှားမှုတစ်ရပ်အဖြစ် ပထမအကြိမ် သုတေသနစာတမ်းဖတ်ပွဲကို မတ် ၁၅ ရက်က စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဒေါက်တာ ခင်ဇော်က ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲခြင်းများကို သင်ခန်းစာယူပြီး ရှေ့ဆက်ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများတွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ကြိုတင်ပြင်ဆင်နိုင်မည့် သုတေသနလုပ်ငန်းများ စူးစမ်းရှာဖွေဖော်ထုတ်သွားကြရန်နှင့် သမားရိုးကျလေ့လာမှုမဖြစ်စေဘဲ သုတေသီများ၏ ကိုယ်ပိုင်ဉာဏ်ပညာနှင့် အသစ်တီထွင်ကြံဆခြင်းများနှင့် ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် စိုက်ပျိုးရေးကဏ္ဍနှင့် သက်ဆိုင်သော စာတမ်း ၃၂ စောင်၊ မွေးမြူရေးကဏ္ဍနှင့် သက်ဆိုင်သော စာတမ်းသုံးစောင် စုစုပေါင်းစာတမ်း ၃၅ စောင်ကို ဖတ်ကြားတင်သွင်းသွားမည်ဖြစ်သည်။

အဆိုပါ စာတမ်းများကို သီးနှံမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံမျိုးရိုးဗီဇများ၊ မျိုးသစ်များ မျိုးစပ်မွေးမြူရွေးချယ်ထုတ်လုပ်ခြင်း၊ စိုက်နည်းစနစ်များ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးအစရှိသည့် သွင်းအားစုများ သုံးစွဲခြင်းဆိုင်ရာ သုတေသနတွေ့ရှိချက်များ ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေရှိစေနိုင်မည့် မျိုးနှင့် စိုက်ပျိုးနည်းစနစ်များ ရိတ်သိမ်းချိန်လွန်နည်းပညာများ၊ ကြက်၊ ဝက်နှင့် နွား စီးပွားဖြစ် မွေးမြူခြင်းဆိုင်ရာ သုတေသနစာတမ်းများ ပါဝင်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မြောက်နဝင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းဆောင်ရွက်



**ပြည် မတ် ၁၇**

ဂျပန်နိုင်ငံ Hokkaido University မှ Mr.INOUE Takashi ဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်ငါးဦး သည် မြောက်နဝင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း စီမံကိန်းလုပ်ငန်းခွင်သို့ မတ်လဒုတိယပတ်က ရောက်ရှိပြီး မြောက်နဝင်း လက်ဝဲတူးမြောင်းမကြီး လက်ဝဲလက်တံ (၁၃) လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ လေ့လာခြင်း အမှတ်တရသစ်ပင်စိုက်ခြင်း၊ လက်ယာတူးမြောင်းမကြီး လက်တံများအထိ နွေစပါးရေပေးဝေနေခြင်း၊ လက်ဝဲလက်တံ (၃) PROFIA AREA ရှိ တောင်သူ အချို့နှင့် တွေ့ဆုံမေးမြန်းကာ စမ်းသပ်စိုက်ခင်းများ လေ့လာ မှတ်တမ်းတင်ခဲ့ကြသည်။

အဆိုပါအဖွဲ့သည် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် စီမံကိန်းဧရိယာများကို ကမ္ဘာ့စားနပ်ရိက္ခာ အရင်းအမြစ် Programme အတွက် အကြိုကွင်းဆင်းလေ့လာခြင်း၊ လာမည့်နှစ်တွင် ကျောင်းသားများအား မြန်မာနိုင်ငံလယ်ယာကုန်ထုတ်လုပ်မှုများ လေ့လာမှတ်တမ်းပြုစုရန် လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

# မြိတ်ပြည်သူ့ဆေးရုံ၌ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါများ၊ အသည်းရောဂါများကို အခမဲ့စစ်ဆေးပေးမည်

**မြိတ် မတ် ၁၇**

မြိတ်ပြည်သူ့ဆေးရုံကြီး၌ အစာအိမ်နှင့်အူလမ်းကြောင်းရောဂါများ၊ အသည်းရောဂါများကို မတ် ၁၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း အသည်း၊ အစာအိမ်နှင့် အူလမ်းကြောင်းပညာဌာနမှ အခမဲ့စစ်ဆေးပေးမည်ဖြစ်ရာ ယနေ့ လာရောက်စာရင်းပေးပြီး ပြသနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း အသည်း၊အစာအိမ်နှင့် အူလမ်းကြောင်း ပညာဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်း (မြိတ်) ခရိုင်ကုသရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အသည်း၊ အစာအိမ်နှင့် အူလမ်းကြောင်းပညာဌာနမှ ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်း၊ ပါမောက္ခ ဗိုလ်မှူးချုပ် သန်းစိန်(ငြိမ်း)၊ပါမောက္ခ ကျော်စိုးထွန်း၊ ခွဲစိတ်ကု ပညာဌာနမှ ပါမောက္ခဒေါက်တာထွန်းဦးတို့ ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က အခမဲ့ စစ်ဆေးပေးမည်ဖြစ်ကြောင်း ဒေါက်တာ ဒေါ်သန္တာမျိုးဝင်းထံမှ သိရသည်။ **ခိုင်ထူး( ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်လျှင်သင့် သာသနိကအဆောက်အအုံများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**တိုက်ကြီး မတ် ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တိုက်ကြီးမြို့နယ် လျှင်ဒဏ်သင့် သာသနိက အဆောက်အအုံများအတွက် လှူဒါန်းသော အလှူငွေကျပ် ၅၈ သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြို့မိမြို့ဖ ဦးလုတင်၊ ဦးထွန်းလှိုင်၊ သာသနာရေးမှူး ဦးမျိုးသူရတို့သည် မတ် ၁၆ ရက် နံနက် ၉ နာရီက ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်လှူဒါန်းခဲ့သည်။

လျှင်ဒဏ်သင့်ခံရသော ဘုန်းကြီးကျောင်းများမှ စေတီများ ထီးတော်စောင်းသွားခြင်း၊ သိမ်နံရံများ အက်ကွဲသွားခြင်း၊ မုခ်ဦးများပြိုကျခြင်းနှင့် နံရံများ ပြိုလဲခြင်း၊ အုတ်တံတိုင်းများပြိုလဲခြင်းနှင့် ဇလီအမိုးပြိုကျခြင်းတို့ရှိခဲ့ရာ တစ်မျိုးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်းနှင့် ဇလီတစ်ခုအတွက် ငွေကျပ် ၅၈ သိန်းကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**

# ရွာမ-ပန်းတန်လမ်း ကွန်ကရစ်ခင်းနေမှု စစ်ဆေး

**တောင်ကုတ် မတ် ၁၇**

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဝေနှင့်အဖွဲ့သည် မတ် ၁၁ ရက် နံနက် ၁၀ နာရီက တောင်ကုတ်မြို့နယ်အတွင်း ပြည်ထောင်စု အထူးသီးသန့်ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ရွာမ-ပန်းတန်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို တာဝန်ရှိသူများနှင့် တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းလုပ်ငန်းမှာ အရှည် ခြောက်မိုင် ၀ ဒသမ ၉ ဖာလုံ ဖြစ်ကြောင်း သိရသည်။

**ကျော်သူရ(ပြန်/ဆက်)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် မတ် ၁၇**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် Environment Impact Assessment (EIA) လုပ်ငန်းများအား Survey Vessel "M.V.UV JENNY" ဖြင့် ဆောင်ရွက်သွားမည့် ဧရိယာဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၂ မိနစ် ၃၆ ဒသမ ၄၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၂ မိနစ် ၃၁ ဒသမ ၂၆၇ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၂ မိနစ် ၃၇ ဒသမ ၃၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၇ မိနစ် ၁၃ ဒသမ ၆၉၇ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၈ ဒသမ ၄၉၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၃ မိနစ် ၂၆ ဒသမ ၉၆၈ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၁ ဒသမ ၆၂၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၅၃ ဒသမ ၅၉၇ စက္ကန့်အတွင်းတွင် ၂၀၁၇ ခုနှစ် မတ် ၂၀ ရက်မှ ၂၀၁၇ ခုနှစ် ဧပြီ ၇ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

သို့ဖြစ်၍ ကမ်းလွန်လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် Environment Impact Assessment (EIA) လုပ်ငန်းများအား Survey Vessel " M.V.UV JENNY" ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ပန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာ တားမြစ်ထားကြောင်းသည်။ **(မြန်မာ့အလင်း)**

# သုံးခွမြို့နယ်၌ စက်ရေတွင်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် နဘဲကုန်းကျေးရွာတွင် လေးလက်မ PVC ပိုက်၊ စက်ရေတွင်း၊ ရေစက်ရုံနှင့် အုတ်ရေကန်တည်ဆောက်ပြီးစီးမှုကို မတ် ၁၀ ရက်က သုံးခွမြို့နယ် ဦးစီးအရာရှိ ဦးဇော်လင်းနိုင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ ထိုက်စင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော သုံးခွမြို့-စစ်ကိုင်းစုကျေးရွာဆက်သွယ်သော ကွန်ကရစ်ဘီးလမ်းအရှည် တစ်မိုင်ခင်းကျင်းလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ပုသိမ်ကရုဏာလူမှုကူညီရေးအသင်း ၁၄နှစ်တိုင်တိုင် စွမ်းဆောင်ကူညီမှု ဂုဏ်ပြု

**ပုသိမ် မတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ပုသိမ်အထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်ကုသနေသောလူနာများ၏ လိုအပ်ချက်ဖြစ်သော သွေး၊ အောက်ဆီဂျင်၊ နာရေးပို့ဆောင်မှု၊လူမှုရေးအခက်အခဲပေါင်းစုံများကို ၂၀၀၃ ခုနှစ်မှစတင်၍ ၁၄နှစ်ကာလတိုင် စွမ်းဆောင်ကူညီပေးသော ပုသိမ်ကရုဏာလူမှုကူညီရေးအသင်းကြီးအား ဂုဏ်ပြုပွဲကို မတ် ၁၄ ရက်က ပုသိမ်မြို့ တိုင်းဒေသကြီး အထွေထွေကုသဆရာဝန်များ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ လူမှုကူညီရေးအသင်းသည် အခြေခံလူတန်းစားများ၏ ကျန်းမာရေး၊ ဆေးဝါး၊ကုသမှု၊ဆေးရုံ အတက်အဆင်း၊ သွေး၊ အောက်ဆီဂျင်၊ ဆေးဝါ၊ နာရေးကူညီမှုအပြင် မီးဘေးကာကွယ်ရေးအတွက် မီးသတ်ကားနှစ်စီးလည်း အသင့်ကူညီနိုင်ကြောင်း၊ ၁၄ နှစ်တာကာလအတွင်း နာရေးကိစ္စ ၁၃၉၉၇ ဦး၊ နယ်ဝေး-၁၂၉၀၊ နာရေးပစ္စည်းပံ့ပိုးမှု-၇၇၀၊ ဆေးကုသလူနာ ၅၆၀၇ ဦးအတွက် ငွေကျပ်သိန်းပေါင်း ၁၀၅၀ ကျော်၊ မျက်စိခွဲစိတ်လူနာ-၂၀၆၉ဦးအတွက် ငွေကျပ်သိန်းပေါင်း ၂၀၀ခန့်၊ အသက်ကယ် အောက်ဆီဂျင်ဘူးကြီးပေါင်း ၇၉၅၅ လုံးအတွက် ငွေကျပ်သိန်းပေါင်း ၄၀၀ခန့် ထောက်ပံ့ကူညီနိုင်ခဲ့သည်။

ထို့နောက် ပုသိမ်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာစုစုလှိုင်က ကရုဏာလူမှုကူညီရေးအသင်း(ကိုယ်စား) နာယကကြီးဦးအောင်ခအား ဂုဏ်ပြုမှတ်တမ်းပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းဆေးရုံကြီးနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခြင်းကို ဆက်လက်ကျင်းပရာ ပုသိမ်ကရုဏာလူမှုကူညီရေးအသင်း ဥက္ကဋ္ဌဦးအေးကျော်၊ ဦးတင်အုန်း၊ (၆၅)ကြိမ်မြောက်သွေးအလှူရှင် ဦးထွန်းထွန်းတို့၏ ဆွေးနွေးမေးမြန်းခြင်းများကို တာဝန်ရှိသူတို့က ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ပုသိမ်-လှကြည်**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

# ပုလဲမြို့နယ်အတွင်း ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ထားသည့်ကျေးရွာများသို့ ကွင်းဆင်း

**ပုလဲ မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ခင်အေးကျေးရွာ၊ ဝက်ကျကျေးရွာနှင့် ပျော်ဘွယ်ကျင်းကျေးရွာများ၌ Polit Installation ဆောင်ရွက်ထားသည့် အခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) National Electrification Project စီမံကိန်းရုံး ညွှန်ကြားရေးမှူးဒေါက်တာ စိုးစိုးအုန်းနှင့် အဖွဲ့သည် မတ် ၁၄ က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဒေါက်တာ စိုးစိုးအုန်းက ပစ္စည်းများ၏ အရည်အသွေးသာမက တပ်ဆင်မှုနည်းစနစ်နှင့် ကျေးရွာများ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိအောင် လိုက်လျောညီထွေစွာ ပေါင်းစပ်တပ်ဆင်နိုင်ရေးကို ပြောကြားခဲ့ပြီး ပြုပြင်ရန် လိုအပ်လျက်ရှိသည့် လုပ်ငန်းများကို ချက်ချင်းပြုပြင်ဆောင်ရွက်စေခဲ့သည်။



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် National Electrification Project အရ ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်အတွက် ဆိုလာပစ္စည်းများ အားလုံးသည် ဧပြီလအတွင်း ပုလဲမြို့နယ်သို့ ရောက်ရှိမည်ဖြစ်ရာ စာရင်းပေးထားသည့် ဝက်ကျ၊ ငန်းချောင်း၊ ကန်ပေါက်၊ လက်ပံ၊ ခင်အေး၊ သပြေရေနှင့် ပျော်ဘွယ်ကျင်းကျေးရွာ စုစုပေါင်းကျေးရွာ ခုနစ်ရွာမှ အိမ်ခြေ ၇၁၆ အိမ်အား စံချိန်စံညွှန်းပြည့်မီစွာဖြင့် အမြန်ဆုံးတပ်ဆင်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပလောက်မြို့ မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်

**ပလောက် မတ် ၁၇**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့၌ ပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်များ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် ပလောက်မြို့ မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးသန်းဇော်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်အတွင်းရှိ မြို့တွင်းလမ်းများအတိုင်း မတ် ၁၄ ရက်မှစ၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်မှုများကို အပတ်စဉ်နှိုးဆော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအဖွဲ့သည် မီးသတ်မော်တော်ယာဉ်များဖြင့် လှည့်လည်လျက် အရေးပေါ်မီးဘေးအန္တရာယ် တစ်စုံတစ်ရာပေါ်ပေါက်ပါက ထိန်းသိမ်းနိုင်စေရန် မိမိတို့၏နေအိမ်အနီး အလွယ်တကူအသုံးပြုနိုင်မည့်နေရာ၌ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ သဲထုပ်/ရေထုပ်တို့ကို ထားရှိကြရန် သတိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကိုယ်ဝန်ဆောင်အမျိုးသမီးများ သေဆုံးမှုလျော့နည်းစေရေး ဆောင်ရွက်



**ငါ့သရောက် မတ် ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံဆရာဝန် ဒေါက်တာကံမင်းအောင်၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အပတ်စဉ်ဗုဒ္ဓဟူးနေ့ရောက်တိုင်း ဆေးရုံလူနာကုသဆောင်တွင် အနီးကပ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စစ်ဆေးကုသဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံ ဒေါက်တာကံမင်းအောင်ထံမှ သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ မြို့နယ်အတွင်း အန္တရာယ်ရှိတဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ ဆေးရုံသို့ လာရောက်ပြီး အန္တရာယ်ကင်းစွာ မွေးဖွားပေးနိုင်ဖို့နဲ့ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်မှု အနည်းဆုံးလေးကြိမ် စောင့်ရှောက်မှုတွေ ခံယူကုသပေးနိုင်ဖို့ အချက်တွေကိုရည်ရွယ်ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ အနီးကပ် ကျန်းမာရေးစောင့်ရှောက်မှုတွေ စစ်ဆေးကုသဆောင်ရွက်ပေးနေပါတယ်။ ဒီလို ကိုယ်ဝန်ဆောင်မိခင်များကို အနီးကပ် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းအားဖြင့် ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ရင်သွေးငယ်တွေ သေဆုံးမှုလျော့နည်းလာနိုင်ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်များကလေးမီးမဖွားခင် မိခင်မှ ကလေးသို့ ကူးစက်နိုင်တဲ့ရောဂါတွေကို သွေးဖောက်စစ်ဆေးပြီး ကြိုတင်ကာကွယ်ကုသခြင်းတွေ ပေးနိုင်တဲ့အပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အာဟာရပြည့်ဝစေရေးအတွက် (Micro – Nutrient) ဖြန့်ဝေရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးနိုင်တဲ့အတွက် မြို့နယ်အတွင်းက ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ တစ်နှစ်ထက် တစ်နှစ် သေဆုံးမှုတွေ လျော့နည်းသွားစေမှာ ဖြစ်ပါတယ်" ဟု မြို့နယ်တာဝန်ခံ ဆရာဝန်က ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပန်းချီရေးဆွဲနည်းသင်တန်းဖွင့်

**မာန်အောင် မတ် ၁၇**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နွေရာသီကျောင်းပိတ်ရက်ပန်းချီ အခြေခံရေးဆွဲနည်းနှင့် ပန်းအရုပ်မျိုးစုံ ပုံဖော်ခေါက်နည်းများကို မြို့နယ်ပြည်သူ့စာကြည့်တိုက် Community Centre ၌ မတ် ၁၅ ရက် မှ ၁၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်း မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများအနေဖြင့် ပန်းချီအခြေခံရေးဆွဲနည်းနှင့် ပန်း၊ အရုပ်ပုံဖော်ခေါက်နည်းများကို စနစ်တကျ နားလည်တတ်မြောက်စေရန်နှင့် ကျောင်းပိတ်ရက်အတွင်း အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ ကျောင်းသားကျောင်းသူ ၅၀ တက်ရောက်ကြကြောင်း သိရသည်။

**သိန်းဇေ(ပြန်/ဆက်)**

# စစ်ကိုင်း သင်္ကြန်ဖိုက် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး အောင်သမာဓိစိန်ရွှေရတနာဆိုင်က အဓိကကူညီပံ့ပိုးကာ ဦးဒဿစီစဉ်ကျင်းပသည့် စစ်ကိုင်းမြို့ သင်္ကြန်ဖိုက် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဧပြီ ၁၁ ရက် ညနေ ၅ နာရီတွင် စစ်ကိုင်းမြို့ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

"ဒီစစ်ကိုင်းသင်္ကြန်ဖိုက်ကို အရင်နှစ်ကတော့ မကျင်းပဖြစ်ခဲ့ပါဘူး။ ဒါပထမဆုံး ကျင်းပတာပါ။ ရည်ရွယ်ချက်ကတော့ အထက်မြန်မာပြည် လက်ဝှေ့သမားတွေ ပွဲစဉ်များများ ထိုးနိုင်ဖို့ဆိုပြီး ရိုးရာလက်ဝှေ့ ဖွံ့ဖြိုးတိုးတက်အောင် ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်။ ဒီစစ်ကိုင်းသင်္ကြန်ဖိုက်မှာ ပြည်ပပွဲစဉ်တွဲဆိုင်းတွေ မပါပါဘူး။ ပြည်တွင်းတွဲဆိုင်း မျိုးဆက်သစ်တွေပါပဲ။ အဓိကကတော့ မျိုးဆက်သစ်တွေ ပိုမိုများပြားလာဖို့နဲ့ လက်ရည်ဆန်းစစ်တဲ့အနေနဲ့ ဒီပွဲလေးကိုကျင်းပဖြစ်တာပါ။ ရုံဝင်ကြေးကိုလည်း ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူတွေ ကြည့်ရှုနိုင်တဲ့ဈေးနှုန်းအတိုင်း စီစဉ်ထားပါတယ်" ဟု ပွဲစီစဉ်သူ ဦးဒဿက ပြောသည်။

ပြိုင်ပွဲတွင် ပြည်တွင်းတွဲဆိုင်း ၁၂ ဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အဓိက Main Fight ပွဲစဉ်အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရွှေတံဆိပ်ဆုနှင့် အကောင်းဆုံးအားကစားသမားဆုရှင် ထွန်းလင်းခန့် (စစ်ကိုင်းကလပ်)နှင့် အောင်လံဆုရှင် ဆန်းသူရဦး (တောင်ကလေး)၊ မန္တလေးတိုင်းဒေသကြီးလက်ရွေးစင် စိန်လုံးချော (ဗမာ့သွေး)နှင့် အောင်လံဆုရှင် သက်စိုးပေ (ယူနိုက်တက်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွှေတံဆိပ်ဆုရှင် အံ့ဘွား(ကောလင်း)နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ရွှေတံဆိပ်ဆုရှင် သက်ပိုင်အောင် (တောင်ကလေး)၊ ရွှေကျား (စစ်ကိုင်းကလပ်) နှင့် မြင့်ဌေးဦး (ရဲမြသွေး)၊ မင်းသစ် (ရွှေသောင်ရင်း)နှင့် ဖိုက်ကေ (ကျားဖြူ)၊ အောင် တံခွန် (ရတနာပုံ)နှင့် ဇေယျာရဲရင့် (ဇေယျာကလပ်)၊ အောင်လင်းယုန် (ရတနာပုံ) နှင့် စိုးသီဟ (ဇေယျာကလပ်)၊ လင်းယဉ်သွေး (စစ်ကိုင်းကလပ်)နှင့် ဖြိုးလေး(နိုင်းပါဝါ)၊ ငွေနန်းတော် (ရတနာပုံ)နှင့်တောင်ပံလုလေး (မြကန်သာ)၊ ကျော်အောင် (ရတနာပုံ)နှင့် လက်သီးခားမြ(နိုင်းပါဝါ)၊ စိုးပေလေး (ရတနာပုံ)နှင့် တိမ်ကျား (ယူနိုက်တက်)၊ အာရှနဂါး (ကျည်ဆံနဂါး) နှင့် တော်ဝင်နဂါး (ကျားဖြူ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

အဆိုပါ စစ်ကိုင်းသင်္ကြန်ဖိုက်တွင် ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူများ လူလတ်တန်းစားမရွေး လာရောက်ကြည့်ရှုနိုင်ရန် ရုံဝင်ကြေးအဖြစ် ရိုးရိုးတန်းငွေကျပ် ၅၀၀၀၊ အထူးတန်းငွေကျပ် ၈၀၀၀ နှင့် VIP တန်းကို ငွေကျပ် ၂၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**မင်းခေတ်**

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

# မန်းရွှေစက်တော်ဘုရား ပွဲတော်ဈေးတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိ/မရှိ စစ်ဆေး

**မင်းဘူး မတ် ၁၇**

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် မင်းဘူးခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးခင်မောင်ညွန့်နှင့် ဝန်ထမ်းများသည် မန်းရွှေစက်တော်ဘုရားပွဲတော်ဈေးတွင် ဘုရားဖူးလာပြည်သူများ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ/မရှိကို မတ် ၁၅ ရက်က စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ စားသုံးရန်မသင့် ကြော်ငြာထားသော အစားအသောက်များကို ရောင်းချမှု ရှိ/မရှိ၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်**

# ဆင်အိုးချေ-လေညှင်းတောင် မြေသားလမ်းစတင်ဖောက်လုပ်လျက်ရှိ

**မြောက်ဦး မတ် ၁၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အထူးသီးသန့် ရန်ပုံငွေဖြင့် ဖောက်လုပ်သော ဆင်အိုးချေ-လေညှင်းတောင် မြေသားလမ်းကို မတ်လအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အသစ်ဖောက်လုပ်လျက်ရှိသော မြေသားလမ်းသစ်ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် ဌာနမှ အင်ဂျင်နီယာတို့၏ ကြီးကြပ်မှုဖြင့် ဝတီရွှေမြေ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ယခု တာဝန်ယူ ဆောင်ရွက် ဖောက်လုပ်လျက်ရှိသော ဆင်အိုးချေ-လေညှင်းတောင် (အောက်)-လေညှင်းတောင် (အထက်)-ကျောက်တလား မြေသားလမ်း (၃/၄)မိုင် ဖောက်လုပ်ခြင်းမှ မတ် ၁၀ ရက် အထိ (၀/၅.၅)မိုင် ဖောက်လုပ်ပြီးစီးမှုကို တာဝန်ရှိသူများက ကြည့်ရှုခဲ့သည်။

အဆိုပါ မြေသားလမ်းဖောက်လုပ်ပြီးစီးပါက အနီးအနားရှိ ကျေးရွာများမှ ကျေးရွာသူ/ ကျေးရွာသားများအနေဖြင့် ဆင်အိုးကြီး-မြောက်ဦးမြို့သို့ ဆက်သွယ်သွားလာသော ကွန်ကရစ်လမ်းမှတစ်ဆင့် အခြားဒေသများသို့ မိမိတို့ကျေးရွာမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များကို လွယ်ကူစွာ ရောင်းဝယ်ဖောက်ကားနိုင်ပြီး ကျေးရွာသူ/ ကျေးရွာသားများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ပြည်တွင်းဘုရားဖူးနှင့် နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားနေကြသည့် ဇွဲကပင်တောင်ခြေ အပျော်စီးကေဘယ်ချဲ

**သတင်းဆောင်းပါး - ထွန်းထွန်းထွေး(ဘားအံ)**



ဘားအံမြို့နယ် တော်ပုံကျေးရွာ ဇွဲကပင်တောင်ခြေ လုမ္ဗိနီဥယျာဉ်တွင် တည်ဆောက်ဖွင့်လှစ်ထားသော ကေဘယ်ချဲ (CableChair)ကို ဇွဲကပင်ဆံတော်ရှင် ဗုဒ္ဓပူဇနိယဘုရားပွဲတော်သို့ လာရောက်သောပရိသတ်များ၊ ပြည်တွင်းပြည်ပ ဘုရားဖူးများနှင့် နိုင်ငံခြား ခရီးသွားများအား စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ဇွဲကပင်တောင်ခြေ လုမ္ဗိနီဥယျာဉ်တွင် အပျော်စီးကေဘယ်ချဲကို မတ် ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်ဆရာတော်နှင့် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်၍ အခမ်းအနားကျင်းပ ဖွင့်လှစ်ခဲ့ပြီး ထိုနေ့က ဇွဲကပင်တောင်သို့ ဘုရားဖူးလာရောက်သော ပရိသတ်များကို အခမဲ့စီးနင်းစေခဲ့ကြောင်းသိရသည်။

တပေါင်းလပြည့်နေ့က ဇွဲကပင်ဆံတော်ရှင် ဗုဒ္ဓပူဇနိယဘုရားပွဲတော်သို့ လာရောက်သော ပရိသတ်များအပါအဝင် ဇွဲကပင်တောင်ခြေသို့ ပြည်တွင်းပြည်ပ ဘုရားဖူးများ၊ နိုင်ငံခြားခရီးသည်များ လာရောက်မှု ပိုမိုများပြားလာသဖြင့် အပျော်စီးကေဘယ်ချဲကိုလည်း တစ်နေ့ထက်တစ်နေ့ လာရောက်စီးနင်းသူပိုမိုများပြားလာကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ကေဘယ်ချဲကို လာရောက်စီးနင်းဖို့ ပရိသတ်ပြည်သူတွေသိအောင် နှိုးဆော်ပေးနေပါတယ်။ ဘုရားဖူးလာရောက်တဲ့ သံဃာတော်နဲ့ သီလရှင်တွေကို အခမဲ့စီးနင်းခွင့်ပြုပေးထားပြီး လူပုဂ္ဂိုလ်တွေအနေနဲ့တော့ ကေဘယ်ချဲကို စီးမယ်ဆိုရင် အလှူငွေ တစ်ထောင်ကျပ်ထည့်ပြီး စီးနင်းရပါတယ်။ ရရှိလာတဲ့ အလှူငွေတွေကလည်း ဇွဲကပင်တောင်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆရာတော်ဘုရားရဲ့ သာသနာပြုလုပ်ငန်းတွေအတွက် သုံးစွဲသွားမှာဖြစ်ပါတယ်"ဟု နှိုးဆော်ရေးကော်မတီဝင် ဦးဝင်းဗိုလ်က ပြောသည်။

ဇွဲကပင်တောင်ခြေရှိ အပျော်စီးကေဘယ်ချဲကို ရဟန်းရှင်လူ၊ ပြည်သူများနှင့် နိုင်ငံခြားခရီးသည်များ စိတ်အေးချမ်းသာစွာ အပန်းဖြေစီးနင်းနိုင်ရေးအတွက် လိုအပ်သည်များကို ဇွဲကပင်တောင်ခြေ၌ ဆရာတော်ဖွင့်လှစ်ထားသည့် ယူနိုက်တက် အကယ်ဒမီပွိုင့် ဂျပန်စကားပြောသင်တန်းမှ တိုင်းရင်းသားလူငယ်မောင်မယ်များက ပရဟိတဒါနအဖြစ် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကေဘယ်ချဲကို ကြိုးထောက်တိုင် ၁၀ တိုင်ဖြင့် အရှည်မီတာ ၃၀၀ တည်ဆောက်ထားပြီး အတွဲပေါင်း ၃၀ ပါရှိကာ တစ်တွဲလျှင် လူကြီးနှစ်ယောက်၊ ကလေးဆိုလျှင် သုံးယောက်မှ လေးယောက်အထိ စီးနင်းလိုက်ပါနိုင်ပြီး အချိန်တစ်နာရီလျှင် လူဦးရေ ၅၀၀ ခန့် စီးနင်းနိုင်ကြောင်း သိရသည်။ ကေဘယ်ချဲကို လျှပ်စစ်ဓာတ်အားသုံးစွဲ၍ လည်ပတ်ပြီး ဓာတ်အားချို့ယွင်းပြတ်တောက်မှုများ ဖြစ်ပေါ်ပါကလည်း အင်ဂျင်မီးစက်ဖြင့် အစားထိုးလည်ပတ်နိုင်ရေးနှင့် စီးနင်းသူများ၏ ဘေးကင်းလုံခြုံရေးအတွက်လည်း စီမံဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါ ကေဘယ်ချဲကို တာဝန်ယူတည်ဆောက်ခဲ့သည့် ပြည်တွင်းအင်ဂျင်နီယာ ဦးကျော်ကျော်က "ကေဘယ်ချဲကို ဇွဲကပင်တောင်မှာ ပထမဆုံး လာတပ်ဆင်ရတာ ဦးအနေနဲ့ အင်မတန်ကိုဝမ်းသာပါတယ်။ ဦးရဲ့ပညာ၊ အတွေ့အကြုံ၊ ဗဟုသုတ၊ အရင်းအနှီးနဲ့ ခွင့်ပြုမိန့်ရရှိမယ့် နေရာတွေမှာ တပ်ဆင်သွားချင်တယ်။ တပ်ဆင်ချင်တဲ့နေရာကတော့ ခွင့်ပြုမိန့်ရအောင်လျှောက်ပေ့ါ။ တည်ဆောက်ပြီးစီးရင် ပိုက်ဆံကောက်၊ ရရှိတဲ့ကောက်ခံငွေထဲကနေ အစိုးရကိုပေးရမယ့် အခွန်အခတွေ၊ အလုပ်သမားဝန်ထမ်းစရိတ်တွေ၊ ပြုပြင်ထိန်းသိမ်းရေးစရိတ်တွေနုတ်ပြီး ၅၀ ရာခိုင်နှုန်းသာ ဦးအနေနဲ့ ရယူမယ်။ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းကို အဲဒီနေရာမှာ လှူဒါန်းပေးသွားမှာဖြစ်တယ်။ ဦးယူတဲ့ ၅၀ ရာခိုင်နှုန်းကလည်း လိုအပ်တဲ့နေရာသုံးခုမှာ ထပ်မံတပ်ဆင်နိုင်ရေးအတွက် သုံးစွဲသွားဖို့ဖြစ်တယ်။ အထူးသဖြင့် ဘာသာရေး၊ ပရဟိတဆေးရုံ၊ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့ နေရာတွေမှာ တည်ဆောက်လှူဒါန်းသွားချင်ပါတယ်"ဟု ပြောသည်။

ဇွဲကပင်တောင်ခြေ ကေဘယ်ချဲကို ကျပ်သိန်းပေါင်း ၃၅၀၀ အကုန်ကျခံ၍ ရွှေတိုင်းကျော် စက်မှုလက်မှုလုပ်ငန်းက တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ပစ္စည်းတန်ဖိုးနှင့် စရိတ်အနေဖြင့် ကျပ်သိန်း ၁၅၀၀ ကိုသာ ဇွဲကပင်တောင် ဆရာတော်ထံမှ စွန့်ယူမည်ဖြစ်ပြီး ကျပ်သိန်း ၂၀၀၀ ကျော်ကို ကေဘယ်ချဲ တာဝန်ယူတည်ဆောက်ပေးသည့် ရွှေတိုင်းကျော် စက်မှုလက်မှုလုပ်ငန်းရှင် ဦးကျော်ကျော်(AGTI-EC)မိသားစုက ကမ္ပည်းထိုး လှူဒါန်းသွားမည်ဟု သိရသည်။

ကေဘယ်ချဲကို စတင်ဖွင့်လှစ်သည့် မတ် ၁ ရက်မှ မတ် ၁၆ ရက်အထိ ငွေကျပ်သိန်းတစ်ရာကျော် အလှူငွေ ရရှိနေပြီ ဖြစ်ပြီး ဇွဲကပင်ကေဘယ်ချဲကို လာရောက်စီးနင်းသူများအနေဖြင့် လူတစ်ဦးလျှင် လက်မှတ်တစ်စောင်စီ ဝယ်စီးရန်၊ လက်မှတ်တစ်စောင်လျှင် တစ်ကြိမ်သာစီးနင်းခွင့်ရှိကြောင်း၊ သက်ကြီးရွယ်အိုနှင့် ကလေးငယ်များ၊ ရောဂါရှိသူများ မစီးရန်၊ ဆေးလိပ်၊ ကွမ်း၊ ပီကေမစားရန်၊ မထွေးရန်၊ အမှိုက်မပစ်ချရန်၊ ခုန်ပေါက်ဆော့ကစားခြင်း၊ အောက်သို့ခုန်ချခြင်းများ မပြုလုပ်ရန်၊ အဂါရဝဖြစ်စေမည့်(မလုံခြုံသော)အဝတ်အစားများဖြင့် မစီးရန် စသည့် ကေဘယ်ချဲစီးနင်းသူများ သိရှိလိုက်နာရမည့် စည်းကမ်းချက်များလည်း ထုတ်ပြန်ထားကြောင်း သိရသည်။ ။

## အန္တရာယ်ရှိစားသောက်ကုန်များ ရောင်းချခြင်းမရှိရန် စစ်ဆေးပြီး စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော




**မော်လူး မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး စည်ပင်သာယာဈေးတွင် ပြည်သူများစားသုံးရန် မသင့်သော အန္တရာယ်ရှိစားသောက်ကုန်များ ရောင်းချခြင်း မရှိစေရန်အတွက် အင်းတော်မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနက မတ် ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

"မော်လူး စည်ပင်သာယာဈေးထဲမှာ ရောင်းချနေတဲ့ ဈေးဆိုင်အားလုံးကို တာဝန်ရှိသူတွေနဲ့အတူ ဝင်ရောက်စစ်ဆေးပြီး သက်တမ်းလွန် အန္တရာယ်ရှိစားသောက်ကုန်များကို စစ်ဆေးပါတယ်။ ပညာပေးဟောပြောမှုတွေ လုပ်ဆောင်ပြီး ထိရောက်တဲ့ အရေးယူဆောင်ရွက်တာမျိုး ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု အင်းတော်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးကြည်နိုင်ဦးက ပြောကြားသည်။ မော်လူး စည်ပင်သာယာဈေးအတွင်း စစ်ဆေးပြီးနောက် ဟောပြောပွဲကို မော်လူးကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ စားသုံးသူအကာကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဆက်လက်ပြုလုပ်ခဲ့သည်။

အသိပညာပေးဟောပြောပွဲနှင့် ကွင်းဆင်းစစ်ဆေးခြင်းများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့၏ လမ်းညွှန်ချက်အရ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သက်တမ်းလွန်/တားမြစ် စားသောက်ကုန်များ ရောင်းချနေမှုများရှိပါက အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

(ဝ၆၇)

## ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ပညာပေးဟောပြော

**ကျိုင်းတုံ မတ် ၁၇**

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ကုန်များ လုံခြုံစိတ်ချမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ကုန်ပစ္စည်းပြပွဲကို ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ မတ် ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။ ဟောပြောပွဲတွင် ကျိုင်းတုံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းစိုးက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအကြောင်း၊ ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုများနှင့်စပ်လျဉ်းပြီး ဥပဒေဆိုင်ရာ အကာအကွယ်ပေးခြင်း၊ ကျန်းမာရေးနှင့် ဘေးဥပါဒ် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးခြင်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဟောပြောပွဲနှင့် ကုန်စည်ပြပွဲကို ကျိုင်းတုံခရိုင် စားသုံးသူရေးရာ ဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများကလည်း အာဟာရပြည့်မီပြီး လုံခြုံစိတ်ချရသည့် အစားအစာအကြောင်းကို ဟောပြောခဲ့သည်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**

## ပခုက္ကူမြို့မရဲစခန်းက သောက်သုံးရေများလှူဒါန်း

**ပခုက္ကူ မတ် ၁၇**

ပခုက္ကူမြို့မီးရထားရဲဝန်ထမ်းလိုင်းတွင် ရေတွင်းပျက်နေ၍ သောက်သုံးရေများ လိုအပ်လျက်ရှိရာ ပခုက္ကူမြို့မရဲစခန်းမှ တာဝန်ရှိသူများက ရေသယ်ကားနှစ်စီးဖြင့် မတ် ၁၅ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ ပခုက္ကူမြို့မရဲစခန်းမှူး ဒုတိယရဲမှူးကျော်စိုးနှင့် တပ်ဖွဲ့ဝင်များက ဝေဠုကျော်ဖောင်ဒေးရှင်းနှင့် ပခုက္ကူရေအလှူတော်အဖွဲ့တို့နှင့် ပူးပေါင်းပြီး သောက်သုံးရေအခက်အခဲဖြစ်နေသည့် ပခုက္ကူမီးရထားရဲတပ်ဖွဲ့ ဝန်ထမ်းလိုင်းသို့ ဂါလန်၁၄၀၀ ဆံ့ရေကားနှစ်စီးဖြင့် သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ပခုက္ကူ ရေအလှူတော်အဖွဲ့အနေဖြင့် ယမန်နှစ်က ရေရှားပါးသည့် ကျေးရွာ ၄၄ ရွာသို့ ရေဂါလန်ပေါင်း ၁၀ သိန်းကျော် သွားရောက်လှူဒါန်းပေးနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ရေဂါလန်သုံးသောင်းခန့် လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုဇော်(ခတု)**

## လူထုဗဟိုပြုစီမံကိန်းအရ ကျေးရွာချင်းဆက်လမ်းကို သဲကျောက်ခင်း အဆင့်မြှင့်တင်

**ဗန်းမော် မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေဖြင့် ကိုင်းကြီးကျေးရွာနှင့် ခေါင်းကိုက်ကျေးရွာကြားရှိ ကျေးရွာချင်းဆက်မြေသားလမ်းကို သဲကျောက်ခင်း၍ အဆင့်မြှင့်တင် ပြုပြင်လျက်ရှိကြောင်း သိရသည်။

ဗန်းမော်မြို့နယ် လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေ ကျပ် ၁၀၁ သိန်းဖြင့် လမ်းအရှည်ပေ ၄၆၀၀ တွင် အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိ သဲကျောက်ခင်းခြင်းလုပ်ငန်းကို မတ် ၁၄ ရက်က စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး သဲကျောက်များကို မဲဇာမြစ်ကမ်းဘေးရှိ ပလပ်သဲကျောက်ခုံများမှ ခြောက်ဘီးကား ၁၀ စီးဖြင့် သယ်ယူ၍ လမ်းခင်းလျက်ရှိကြောင်း၊ လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုင်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကိုင်းကြီးကျေးရွာ လူထုဗဟိုပြုစီမံကိန်း ဥက္ကဋ္ဌ ဦးချစ်ဦးမောင်နှင့် ကော်မတီဝင်များက ဦးဆောင်ပြီး ကျေးရွာနေပြည်သူ ၃၀ ကျော်ခန့်ဖြင့် ဆောင်ရွက်နေကြကြောင်း သိရသည်။

(ဝ၇၆)



## ဓမ္မကျောင်းတော် ၁၉ ကျောင်း စုပေါင်းဖွင့်ပွဲကျင်းပ

**ကလေးဝ မတ် ၁၇**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာစင်တာက ကြီးမှူးဖွင့်လှစ်သော ဓမ္မကျောင်းတော် နည်းပြဆရာဖြစ်သင်တန်း(၉/၂၀၁၇)ဆင်းပွဲနှင့် ဓမ္မကျောင်းတော် ၁၉ ကျောင်း စုပေါင်းဖွင့်လှစ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ ရွှေမုဋ္ဌောကျောင်းတိုက်၌ မတ် ၁၁ရက်က ကျင်းပခဲ့သည်။ ဓမ္မကျောင်းတော် နည်းပြဆရာဖြစ်သင်တန်းသို့ သံဃာတော်ငါးပါးနှင့် ကလေးဝမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၅၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ အဆိုပါ သင်တန်းဆင်း နည်းပြဆရာများက ကလေးဝမြို့နယ်အတွင်းရှိ ကျေးရွာ ၁၉ ရွာမှ ဘုန်းတော်ကြီးကျောင်းများတွင် ယဉ်ကျေးလိမ္မာ သင်တန်းများကို တစ်ပြိုင် တည်းဖွင့်လှစ်၍ ဆက်လက်ပို့ချသွားမည်ဖြစ်သဖြင့် ဓမ္မကျောင်းတော် ၁၉ ကျောင်း စုပေါင်းဖွင့်ပွဲကို သင်တန်းဆင်းပွဲနှင့် တစ်ဆက်တည်း ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**

# မန်ယူတို့ နိုင်ပွဲရပြီး မန်စီးတီးလည်း အောင်ပွဲခံနိုင်မယ့် ပရီမီယာလိဂ်ပွဲစဉ်များ

❑ မိုးမြင့်လင်းလက် ❑



ပရီမီယာလိဂ် ပွဲစဉ်တွေကို မတ် ၁၈ ရက်နဲ့ ၁၉ ရက်တွေမှာ ဆက်လက်ကစားမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ် ပြိုင်ပွဲဝင်မယ့် ထိပ်တန်းအသင်းတွေလည်း ဥရောပပွဲတွေ၊ ပြည်တွင်းဖလားပွဲစဉ်တွေကြောင့် ပွဲပန်းနေကြပေမယ့် စိတ်ခါတ်ပြင်းပြင်းနဲ့ ပြိုင်ဆိုင်ရဦးမှာ ဖြစ်ပါတယ်။ အသင်းလိုက် ပြင်ဆင်မှုကောင်းကောင်းနဲ့ အားထုတ်နေကြတဲ့ အသင်းတွေဖြစ်တာကြောင့် အမှတ်ပြည့်ရယူနိုင်ရေးအတွက် တိုက်စစ်ဖွင့်ပြီး ခြေကုန်ထုတ်ကြရဦးမှာ ဖြစ်ပါတယ်။

**မစ်ဒယ်ဘရော့နှင့် မန်ယူ**

တန်းဆင်းဇုန်ထဲကျရောက်နေတဲ့ မစ်ဒယ်ဘရော့တို့အတွက်တော့ ဒီပွဲမှာ အကြိတ်အနယ်ရုန်းထဖို့ကြိုးစားလာပါလိမ့်မယ်။ ဒါပေမယ့် အခုတလော ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရတဲ့ မစ်ဒယ်ဘရော့တို့က တိုက်စစ်မှူးတွေ ဂိုးပေါက်ပျောက်ဆုံးနေတာက အဆိုးရွားဆုံးဖြစ်ပြီး နောက်ဆုံးသုံးပွဲကစားခဲ့ရာမှာ တစ်ဂိုးမှ မသွင်းယူနိုင်ခဲ့ပါဘူး။ မန်ယူတို့ကတော့ နောက်ဆုံးသုံးပွဲကစားခဲ့ရာမှာ ချယ်လ်ဆီးကို ရှုံးပြီး ရော့စတော့ဗ်နဲ့ ဘုန်းမောက်ကို သရေပွဲသာ ကစားနိုင်ခဲ့ပါတယ်။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲမှာ မန်ယူက နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တာမို့ အခုပွဲဟာ မစ်ဒယ်ဘရော့တို့ ရှုံးပွဲ ပြန်ချေပဖို့ အစွမ်းကုန် အားထုတ်ပါလိမ့်မယ်။ မန်ယူတို့ကလည်း ချန်ပီယံဝင်ခွင့်အတွက် တိုက်ပွဲဝင်နေရတာမို့ အကောင်းဆုံးကစားသမားတွေနဲ့ အလေးအနက်ထားယှဉ်ပြိုင်ပါလိမ့်မယ်။ မန်ယူတို့က မစ်ဒယ်ဘရော့နဲ့ဆုံတိုင်း ရလဒ်ကောင်းအောင် စွမ်းဆောင်နိုင်ခဲ့တာမို့ အခုပွဲဟာ မန်ယူတို့ မှတ်တမ်းကောင်း ဆက်လက်ရေးထိုးနိုင်ဖို့ အလေးထားကြိုးစားမယ့်ပွဲပါပဲ။

**စပါးနှင့် ဆောက်သမ်တန်**

အကောင်းဆုံးခြေစွမ်းရပြီး တိုက်စစ်စွမ်းရည်ထက်မြက်မှုကို ပြသနေတဲ့ စပါးတို့ဟာ အခုတလော နိုင်ပွဲတွေဆက်နေပါတယ်။ စပါးတိုက်စစ်မှူးတွေဟာ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ ၁၃ ဂိုးအထိ ရအောင်သွင်းယူနိုင်တာမို့ ဆောက်သမ်တန်ကစားသမားတွေ သတိထားရပါလိမ့်မယ်။ စပါးရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး အမှားတွေ လုပ်တတ်တာမို့ သတိပြုပြင်ဆင်ရပါလိမ့်မယ်။ ဆောက်သမ်တန်တို့ကတော့ ခြေမှန်မရဘဲ အတက်အကျမြန်နေပါတယ်။ အထူးသဖြင့် ဆောက်သမ်တန်ဟာ နောက်ဆုံးငါးပွဲမှာ ၁၀ ဂိုးအထိ ပေးထားရတဲ့ ခံစစ်မှူးတွေရဲ့ စွမ်းဆောင်မှုက သံသယဝင်စရာကောင်းနေပါတယ်။ ဆောက်သမ်တန်ကွင်းမှာ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ စပါးဟာ လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရယူခဲ့တာမို့ အခုပွဲက စပါးကွင်းမှာဖြစ်တာကြောင့် ဆောက်သမ်တန်တို့ ဂိုးပြတ်မရှုံးရေးဘဲ အာရုံစိုက်ရမယ့် အခြေအနေနဲ့ ကြုံတွေ့ရပါလိမ့်မယ်။

**မန်စီးတီးနှင့် လီဗာပူး**

လီဗာပူးကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တဲ့ မန်စီးတီးတို့အတွက် အခုပွဲဟာ ရှုံးကြွေးပြန်ဆပ်မယ့်ပွဲ ဖြစ်ပါတယ်။ မန်စီးတီးတို့ အခုတလောခြေစွမ်းပုံမှန်ရရှိနေပြီး တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းအားလည်း ကောင်းမွန်နေပါတယ်။ ဒါပေမယ့် မန်စီးတီးရဲ့နောက်ဆုံးသုံးပွဲမှာ တိုက်စစ်မှူးတွေရဲ့သွင်းဂိုးက လေးဂိုးပဲ ရှိနေတာမို့ နည်းပြဂွါဒီယိုလာ ပြုပြင်အစားထိုးရဦးမှာ ဖြစ်ပါတယ်။ လီဗာပူးတို့ကတော့ အာဆင်နယ်ရော ဘန်လေအသင်းတွေကိုပါ နိုင်အောင်ကစားနိုင်ခဲ့လို့ စိတ်ခါတ်တက်ကြွနေပါတယ်။ လီဗာပူးရဲ့ အားသာချက်က အသင်းလိုက် နားလည်မှုရှိရှိနဲ့ ကစားတတ်ပြီး ရလဒ်ကောင်းကို ရရှိအောင် ကစားကွက်ထိန်းပြီး အသာစီးရအောင် အားထုတ်နိုင်ပါတယ်။ လီဗာပူးတို့က ပြိုင်ဘက်အသင်းကို အလေးထား ကစားနိုင်စွမ်းရှိတာမို့ ဒီပွဲဟာ သရေပွဲလည်း ဖြစ်နိုင်ပေမယ့် အနိုင်ဆိုရင် မန်စီးတီးတို့ ဖြစ်သွားနိုင်ပါတယ်။


**စတုတ်နှင့် ချယ်လ်ဆီး**

အသင်းကြီးတွေနဲ့ဆုံတိုင်း ခြေကုန်ဖွင့်ကစားတတ်တဲ့ စတုတ်တို့ဟာ ချယ်လ်ဆီးကို အိမ်ကွင်းမှာ အခက်တွေ့အောင် ကြိုးစားပါလိမ့်မယ်။ စတုတ်ရဲ့ ခံစစ်ကြောင်းက လုံခြုံအောင်ပိတ်ဆို့ဟန့်တားနိုင်တဲ့ စွမ်းဆောင်ရည်ရှိပေမယ့်၊ တိုက်စစ်စွမ်းရည်က ကျဆင်းနေပါတယ်။ ချယ်လ်ဆီးတို့ကတော့ ပရီမီယာလိဂ်ဖလားကို ရယူရေးအတိမ်းအစောင်းမရှိအောင် ကြိုးစားနေပြီဖြစ်တာမို့ အခုပွဲမှာလည်း စတုတ်ကို ဖိဖိစီးစီးကစားမှာ သေချာပါတယ်။ ဒီနှစ်သင်းရဲ့ချယ်လ်ဆီးကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ စတုတ်တို့ လေးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တာမို့ အခုပွဲမှာလည်း စတုတ်တို့ နိုင်ပွဲရဖို့ မလွယ်ပါဘူး၊ ညှော့သည်တို့ အမှတ်ပြည့်ရယူသွားမယ့်ပွဲပါပဲ။

**ဝက်စ်ဘရွန်းနှင့် အာဆင်နယ်**

ရလဒ်တွေ ဆိုးရွားနေလို့ ဖိအားများနေတဲ့ အာဆင်နယ်တို့အတွက်တော့ ဝက်စ်ဘရွန်းနဲ့ တွေ့ဆုံမှုက စိန်ခေါ်မှုတစ်ရပ်ပါပဲ။ ပထမအကျော့ အာဆင်နယ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရအောင် အကြိတ်အနယ်ရုန်းကန်ခဲ့ရတဲ့ အာဆင်နယ်တို့ကတော့ အခုပွဲမှာ အမာခံကစားသမားတွေနဲ့ လူစုံထုတ်မှ ရပါလိမ့်မယ်။ ဒါပေမယ့် ဝက်စ်ဘရွန်းရဲ့လက်ရှိခြေစွမ်းက ရှုံးပွဲတွေဆက်နေတာမို့ အခုချိန်မှာ အာဆင်နယ်တို့ အခွင့်အရေးကောင်းအဖြစ် အသုံးချနိုင်ပါလိမ့်မယ်။ အကြိုက်က အာဆင်နယ်ဖြစ်ပြီး အနိုင်ကလည်း အာဆင်နယ်တို့ပဲ ဖြစ်ပါလိမ့်မယ်။ ။

# အဝေးဂိုး ကွာခြားချက်ကြောင့် မန်စီးတီး ချန်ပီယံလိဂ်မှ ထွက်ရပြီ




မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲ ဒုတိယအကျော့မှာ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။ ဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ ပထမအကျော့ ပြိုင်ပွဲမှာ ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ရထားတဲ့အသင်းဖြစ်ပါတယ်။ နှစ်ကျော့ပေါင်း တစ်ဖက်ခြောက်ဂိုးစီ သရေဖြစ်ခဲ့ပေမယ့် ပြင်သစ်ကလပ် မိုနာကိုက အဝေးဂိုးအသာနဲ့ အနိုင်ရပြီး ကွာတားဖိုင်နယ်ကို တက်ရောက်ခွင့်ရခဲ့တာပါ။ ဒီလို မန်စီးတီးအသင်း ချန်ပီယံလိဂ်ကနေ ထွက်ခဲ့ရတာဟာ နည်းပြဂွါဒီယိုလာရဲ့ နည်းပြ သက်တမ်းတစ်လျှောက်မှာတော့ အစောဆုံးဖြစ်တယ်လို့ ဆိုပါတယ်။ မန်စီးတီးအသင်းဟာ တိုက်စစ်အားနည်းပြီး ခံစစ်ကိုသာ အဓိက အားထားကစားခဲ့တဲ့အတွက် ရှုံးနိမ့်မှုနဲ့ ရင်ဆိုင်ခဲ့ရတယ်လို့ ဆိုပါတယ်။ မန်စီးတီးမှာ တိုက်စစ်မှူးတွေ ခြေစွမ်းပျောက်ဆုံးခဲ့ပါတယ်။ လီရွိုင်းဆာနီရဲ့ တစ်ဂိုးသာသွင်းယူနိုင်ခဲ့ပါတယ်။ မိုနာကိုအသင်းဟာ ပထမပိုင်းမှာ နှစ်ဂိုးသွင်းယူခဲ့ပြီး ပွဲပြီးဖို့ ခြောက်မိနစ်အလိုမှာ တစ်ဂိုးထပ်မံသွင်းယူခဲ့တဲ့အတွက် မန်စီးတီး မထင်မှတ်ဘဲ ချန်ပီယံလိဂ်မှ နှုတ်ဆက်ခဲ့ရပါတယ်။

# အင်္ဂလန်အသင်းမှာ ပါဝင်လာနိုင်တဲ့ ရပ်ရှ်ဖို့ဒ်

မန်ယူတိုက်စစ်မှူး မားကပ်ရပ်ရှ်ဖို့ဒ်ဟာ ဂါးရက် ဆောက်ဂိတ်ရဲ့အင်္ဂလန်အသင်းမှာ ပါဝင်လာဖွယ်ရှိနေပါတယ်။ အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ မားကပ်ရပ်ရှ်ဖို့ဒ်ဟာ အင်္ဂလန်ယူ ၂၁ အသင်းနဲ့အတူ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ သီတင်းပတ်ကုန်ပိုင်းမှာ ဂျာမနီ၊ ဒိန်းမတ်တို့နဲ့ ကစားရမယ့် ချစ်ကြည်ရေးပွဲမှာ ပါဝင်ကစားဖွယ်ရှိနေပါတယ်။

လောလောဆယ် အင်္ဂလန် တိုက်စစ်မှူးတွေဖြစ်တဲ့ ဟယ်ရီကိန်းနဲ့ ရွန်းနီတို့ဟာ ဒဏ်ရာတွေရထားတဲ့အတွက် ရပ်ရှ်ဖို့ဒ်ကို ခေါ်ယူဖွယ်ရှိပါတယ်။ အင်္ဂလန်အသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မတ် ၂၆ ရက်မှာ ဝင်ဘလေကွင်းမှာ လစ်သူယေးနီးယားအသင်းနဲ့ မကစားမီ ဂျာမနီနဲ့ ချစ်ကြည်ရေးကစားရဖို့ရှိပါတယ်။ ရပ်ရှ်ဖို့ဒ်ဟာ ပြီးခဲ့တဲ့မေလက ဩစတြေးလျအသင်းကို အင်္ဂလန်က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ တစ်ဂိုးသွင်းယူပေးခဲ့သူ ဖြစ်ပါတယ်။

**ကောင်းမြတ်သူ**
**စုစည်းသည်။**



# ချန်ပီယံလိဂ် ကွာတားဖိုင်နယ် တက်ရောက်ခဲ့တဲ့ အက်သလက်တီကို

စပိန်လာလီဂါအသင်း တစ်သင်းဖြစ်တဲ့ အက်သလက်တီကိုအသင်းဟာ ချန်ပီယံလိဂ်မှာ လေဗာကူဆင်နဲ့ ဂိုးမရှိသရေကျပြီး ကွာတားဖိုင်နယ်ကို လေးကြိမ်မြောက် တက်ရောက်နိုင်ခဲ့ပါတယ်။ လေဗာကူဆင် ဂိုးသမား ဘန်းလီယိုဟာ ပထမပိုင်းမှာ အက်သလက်တီကို တိုက်စစ်မှူးတွေရဲ့ သွင်းယူမှုကို နှစ်ကြိမ်တိုင် ကာကွယ်ပေးနိုင်ခဲ့ပါတယ်။ အက်သလက်တီကို ဂိုးသမား ဂျန်အိုဘလက်ကလည်း ဒုတိယပိုင်းမှာ သုံးကြိမ်တိုင် ဂိုးပေါက်ကို ပိတ်ဆို့ပြီး ကာကွယ်ပေးနိုင်ခဲ့ပါတယ်။

ပထမအကျော့မှာ လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရထားတဲ့ အက်သလက်တီကိုအသင်း အနေနဲ့ နောက်ဆုံး ကွာတားဖိုင်နယ်ကို တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။ အက်သလက်တီကိုအသင်းဟာ နည်းပြ ဆီမြူနီရဲ့ လက်ထက်မှာ ကွာတားဖိုင်နယ်ကို လေးကြိမ်မြောက် တက်ရောက်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။

# ကုမ္ပဏီလုပ်ပိုင်ခွင့်ရ မြေဧက ၃၉၀၀ နီးပါးကို ပြန်လည်စွန့်လွှတ်ပေးအပ်

**ကန့်ဘလူ မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ကျေးရွာများမှ တောင်သူများ၏ လယ်ယာမြေများ အပါအဝင် မြေဧရိယာစုစုပေါင်း ၃၈၈၀ ဧကကို လုပ်ပိုင်ခွင့်ရရှိထားသည့် MFF ကုမ္ပဏီမှ ပြန်လည်စွန့်လွှတ်ပြီး မူလပိုင်ရှင် တောင်သူများသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃) ပေးအပ်ပွဲကို ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၅ ရက်က ကျင်းပခဲ့သည်။

မြေယာများ ပြန်လည်စွန့်လွှတ်ပေးအပ်ပွဲတွင် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြား မြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြန်လည်စွန့်လွှတ်သည့်မြေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မူလပိုင်ရှင် တောင်သူများအတွက် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များကို နိုင်ငံတော် ဒုတိယသမ္မတ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူကိုယ်စားလှယ်များထံ ပေးအပ်ခဲ့သည်။

ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအုပ်စုအတွင်းရှိ ကွင်းပေါင်းကိုးကွင်းမှ တောင်သူ ၂၂၈ ဦးအတွက် မြေဧရိယာ ၃၈၈၀ ဧကကို MFF ကုမ္ပဏီက ပြန်လည်စွန့်လွှတ်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ မြေ ၃၈၈၀ ဧကတွင် လယ်မြေ၊ ယာမြေ၊ တောကျွန်မြေနှင့် လမ်း/ချောင်း/မြောင်းမြေများ ပါဝင်ကြောင်း သိရသည်။ မြေများ ပြန်လည်စွန့်လွှတ်ပေးအပ်ရာတွင် ပဇီကြီးကျေးရွာမှ တောင်သူ ၆၁ ဦးအတွက် ၁၁၇၉ ဧက၊လေးတွင်းစဉ်ရွာမှ တောင်သူ ခြောက်ဦးအတွက် ၈၈ ဧက၊ မယ်ဇတောကျေးရွာမှ တောင်သူ လေးဦးအတွက် ၂၂ ဧက၊ ချောင်းသာကျေးရွာမှ တောင်သူ ၁၅၆ ဦးအတွက် ၂၄၇၃ ဧက၊ ချောင်းမကြီးကျေးရွာမှ တောင်သူတစ်ဦးအတွက် ၃၄ ဧက၊ စုစုပေါင်း ကျေးရွာငါးရွာမှ



တောင်သူပေါင်း ၂၂၈ ဦး၏ လယ်ယာမြေများအတွက် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များကို တောင်သူများလက်ဝယ်အရောက် ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ် ကော်မတီများအနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို အလေးထားပြီး မြေသိမ်းဆည်းခံရမှုများကို ပြန်လည်စိစစ်၍ ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် ပြန်လည်စွန့်လွှတ်မြေများကို မူလပိုင်ရှင်တောင်သူများထံ ပြန်လည်ပေးအပ်လျက်ရှိသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

---

## နွေရာသီရေပြတ်လပ်မှုမရှိရန် ကြိုတင်ပြင်ဆင်ထား

**မကွေး မတ် ၁၇**

မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီ ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းနိုင်က မကွေး မြို့နယ်တွင် နွေရာသီ ရေရှားပါးနိုင်သည့် ကျေးရွာများဖြစ်သော ရေငံ၊ စိုင်ကျ၊ အလယ်ကျွန်း(မ)၊ ငါးဆောင်၊ကန်တော်၊ ရေခါး စသည့် ကျေးရွာများနှင့် အင်ကြင်းကိုင်း၊ ကိုးရွာ၊ ရေကျန်ကုန်း၊ အောင်သာကုန်းစသည့် တဲတိုက်များတွင် သက်ဆိုင်ရာဌာနများဖြစ်ကြသော စည်ပင်၊ မီးသတ်နှင့် NGO အဖွဲ့အစည်းဖြစ်သည့် BAJ တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပူးပေါင်းကာ ရေဖြန့်ဝေပေးသွားရန် စီစဉ် ဆောင်ရွက်ထားကြောင်း၊ ရေပြတ်လပ်သော ကျေးရွာများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်းနှင့် လက်ရှိအချိန်ထိ မကွေးမြို့နယ်တွင် ရေပြတ်လပ်၍ အကူအညီတောင်းခံလာသော ကျေးရွာများ မရှိသေးကြောင်း ပြောကြားသည်။

မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မတ် ၁၅ ရက်က ပြုလုပ်ခဲ့သော ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုကို မီဒီယာများအား ချပြရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်တို့က အမှာစကားပြောကြားပြီး ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၏ တောင်းဆိုချက်များနှင့် သတင်းမီဒီယာသမားများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီ ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် စက်ရေတွင်း ၁၇ တွင်းကို လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စက်ရေတွင်းခြောက်တွင်းကိုလည်းကောင်း တူးဖော်ပေးခဲ့ရာ လက်ရှိအချိန်တွင် မကွေးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၆၁ စုမှ ကျေးရွာပေါင်း ၂၁၆ ရွာအနက် စက် ရေတွင်း ရှိသောကျေးရွာ ၁၄၀ ခန့် ရှိနေပြီဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ကျော်ဇေယျ**

---

## ချောင်းတွင်းမြစ်ရေတက်ချိန်တွင် ရေကြီးရေလျှံမဖြစ်ရန် ကြိုတင်ဆောင်ရွက်

**ရေစကြို မတ် ၁၇**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အမှတ် (၇)ရပ်ကွက်တွင် ပြီးခဲ့သည့်နှစ် ချောင်းတွင်းမြစ်ရေတက်ချိန်က ရပ်ကွက်အတွင်း မြစ်ရေများဝင်ရောက်ခဲ့၍ ယခုအခါ နောက်နှစ်မြစ်ရေတက်ချိန်တွင် ရပ်ကွက်အတွင်း ရေကြီးရေလျှံမဖြစ်ရန် ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမှတ်(၇)ရပ်ကွက်အတွင်းရှိ လမ်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဆင့်မြှင့်တင်ခဲ့၍ လမ်းများမှာ ရေလွတ်သည်အထိ မြင့်လာသော်လည်း ရပ်ကွက်အတွင်းရှိ လူနေအိမ်မြေများမှာ လမ်းများအောက် နိမ့်ကျကျန်နေခဲ့ပြီး ရေထုတ်မြောင်းများ မရှိသဖြင့် မိုးရေနှင့်မြစ်ရေများမှာ ရပ်ကွက်အတွင်း မြေနိမ့်ရာနေရာများတွင် ရေဝပ်ကျန်နေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် နောင်နှစ်များတွင် ရပ်ကွက်အတွင်း ရေများဝပ်မနေစေရန် လမ်းများပေါ်တွင် ကွန်ကရစ်တံတားငယ်များနှင့် ရေပြွန်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တည်ဆောက်ပေးခဲ့ပြီး ရပ်ကွက်အတွင်းမှထွက်လာမည့် ရေများကိုစွန့်ထုတ်နိုင်ရန် မြောင်းဟောင်းကို ပြန်လည်တူးဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မြစ်ရေတက်ချိန်က ရပ်ကွက်ထဲ ရေတွေဝပ်နေခဲ့တာ လေးလလောက် ရေထဲနေခဲ့ရတာပါ။ အင်မတန်မှ နေချင့်စဖွယ်မရှိတာပါ။ ရပ်ကွက်နေသူတွေလည်း စားဝတ်နေရေး အတော်ခက်ခဲခဲ့ကြရပါတယ်။ ရပ်ကွက်ထဲက ရေတွေကို ရေစုပ်စက်နဲ့စုပ်ထုတ်ပေမယ့် မိုးကလည်း မပြတ်ရွာတော့ အဆင်မပြေဖြစ်ခဲ့ရပါတယ်။ အခု ကျွန်တော်တို့ရပ်ကွက်ထဲက လမ်းတွေမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကွန်ကရစ်တံတားငယ်တွေနဲ့ ရေပြွန်တွေ တည်ဆောက်ပေးသွားပါတယ်။ အခု ရေထွက်မြောင်းလည်း ပြန်လည်တူးဖော်နေပြီမို့ ရှေ့နှစ်တွေမှာတော့ ရပ်ကွက်ထဲရေဝပ်ပြီး အခက်အခဲဖြစ်မှာ မပူရတော့ပါဘူး"ဟု အမှတ်(၇)ရက်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်တွင် အမှတ်(၇) ရပ်ကွက်အတွင်း မြစ်ရေများဝင်ရောက်ပြီး ပြန်လည်မကျဆင်းမီ မိုးများရွာသွန်းခဲ့ရာ ရပ်ကွက်များအတွင်း တစ်ပေခွဲခန့်အထိ ရေဝပ်နေခဲ့ပြီး ရပ်ကွက်နေပြည်သူများမှာ သွားလာရေးခက်ခဲခြင်း၊ ရေပုပ်စော်နံခြင်း၊ ခြင်များပေါက်ပွားခြင်း စသည့်အခက်အခဲများကို ကြုံတွေ့ခဲ့ကြရသည်။

**အိမ့်နွန်ဆွေ(ရေစကြို)**

---

## ကျေးရွာချင်းဆက်လမ်းတွင် ရေကျော်သုံးစင်း တည်ဆောက်

**တံတားဦး မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်း ပျား-ညောင်ပင်ဇောက် ကျေးရွာချင်းဆက်လမ်းပေါ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွှမ်းမံရန်ပုံငွေဖြင့် အရှည် ပေ ၁၀၀၊ အကျယ် ပေ ၂၀ ရှိ ရေကျော်တံတားသုံးစင်းကို အောင်မိသားစုကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်းသိရသည်။

တံတားသုံးစင်း၏ တည်ဆောက်မှုကုန်ကျစရိတ်မှာ ကျပ် ၃၉ ဒသမ ၆ သန်းဖြစ်ပြီး ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေဖြစ်ပြီဖြစ်ကြောင်း၊ တည်ဆောက်မှု အရည်အသွေးကောင်းမွန်ရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ယူတည်ဆောက်နေသော အောင်မိသားစုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရဲလွင်ကလည်း ရေကျော်တံတားများ တည်ဆောက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် အကျိုးပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရဲတင့်**

---

## ကျေးလက်နေပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ ဆေးဝါးကုသပေး

**အောင်လံ မတ် ၁၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ရွာမထုံးကျေးရွာမှ ပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ ဆေးဝါးကုသပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ မတ် ၁၅ ရက်က ဆောင်ရွက်ခဲ့ကြသည်။




ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်တင်သူဇာလှိုင်က စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျေးရွာစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဟောပြောဆွေးနွေးပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်အေးအေးနိုင်က မြန်မာ့တိုင်းရင်းဆေးဖြင့် ရောဂါများကို အမြစ်ပြတ်အောင်ကုသနိုင်ပုံများနှင့် သာမန်ရောဂါများတွင် မီးဖိုချောင်နှင့် မိမိတို့၏ပတ်ဝန်းကျင်မှ အလွယ်တကူရရှိနိုင်သော အသီး၊ အမြစ်၊ အပွင့်၊ အခေါက်များကို ဆေးဝါးသဖွယ် အသုံးပြု၍ ကုသပျောက်ကင်းနိုင်ပုံများကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ သဘာဝဘေးနှင့် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး ပိုစတာများကို ပြသခဲ့ပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနက ဒေသခံများအား အခမဲ့ ရောဂါစမ်းသပ်စစ်ဆေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

---

## မမွစကူးလ် ကလေးအထူးတရားပွဲကျင်းပ

**တနင်္သာရီ မတ် ၁၇**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ဓမ္မစကူးလ်ဖောင်ဒေးရှင်းက ကြီးမှူး၍ ချောင်းကြီးရပ်ကွက်ရှိ ဓမ္မဗိမာန်တော်၌ ဓမ္မစကူးလ် ကလေးအထူးတရားပွဲကို မတ် ၁၅ ရက်က ကျင်းပခဲ့သည်။ တရားပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဓမ္မပါလကျောင်းမှ ဆရာတော် အရှင်ပါကဋ္ဌာလင်္ကာရက ဓမ္မစကူးလ် ကျောင်းသားကျောင်းသူများအား ဗုဒ္ဓဝင်ဖြစ်စဉ်ကဗျာများ၊ လူမိုက်(၁၀)မျိုးအကြောင်း၊ အောင်မြင်ခြင်းနည်းလမ်းများနှင့် ပူဇော်ထိုက်သူများအား ပူဇော်ကြရေး ခေါင်းစဉ်များဖြင့် ဩဝါဒမြွက်ကြားပြီး ကျောင်းသား ကျောင်းသူများအား ဗုဒ္ဓဝင်ဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းကာ ဖြေဆိုနိုင်သူများအား ဆုများချီးမြှင့်ပေးခဲ့သည်။ ကလေးအထူး တရားပွဲသို့ တနင်္သာရီမြို့နယ် ချောင်းကြီးရပ်ကွက်၊ အရှေ့မော်တုန်းရွာ၊ ဘန်းလမွတ်ရွာ၊ ညောင်ပင်ကွင်းရွာ၊ မရင်းကြီးရွာနှင့် တမုတ်ချုန်းရွာတို့မှ ဓမ္မစကူးလ်ကျောင်းသား ကျောင်းသူ ၅၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

---

## ကြားဖြတ်ရွေးကောက်ပွဲ လုံခြုံရေးဆောင်ရွက်ထားမှု ဆွေးနွေး

**ကျောက်တံခါး မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှု ရှင်းလင်းဆွေးနွေးပွဲကို မတ် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးက ကြားဖြတ်ရွေးကောက်ပွဲကာလတွင် ပြည်သူများ လွတ်လပ်လုံခြုံစွာ မဲပေးနိုင်ရေးအတွက် လုံခြုံရေးအစီအမံများကို ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်များနှင့် ပြည်သူများလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူးက လုံခြုံရေးအစီအမံများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီ၊ မြို့နယ်လုံခြုံရေးကော်မတီနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

---

## ရထားလမ်းဖောက်လုပ်ရာတွင် မြေပါဝင်သည့် တောင်သူများအား လျော်ကြေးငွေပေးအပ်

**စလင်း မတ် ၁၇**

မြန်မာ့မီးရထားက မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရာတွင် မြေပါဝင်သွားခဲ့သည့် တောင်သူများအား မြေယာလျော်ကြေးပေးအပ်ပွဲကို စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းဝေးခန်းမ၌ မတ် ၉ ရက်က ကျင်းပခဲ့သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် မြို့နယ်လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ စီမံကိန်းအင်ဂျင်နီယာ ဦးမင်းချမ်းမွန်က မီးရထားလမ်းလျော်ကြေးငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးရထားလမ်းဖောက်လုပ်ရေး စီမံကိန်းဧရိယာအတွင်း ပါဝင်သွားသည့် ကျေးရွာအုပ်စု ၂၆ အုပ်စုမှ တောင်သူများအနက် ပထမအကြိမ်အဖြစ် မြေယာအရှုပ်အရှင်းကင်းသည့် ကျေးရွာအုပ်စု ၁၃ အုပ်စုမှ တောင်သူ ၁၂၄ ဦးအတွက် မြေယာလျော်ကြေးငွေ ကျပ် ၁၆၁၇ သိန်းကျော်နှင့် သီးနှံလျော်ကြေးငွေ ကျပ် ၅၇၅ သိန်းကျော်ကို တောင်သူတစ်ဦးလျှင် ချက်လက်မှတ်တစ်စောင်နှုန်းဖြင့် တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက နည်းပညာသင်တန်းသုံးခု ဖွင့်လှစ်မည်

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ကွန်ပျူတာနှင့် အိုင်တီနည်းပညာဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိရာ မတ်လကုန်နှင့် ဧပြီလဆန်းအတွင်း နည်းပညာသင်တန်းသုံးခုကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်လှစ်မည့်သင်တန်းများမှာ Linux Foundation သင်တန်း၊ Practical A+ with Microsoft Windows for Teens သင်တန်းနှင့် Ready to VMware Industrial Experience Boot Camp သင်တန်းများဖြစ်သည်။ Linux Foundation သင်တန်းကို မတ် ၂၀ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး Open Source နည်းပညာရပ်များကို စိတ်ပါဝင်စားသော လူငယ်များအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းတွင် ICT ဆိုင်ရာ နည်းပညာပိုင်းတွင် အသုံးများတွင်ကျယ်လာသော Open Source နည်းပညာနှင့်အတူ Server ပိုင်းများတွင် အသုံးများလာသော Linux Server နှင့် Administrator Level များသို့ တက်လှမ်းနိုင်ရန်အတွက် အဓိကလိုအပ်သော linux အခြေခံနည်းပညာများကို သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ခြင်းဖြင့် Linux ၏ အခြေခံ သဘောသဘာဝ၊ အသုံးဝင်ပုံအနေအထားများကို လေ့လာရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Linux Server, Linux Administrator Level များကို အခြေခံပိုင်နိုင်စွာဖြင့် အခက်အခဲမရှိ လေ့လာသွားနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသို့ Linux နည်းပညာရပ်ကို စိတ်ဝင်စားပြီး အခြေခံမှစ၍လေ့လာလိုသူများ တက်ရောက်သင့်ကြောင်း သိရသည်။ သင်တန်းကာလမှာ မတ် ၂၀ မှ ၂၃ ရက်အထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ၈ နာရီအထိ ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ် ၆၆၀၀၀ ဖြစ်ကာ ကွန်ပျူတာပညာရှင် အသင်းဝင်များဖြစ်ပါက သင်တန်းကြေး ကျပ် ၃၆၀၀၀ ဖြစ်သည်။

Practical A+ with Microsoft Windows for Teens သင်တန်းမှာ လူငယ်များအတွက် ကွန်ပျူတာအကြောင်း၊ ကွန်ပျူတာ၏ အစိတ်အပိုင်းများ အလုပ်လုပ်ပုံ၊ ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အင်တာနက်အသုံးပြုရာတွင် သိထားသင့်သည့်အချက်များ၊ ဆော့ဖ်ဝဲများအကြောင်းနှင့် ဆော့ဖ်ဝဲလိုင်စင် အမျိုးအစားများ စသည့်သင်ခန်းစာများကို သင်ကြားပေးမည့်သင်တန်းဖြစ်ကာ ကွန်ပျူတာပညာရပ်များကို တတ်ကျွမ်းနားလည်ခြင်းမရှိသေးသူများအတွက် သင့်လျော်သော အခြေခံသင်တန်းဖြစ်သည်။ သင်တန်းကာလမှာ မတ် ၂၈ ရက်မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီ မှ ညနေ ၃ နာရီအထိဖြစ်ကာ သင်တန်းကြေးမှာ ကျပ်ငါးသောင်းဖြစ်ကြောင်း သိရသည်။

Ready to VMware Industrial Experience Boot Camp သင်တန်းမှာ နည်းပညာကဏ္ဍ ပြောင်းလဲတိုးတက်လာသည့် အခြေအနေအရ မြန်မာနိုင်ငံအတွင်း Virtualization နည်းပညာများ ကျယ်ပြန့်တိုးတက်လာစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် BIM Training Center တို့ ပူးပေါင်းဖွင့်လှစ်သည့် သင်တန်းဖြစ်သည်။ သင်တန်းကို နည်းပညာနယ်ပယ်တွင် အတွေ့အကြုံများစွာရှိပြီး Cisco, Microsoft နှင့် VMware တို့မှ ပေးအပ်ထားသော CCNP၊ MCSA ၊ VCP-DCV နဲ့ VCP-NV လက်မှတ်များနှင့် VMware မှ ပေးအပ်သော Partner Engineer of the Year 2016 Award ဆုကို ရရှိထားသည့် ဦးဇေယျာထွန်း(BIM Training Center)က သင်ကြားမည်ဖြစ်ကာ System Administrator, System Engineer များနှင့် System integrators အတွက် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းဖြစ်၍ သင်တန်းတက်ရောက်လိုသူများအနေဖြင့် အနည်းဆုံး Intermediate Network Level နှင့်အထက် (CCNA or CCNP) ဖြေဆိုအောင်မြင်ထားသူ ဖြစ်ရမည်ဟု သိရသည်။ သင်တန်းကာလမှာ ဧပြီ ၁ ရက်မှ ၉ ရက်အထိ စနေ၊ တနင်္ဂနွေ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ လေးရက်သင်တန်းဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်ခြောက်သိန်းဖြစ်ကာ ကွန်ပျူတာပညာရှင် အသင်းဝင်များအတွက် ကျပ် ၃၆၀၀၀၀ ဖြစ်သည်။

သင်တန်းများနှင့် ပတ်သက်သည့် အသေးစိတ်အချက်များကို မြန်မာနိုင်ငံ MICT Park အဆောင် (၉)ရှိ ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၀၁-၆၅၂၂၇၆ တွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# စီးပွားရေးလုပ်ငန်းများအတွက် ဈေးနှုန်းသက်သာသော ဝန်ဆောင်မှုသစ်တစ်ခုကို အူရီဒူးမိတ်ဆက်

**ရန်ကုန် မတ် ၁၇**

ပြည်တွင်း စီးပွားရေးလုပ်ငန်းကြီးများ၊ အသေးစား၊ အလတ်စား လုပ်ငန်းများနှင့် အစိုးရရုံးများအတွက် သင့်လျော်သော စီးပွားရေးလုပ်ငန်းသုံး Business Talk and Text အစီအစဉ်သစ်ကို အူရီဒူးမြန်မာက စတင်မိတ်ဆက်လိုက်ပြီး ထိုအစီအစဉ်အရ အူရီဒူးဖုန်းအချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်းတို့ကို လစဉ် ကျပ် ၃၀၀၀ ဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ Chief Business Officer Mr. Anadi Agnihotri က “Business Talk and Text အစီအစဉ်သစ်ကို ရယူထားတဲ့ စီးပွားရေးလုပ်ငန်းများအနေဖြင့် လစဉ်ကြေး ၃၀၀၀ ကျပ်ဖြင့် အူရီဒူးအချင်းချင်းဖုန်းခေါ်ဆိုခြင်းနဲ့ SMS ပေးပို့တာတွေကို မိမိလိုအပ်သလို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ဆက်သွယ်ရေးအတွက် ငွေကုန်ကြေးကျ ပိုမိုသက်သာနိုင်မှာဖြစ်ပြီး လတစ်လစီအတွက် ဖုန်းငွေလက်ကျန်ကုန်လို့ ဆက်သွယ်ရေးပြတ်တောက်တာမျိုးတွေ၊ အဆင်မပြေမှုတွေအတွက် စိုးရိမ်စရာလိုတော့မှာမဟုတ်ပါဘူး”ဟု ပြောသည်။

အူရီဒူးမြန်မာ၏ စီးပွားရေးလုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးသော ဌာနဖြစ်သည့် Ooredoo Business အနေဖြင့် မိုဘိုင်းဖုန်းဝန်ဆောင်မှုများအပြင် သီးသန့်အင်တာနက်ဝန်ဆောင်မှုများနှင့် စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်အပေါ်မူတည်၍ ဝန်ဆောင်မှုများလည်း ပေးအပ်လျက်ရှိရာ Business Talk and Text အစီအစဉ်သစ်အရ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် မိုဘိုင်းဖုန်းနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ကြိုတင်သတ်မှတ်ထားနိုင်မည်ဖြစ်သည့်အပြင် စနစ်တကျ ထိရောက်စွာဖြင့် စီမံဆောင်ရွက်နိုင်မည်ဖြစ်သည်။

**သူရဖြိုး**

# မြန်မာနိုင်ငံ၏ ပထမဆုံး Network Conference ကျင်းပမည်

**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံ၏ အိုင်စီတီ နည်းပညာကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော နက်ဝပ်အင်ဂျင်နီယာများ၊ Security ပိုင်းဆိုင်ရာ ပညာရှင်များနှင့် တယ်လီကွန်းအင်ဂျင်နီယာများ၏ အရည်အသွေးမြင့်မားလာစေရန်နှင့် အသိပညာဗဟုသုတများ အချင်းချင်း ပြန်လည်မျှဝေနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံတွင် ပထမဆုံး Network, Security & Telecommunication Conference (NetCon 2017)ကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးကျင်းပမည်ဖြစ်ကြောင်း သိရသည်။

NetCon ၂၀၁၇ ကို လှိုင်မြို့နယ် MICT Park ပင်မဆောင်၌ မတ် ၂၆ ရက်နှင့် ၂၇ ရက် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး NetCon 2017 Conference ၏ Theme မှာ Connect Secure Together ဖြစ်ကြောင်း သိရသည်။ NetCon 2017 သို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်တွင်း Network Engineer များ၊ Security Professional များ၊ Telecom Engineer များ၊ တက္ကသိုလ်နယ်ပယ်များမှ ပညာရှင်ဆရာများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကာ Network, Security နှင့် Telecommunication ဆိုင်ရာ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Panel Discussion များ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

NetCon 2017 တွင် နည်းပညာ ဆွေးနွေးပွဲများအပြင် စပွန်ဆာကုမ္ပဏီများက ဝန်ဆောင်မှုများနှင့် ထုတ်ကုန်များအား ခင်းကျင်းပြသရောင်းချခြင်း၊ လက်တွေ့အသုံးချ ပစ္စည်းများအား စမ်းသပ်ပြသထားခြင်း၊ ပညာရပ်ဆိုင်ရာ အထောက်အကူပြုစာရွက်စာတမ်းများ၊ လက်ရှိဖြစ်ပေါ်နေသော ICT နည်းပညာရပ်ဆိုင်ရာ သတင်းအချက်အလက်များ၊ Video Tutorial များ၊ Software များကို အခမဲ့ ဖြန့်ဝေပေးခြင်း၊ တက်ရောက်သူများအား အသိအမှတ်ပြုလက်မှတ်(Certificate PDF) ထုတ်ပေးခြင်းနှင့် Delegates Gift များ ပေးအပ်ခြင်း၊ အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်စေရန် Photo Corner နှင့် နေ့လယ်စာ စီစဉ်ပေးထားခြင်း စသည့် အစီအစဉ်များလည်း ပြုလုပ်ထားကြောင်း သိရသည်။

NetCon 2017 သို့ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ စာရင်းပေးသွင်း၍ တက်ရောက်နိုင်ပြီး တက်ရောက်ရန်အတွက် www.netconmyanmar.com ဝက်ဘ်ဆိုက် NetCon 2017 Page တွင် အွန်လိုင်းမှ စာရင်းသွင်းနိုင်ကြောင်း သိရသည်။ ထို့အတူ အဆိုပါဝက်ဘ်ဆိုက်တွင် NetCon 2017 သတင်းအချက်အလက်များကို အများသိရှိစေရန် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေး နှီးနှောဖလှယ်မည့် ပထမအကြိမ် NetCon 2017 သို့ စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်ကြရန် ဖိတ်ကြားထားပြီး ပါဝင်ဟောပြောလိုသည့် Speaker များကိုလည်း ဖိတ်ခေါ်လျက်ရှိကာ ဟောပြောမည့်သူများအနေဖြင့် Network, Security နှင့် Telecommunication ဆိုင်ရာ နည်းပညာများ၊ Storage နည်းပညာနှင့် Cloud/Virtualization စီမံခန့်ခွဲမှုများ၊ XaaS၊ Small Data/ Dark Data and Big Data၊ Home Automations စသည့် အကြောင်းအရာများနှင့် ဆိုက်ဘာလုံခြုံရေး နည်းပညာများဖြစ်သည့် Information Security၊ Data Centre Operations and Management၊ ဆိုက်ဘာဥပဒေများ စသည်တို့ကို ဦးစားပေး ဟောပြောစေလိုကြောင်း အသိပေးကြေညာထားသည်။

**သူရဖြိုး**

# ဆင်းကတ်မှတ်ပုံတင်နိုင်မည့် ဒီဂျစ်တယ်နည်းလမ်းသစ်လေးမျိုးကို အူရီဒူးက ဆောင်ရွက်ထား

**ရန်ကုန် မတ် ၁၇**

ဆင်းကတ်များ မှတ်ပုံတင်ရန် နောက်ဆုံးရက် နီးကပ်လာချိန်တွင် ဒီဂျစ်တယ်စနစ်ဖြင့် ဆင်းကတ်မှတ်ပုံနိုင်မည့် နည်းလမ်းသစ် လေးမျိုးကို အူရီဒူးမြန်မာက တိုးချဲ့စီစဉ်ထားပြီး အသုံးပြုသူများအနေဖြင့် အူရီဒူးမြန်မာဝက်ဘ်ဆိုက်တွင်လည်းကောင်း၊ ဝက်ဘ်ဆိုက်ရှိ Live Chat မှလည်းကောင်း၊ အူရီဒူးမြန်မာ၏ Facebook Messenger မှလည်းကောင်း၊ My Ooredoo အက်ပလီကေးရှင်းမှ Live Chat ဖြင့်လည်းကောင်း ဆင်းကတ်မှတ်ပုံတင်နိုင်မည်ဖြစ်ကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အူရီဒူးမြန်မာ၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ဆင်းကတ်မှတ်ပုံတင်ရန်အတွက် www.ooredoo.com.mm ရှိ ဆင်းကတ်မှတ်ပုံတင်နိုင်မည့် ဝက်ဆိုက်စာမျက်နှာသို့ ဝင်ရောက်ကာ ဆင်းကတ်မှတ်ပုံတင်နိုင်မည်ဖြစ်သည်။ ထို့အတူ Reg@ooredoo.com.mm သို့ အမည်၊ ဖုန်းနံပါတ်၊ နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) သက်ဆိုင်ရာ သက်သေခံကတ်ပြား ရှေ့နှင့်နောက်ကို ဓာတ်ပုံရိုက်ပေးပို့၍လည်း ဆင်းကတ်မှတ်ပုံတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ အူရီဒူးမြန်မာဝက်ဘ်ဆိုက် Live Chat၊ Facebook Messenger နှင့် My Ooredoo အက်ပလီကေးရှင်း Live Chat တို့ဖြင့် မှတ်ပုံတင်နိုင်ရန်အတွက် အူရီဒူးအဖွဲ့သားများမှ လိုအပ်သည့်အချက်အလက်များကို တောင်းခံပြီး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာမှ တာဝန်ရှိသူတစ်ဦးက “အူရီဒူးအနေနဲ့ သုံးစွဲသူတွေ မိမိတို့ရဲ့ကိုယ်ပိုင်ဖုန်းနံပါတ်များ ဆုံးရှုံးမှုမရှိစေနိုင်ရန်အတွက် အချိန်မီဆင်းကတ်မှတ်ပုံတင်နိုင်ဖို့ အကောင်းဆုံးနည်းလမ်းတွေနဲ့ ကူညီဆောင်ရွက်ပေးနေပါတယ်။ ဆင်းကတ်မှတ်ပုံတင်ဖို့ကျန်ရှိနေတဲ့သုံးစွဲသူတွေအနေနဲ့ မိမိတို့ဆင်းကတ် မှတ်ပုံတင်ပြီးခြင်း ရှိ/မရှိ စစ်ဆေးနိုင်ဖို့ *666# ကို ခေါ်ဆိုစစ်ဆေးကြည့်ဖို့ တိုက်တွန်းလိုပါတယ်။ မှတ်ပုံတင်သွင်းထားခြင်းမရှိပါက နောက်ဆုံးမှတ်ပုံတင်နိုင်မယ့် သတ်မှတ်ရက် ၁၅ ရက်ပဲ ကျန်တော့လို့ အမြန်ဆုံးမှတ်ပုံတင်ဖို့ အကြံပြုလိုပါတယ်”ဟု ပြောကြားသည်။

အဆိုပါ အွန်လိုင်းမှ ဆင်းကတ်များ မှတ်ပုံတင်နိုင်သည့် အစီအစဉ်များအပြင် အခမဲ့စာတိုပေးပို့ခြင်းဖြင့် မှတ်ပုံတင်ရန်အတွက် နံပါတ် 666 သို့ reg ဟု စာတိုပေးပို့ပြီး ပြန်လည်ပေးပို့လာသော မေးခွန်းများကို ဖြေကြား၍ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ကို ပေးအပ်ခြင်းဖြင့်လည်း ဆင်းကတ်မှတ်ပုံတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မြေပြင်တွင် မှတ်ပုံတင်ရန်အတွက်လည်း Ooredoo on the Move အစီအစဉ်ကို ပြုလုပ်ထားပြီး ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် ရှမ်း၊ ကရင်၊ ရခိုင်ပြည်နယ်များတွင် အူရီဒူးဆင်းကတ်အသုံးပြုသူများ အလွယ်တကူ ဆင်းကတ်မှတ်ပုံတင်နိုင်ရန် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**သူရဖြိုး**

# RAM 6GB ပါဝင်သည့် Galaxy C9 Pro စမတ်ဖုန်းသစ်ကို ဆမ်ဆောင်းမိတ်ဆက်

**ရန်ကုန် မတ် ၁၇**

ဆမ်ဆောင်း၏ ဂလက်စီစီးရီးစ် ဖုန်းများထဲမှ မော်ဒယ်သစ်ဖြစ်သည့် C9 Pro စမတ်ဖုန်းသစ်ကို ဆမ်ဆောင်းမြန်မာက ပြည်တွင်းဈေးကွက်၌ မတ် ၉ ရက်က စတင်မိတ်ဆက်ခဲ့ပြီး ဈေးကွက်အတွင်း၌ မတ် ၁၆ ရက်မှ စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

Galaxy C9 Pro စမတ်ဖုန်းကို သတ္တုကိုယ်ထည်ဖြင့် ဖန်တီးထားပြီး စွမ်းဆောင်ရည်မြင့် လုပ်ဆောင်ချက်များပါဝင်ကာ အဓိကအားဖြင့် အကောင်းဆုံးသော ဖျော်ဖြေရေးဆိုင်ရာ အတွေ့အကြုံများကို ကြည့်ရှုခံစားနိုင်စေရန် ပြုလုပ်ပေးထားသည်။ “Galaxy C9 Pro စမတ်ဖုန်းက 6GB RAM နှင့် 64GB ROM တို့ကြောင့် သုံးစွဲသူတွေကို အကောင်းမွန်ဆုံး ဖျော်ဖြေရေးဆိုင်ရာအတွေ့အကြုံတွေ ရရှိခံစားနိုင်စေမှာပါ”ဟု ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူ ကိုဇာနည်ဝင်းထက်က ပြောကြားသည်။

Samsung Galaxy C9 Pro သည် မျက်နှာပြင်အကျယ် ခြောက်လက်မရှိပြီး Full HD AMOLED screen ဖြင့် ရုပ်ထွက်ပိုင်း အထူးကောင်းမွန်စေရန် အရည်အသွေးမြှင့်တင်ထားသည်။ မြင့်မားသော ရုပ်ထွက်အရည်အသွေးနှင့်အတူ အသံပိုင်းတွင်လည်း စပီကာနှစ်လုံးကို ထည့်သွင်းပေးထားသဖြင့် ရုပ်ရှင်၊ သီချင်းများကို ဖုန်းဖြင့်ကြည့်ရှုရာတွင် သာမန်ဖုန်းများထက်ပိုသော အတွေ့အကြုံကို ရရှိစေမည်ဖြစ်သည်။




ကင်မရာပိုင်းတွင် ၁၆ မဂ္ဂါပစ်ဇယ်ရှိ နောက်ကင်မရာနှင့် ရှေ့ကင်မရာတို့ ပါဝင်ပြီး နောက်ကင်မရာတွင် အလင်းရောင်အားနည်းသည့် အခြေအနေတွင်ပင် ကြည်လင်ပြတ်သားသော ဓာတ်ပုံများကို ရိုက်ကူးနိုင်မည့် F1.9 aperture နှင့် Dual LED Flash ကို ထည့်သွင်းပေးထားသည်။ ရှေ့ကင်မရာသည်လည်း ၁၆ မဂ္ဂါပစ်ဇယ်ဖြစ်၍ ဆယ်လ်ဖီရိုက်ကူးလိုသူများအတွက်လည်း အထူးကောင်းမွန်သော ဆယ်လ်ဖီပုံများကို ရိုက်ကူးနိုင်မည်ဖြစ်သည်။

Galaxy C9 Pro သည် လုပ်ဆောင်ချက်များစွာကို အဆင်ပြေချောမွေ့စွာ တစ်ပြိုင်နက်တည်းလုပ်ဆောင်နိုင်မည့် multi-tasking အသုံးပြုမှု အတွေ့အကြုံကိုလည်း ရရှိနိုင်စေမည့် ပထမဆုံး ဆမ်ဆောင်းဖုန်းဖြစ်သည်။ CPU အနေဖြင့် 64-bit Octa Core Processor ကို ထည့်သွင်းပေးထားပြီး RAM အနေဖြင့် စွမ်းအားမြင့် 6GB RAM ပါဝင်သောကြောင့် ဖျော်ဖြေရေးဆိုင်ရာ လုပ်ဆောင်ချက်များ၊ ဂိမ်းများနှင့် အက်ပလီကေးရှင်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်မည်ဖြစ်သည်။ မင်မိုရီအနေဖြင့် 64GB ပါဝင်မည်ဖြစ်ပြီး SD ကတ် ထပ်တိုးသုံးစွဲပါက 256GB အထိ တိုးမြှင့်အသုံးပြုနိုင်ရန် ထောက်ပံ့ပေးထားသည်။

ဘက်ထရီပိုင်းတွင်လည်း ကြာရှည်ခံသည့် 4000 mAh ဘက်ထရီပါဝင်ကာ လျင်မြန်စွာအားသွင်းနိုင်သောစနစ်ကိုလည်း ထည့်သွင်းပေးထားသည်။ ထို့အပြင် ဒေတာများကို လျင်မြန်စွာ ကူးပြောင်းနိုင်မည့် USB Type-C စနစ်ကိုလည်း ပံ့ပိုးပေးထားသည်။ Galaxy C9 Pro တွင် ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပြီး MicroSD ကတ် ထည့်သွင်းအသုံးပြုရန် သီးခြား slot တစ်ခု ပါဝင်သည်။

Galaxy C9 Pro စမတ်ဖုန်းသစ်ကို မြန်မာနိုင်ငံတစ်ဝန်းရှိ ဆမ်ဆောင်းအမှတ်တံဆိပ်ဆိုင်များနှင့် အရောင်းဆိုင်ကြီးများတွင် မတ် ၁၆ ရက်မှ စတင်ဝယ်ယူနိုင်ပြီး ဈေးနှုန်းမှာ ကျပ် ၇၁၄၀၀၀ ဖြစ်သည်။ ကိုယ်ထည်အရောင်အနေဖြင့် အနက်ရောင်၊ ရွှေရောင်၊ ပန်းရောင်ဟု အရောင်သုံးမျိုး ရရှိနိုင်ပြီး စတင်ရောင်းချသည့် အထူးအစီအစဉ်အနေဖြင့် တယ်လီနောနှင့်ပူးပေါင်းကာ ပရိုမိုးရှင်းအစီအစဉ်များ ပြုလုပ်ထားကြောင်း သိရသည်။

**သူရဖြိုး**


STRATEGY FIRST INSTITUTE
တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများနှင့်
တက္ကသိုလ်တက်ရောက်နေသူများအတွက်
NCC education
Level 4 Diploma in Business
Level 5 Diploma in Business
NCC Level 4 Diploma in Business တွင်
သင်ကြားမည့်ဘာသာရပ်များ
Business Mathematics, Fundamental of Economics, Introduction to Finance, Essentials of Management Communication for Business, Understanding Business Organisations, e-Business, Principles of Marketing
NCC Level 5 Diploma in Business တွင်
သင်ကြားမည့်ဘာသာရပ်များ
Human Resources in Business, Understanding Consumer Behaviour, Information Systems and Organisations, Business Economics, Advanced Business Mathematics, Marketing in Business, Financial Management, Principles of Business Operations
ဧပြီလ (၃) ရက်နေ့ စမည်။
သင်တန်းကြေးနှင့် Scholarship များ
ဘာသာရပ်အားလုံးအတွက် တစ်နှစ်စာ
L4DB Tuition Fees: 3,280,000 Ks | L4DB NCC Fees - 320 GBP
L5DB Tuition Fees: 3,580,000 Ks | L5DB NCC Fees - 380 GBP
ဝင်ခွင့်သတ်မှတ်ချက်
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ တက္ကသိုလ်ဝင်တန်းတွင် အင်္ဂလိပ်စာအမှတ် (၆၀) မပြည့်ပါက IELTS band (5.5) ကို ရရှိရန်ဖြေဆိုရပါမည်။
သင်တန်းကြေးကို ၃ ရစ် ခွဲသွင်းနိုင်ပါသည်။
ဂုဏ်ထူးရဘာသာရပ် အရေအတွက်အလိုက် ၇၅% အထိ
သင်တန်းကြေး သက်သာခွင့်ရှိပါသည်။
သင်တန်းကြေးကို AYA Bank ၏ Education Loan ဖြင့်လည်း ပေးသွင်းနိုင်မည်ဖြစ်သည်။
#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon
#289, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar
Call now: (09) 250 7171 66 ~ 68


Galaxy STAR
World Star Searching Project
GRAHAM
PHYU PHYU KYAW THEIN
PHOE KAR
J ME
SUNG TIN PAR
ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၅)ခု မှ ရွေးထုတ်ထားသည့် World Star ပဏာမလက်ရွေးစင်များကလာမည့်
ဧပြီလ (၇) ရက်နေ့ ည (၉) နာရီ (၁၅) မိနစ် အချိန်မှာ MRTV-4 မှတစ်ဆင့်
ပရိသတ်ကြီးဆီ အရောက်လှမ်းလာမှာမို့ စောင့်ကြည့်ကြဖို့မမေ့နဲ့နော် . . .
Title Sponsored by SAMSUNG
Main Sponsored by ooredoo
Produced by
Co - Produced by

# ICEC

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ပညာရေး ဘော်ဒါ
(သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ)
IDEAL CLASS EDUCATION CENTRE

“စံ”ပညာ့ရိပ်သာ (လှိုင်)
ခြံအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ်။
Tel : 09 3005 9147, 09 3005 9148, 09 7958 86818, 09-2559 65938

“စံပြ”ကျောင်း (တာမွေ)
(5A) လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။
Tel : 09 731 66911, 09 731 62577, 09 2559 65939, 09 7996 43183

“စံမီ”ကျောင်း (လှိုင်သာယာ)
အမှတ်(၆၉၁/ခ-၂) ညောင်တုန်းလမ်းနှင့် ကျန်စစ်သားလမ်းထောင့် လှိုင်သာယာမြို့နယ်။ ရုံးရှေ့မှတ်တိုင်(ယခင်-ဝင်းသူဇာဆိုင်)
Tel : 09 7852 74023, 09 7998 62303, 09 7904 90781
Website : www.icecprivateschool.com

သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ICEC ကျောင်းခွဲအားလုံးတွင် ကျောင်းအပ်လက်ခံနေပြီ။

ICEC “စံပြ” (တာမွေ) ကျောင်းခွဲအား (1.3.2017) မှစ၍ (5-A)၊ လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်သို့ ပြောင်းရွှေ့ကျောင်းအပ် လက်ခံနေပါပြီ။
Tel : 09-73166911
09-73162577

---

## ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၀၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

---

## အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကား မျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

---

Meet world famous universities from USA, UK and Australia at CROWN event!

## “နိုင်ငံတကာတက္ကသိုလ်များနှင့် မြန်မာကျောင်းသားများတွေ့ဆုံပွဲ”

CROWN EDUCATION
Award Winning Company

- iGCSE နှင့် ဆယ်တန်းဖြေဆိုအောင်မြင်ထားသောကျောင်းသားများအတွက် နိုင်ငံတကာတက္ကသိုလ်များ၏ Foundation တန်းများကို တိုက်ရိုက်တက်ရောက်နိုင်သည့်အစီအစဉ်များ
- ယူကေထိပ်တန်း University of Manchester ကဲ့သို့ တက္ကသိုလ်ကြီးများကို 'A level' မပါဘဲ လျှောက်ထားနိုင်မည့် လမ်းကြောင်း
- ပြည်တွင်းဆေးပညာဘွဲ့ရရှိထားသောသူများနှင့် ဆေးပညာကို စတင်လေ့လာလိုသောသူများအတွက် နာမည်ကျော်တက္ကသိုလ်ကြီးများ၏ ဆေးကျောင်းဝင်ခွင့်များ
- Civil, Architect နှင့် အခြား Engineering ပညာရပ်များဖြင့် အသက်မွေးဝမ်းကြောင်းပြုလိုသောကျောင်းသားများအတွက် မှန်ကန်သည့် တက္ကသိုလ်ရွေးချယ်မှုများ
- ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်းများပြားသော Accounting & Finance နှင့် ဆက်စပ် ဘာသာရပ်များအတွက် Ranking မြင့် ထိပ်တန်းတက္ကသိုလ်ကြီးများ
- နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်များနှင့် IELTS, TOEFL တို့၏ အရေးပါမှုများကို လေ့လာနိုင်မှာဖြစ်ပါတယ်




နေ့ရက် - ဧပြီ(၂)ရက် အချိန် - (၁၀)နာရီ (၁)နာရီ
နေရာ - PARKROYAL HOTEL ( Ballroom 1 & 2 )

Register Now : 01 527 838, 09 732 732 77, 09 450 200 040

Don't miss the chance. See you all soon.

---

HAN Golf Masters

## သင်္ကြန်အကြို

# Special Golf Sales !!!



**24th to 29th March 2017**
8:00 am to 7:00 pm
မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း
ဥက္ကလာလမ်းနှင့်လေဆိပ်လမ်းထောင့်၊ ကျောက်ရေတွင်း၊ မရမ်းကုန်းမြို့နယ်။

Up to 60% Off

Lucky Draw



More Info : 09 431 220 27, 09 730 418 07, 09 731 305 62

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များရှိ HAN Golf Masters Pro-shop ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

---

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 4E/7535 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွှာသာကြီး)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း**
ယာဉ်အမှတ် 2J/8112, Toyota Probox NCP 50, S/W (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးမောင်လှိုင် ၁၂/တမန(နိုင်)၀၅၂၀၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ယူရန် မေတ္တာရပ်ခံချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို အောက်ပါရည်ရွယ်ချက်များဖြင့် ထုတ်ပေးသွားမည် ဖြစ်သည်-

(က) မဲဆန္ဒရှင်တစ်ဦးသည် မဲဆန္ဒရှင်သက်သေခံလက်မှတ် လက်ဝယ်ရရှိထားခြင်းအားဖြင့် မိမိအမည် မဲစာရင်းတွင်ပါဝင်ပြီး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရရှိကြောင်း သေချာခိုင်လုံစေရန်၊

(ခ) မဲဆန္ဒရှင်မှ ဆန္ဒမဲလက်မှတ် လာရောက်ထုတ်ယူရာတွင် မဲလက်မှတ်ထုတ်ပေးသူ အနေဖြင့် မဲစာရင်းတွင် လွယ်ကူစွာရှာဖွေနိုင်ပြီး အချိန်ကုန်သက်သာစေရန်၊

(ဂ) မဲဆန္ဒရှင်သက်သေခံလက်မှတ်ပါ မိမိ၏အချက်အလက်များ မှားယွင်းနေပါက သက်ဆိုင်ရာ မဲဆန္ဒရှင်ကိုယ်တိုင် ပြင်ဆင်ပေးနိုင်ရန်၊

(ဃ) သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မဲဆန္ဒရှင်၏ မှန်ကန်သော အချက်အလက်များကို မဲဆန္ဒရှင်စာရင်းတွင် ပြန်လည်ပြင်ဆင်နိုင်ရန်။

၂။ ၃-၁-၂၀၁၇ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မဲဆန္ဒရှင် သက်သေခံလက်မှတ်များကို နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများမှ ထုတ်ပေးခြင်းမပြုဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ခံ၍ ထုတ်ပေးရန် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများမှ သဘောတူခဲ့ကြပါသည်။

၃။ အပိုဒ်(၁) ပါ ရည်ရွယ်ချက်များဖြင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၁၇-၃-၂၀၁၇ရက်မှ ၃၀-၃-၂၀၁၇ရက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ နေ့စဉ်ထုတ်ပေးသွားမည် ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို ကိုယ်တိုင် သို့မဟုတ် မိသားစုတစ်စုလျှင် အိမ်ထောင်ဦးစီး သို့မဟုတ် မိသားစုဝင်တစ်ဦးဦးမှ လာရောက်ထုတ်ယူကြရန် ဖြစ်ပါသည်။

၄။ ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်မပါရှိပါကလည်း မဲစာရင်းတွင် ပါရှိက ဆန္ဒမဲပေးနိုင်ပါသည်။ သို့သော်လည်း မဲဆန္ဒရှင်များက မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို လာရောက်ထုတ်ယူခြင်းအားဖြင့် ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**
**ရန်ကုန်မြို့**

## ဒုတိယဦးစီးမှူးရာထူး ရေးဖြေစာမေးပွဲဖြေဆိုရန် အကြောင်းကြားခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး (၉)နေရာအတွက် လျှောက်လွှာခေါ်ယူခဲ့ပြီးဖြစ်ရာ ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စည်းကမ်းနှင့်ညီညွတ်သော လျှောက်ထားသူများမှ လာရောက်ဖြေဆိုနိုင်ပါရန် အကြောင်းကြားအပ်ပါသည်-

| စာမေးပွဲကျင်းပမည့်ရက် | အချိန် | ဘာသာရပ် | စာဖြေဌာန |
|---|---|---|---|
| ၈-၄-၂၀၁၇ ရက် (စနေနေ့) | နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀ နာရီထိ | မေးခွန်းလွှာ(၁) မြန်မာစာနှင့် အင်္ဂလိပ်စာ | မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)၊ အမှတ် ၄၃/၄၅၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ |
| | မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ | မေးခွန်းလွှာ(၂) အထွေထွေဗဟုသုတ | |

၂။ **ယူဆောင်လာရမည့် စာရွက်စာတမ်းများ**
(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)
(ခ) လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြထားသော စာရွက်စာတမ်းများ

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အထက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်း(မူရင်း)များကို ယူဆောင်လာရန် ပျက်ကွက်ပါက ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုရန် ခွင့်ပြုမည်မဟုတ်ပါ။

၄။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်များနှင့် ဖြေဆိုရမည့် စာစစ်ဌာနနေရာအား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတွင် ၂၀-၃-၂၀၁၇ရက်၌ ထုတ်ပြန်ကြေညာထားမည်ဖြစ်ပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၁-၃၇၃၉၁၃၊ ၀၁-၃၇၃၁၉၈၊ ၀၁-၃၇၃၉၅၉ များသို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပြီး ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ဝက်ဘ်ဆိုက် (secm.gov.mm)တွင်လည်း လွှင့်တင်ထားမည်ဖြစ်ပါသည်။

၅။ ရေးဖြေစာမေးပွဲဖြေဆိုသူများသည် စာစစ်ဌာနဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ-၁၊ ရန်ကုန်မြို့သို့ ၈-၄-၂၀၁၇ရက် (စနေနေ့) နံနက် ၉း၀၀နာရီထက် နောက်မကျစေဘဲ သတင်းပို့ရမည်ဖြစ်ပါသည်။

---

## ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

ဣန္ဒာသရလမ်း၊ ကျောက်မြောင်း 2F၊ ဝရန်တာကျယ်၊ နှစ်ယောက်ခန်း နှစ်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ကျွန်းခင်း အထူးပြင်ဆင်ပြီး (၁၃×၆၀)ပေ။

၃၇၅ သိန်း၊ ညှိနှိုင်းဈေး
**ဖုန်း-၀၉-၅၀၇၁၃၆၆**

---

## ရောင်းမည်

အင်းစိန် GTI အနီး မင်းကြီးလမ်းမပေါ် ရွာမ အရှေ့ရပ်ကွက်ရှိ (၃၂×၆၁) မြေပေါ်ရှိ BN တစ်ထပ်ခွဲ အဆောက်အအုံ ရေမီးအစုံပါ (အမြန်)ရောင်းလိုသည်။
**ဆက်သွယ်ရန် ဖုန်း-** ၀၉-၂၅၃၇၃၁၉၅၅၊ ၀၉-၇၈၈၂၀၀၇၉၁ ရုံးချိန်အတွင်းသာ

---

**စက်မှုဝန်ကြီးဌာန**

## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)တွင် ယာဉ်အို/ယာဉ်ဟောင်းများ အပ်နှံရာမှထွက်ရှိလာသည့် အင်ဂျင်အပျက်များ Assorted Type (Used Engine) (Mixed Material)များကို နိုင်ငံခြားငွေ (USD)/မြန်မာကျပ်ငွေဖြင့် ရောင်းချဆောင်ရွက်လိုပါသည်။

၂။ **လေလံပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၂၀-၃-၂၀၁၇ ရက် (တနင်္လာနေ့)
**လေလံပိတ်မည့်ရက်နှင့်အချိန်** - ၆-၄-၂၀၁၇ ရက်၊ ၁၆း၀၀ နာရီ

၃။ အိတ်ဖွင့်လေလံပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၆၀၊ ၀၆၇-၄၀၅၁၃၉**

---

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services) | - ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) အောင်မြင်ပြီးသူများ၊<br>- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ(သို့)ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ |
| ၃။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၄။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေး သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၆။ | အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေး သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၇။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း (အဆင့် ၁) | - ဤသင်တန်းဌာနမှ အခြေခံ(အဆင့် ၁) အစားအစာထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူ(သို့)တက္ကသိုလ်ဝင်တန်းအဆင့်ရှိ စိတ်ပါဝင်စားသူများ။ |
| ၈။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) စာရင်းကိုင်၊ (စီမံ/ဘဏ္ဍာ) | - စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ |
| ၉။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) အိပ်ခန်းထိန်းမှူး၊ (အခန်းဌာနကြီး) Front Office (F.O Supervisor) Housekeeping (Housekeeping Supervisor) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ(သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။ |
| ၁၀။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) စားသောက်ခန်းမှူး၊ (အစားအစာဌာနကြီး) F & B Service (F & B Supervisor) F & B Production (Kitchen Supervisor) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ(သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။ |

**သင်တန်းကာလ**။ ၂-၅-၂၀၁၇ရက်မှ ၂၃-၆-၂၀၁၇ရက်
သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်
လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ ဓာတ်ပုံ (၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ ပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၈၃၆**

---

## အမည်ပြောင်း

ဦးမြင့်ဆန်း၏သား ညောင်လေးပင်မြို့၊ အထက(ခွဲ)ပထမတန်း(B)မှ မောင်ခန့်မင်းသူအား မောင်ခန့်ညားပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ခန့်ညားပိုင်**

---

## ပျောက်ဆုံး

ဦးထန်နောက်၏သား ဦးထွန်းလင်းအောင် ၄/ဖလန(နိုင်)၀၃၂၆၇၁ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။**ဖုန်း-၀၉-၂၆၅၈၃၃၄၈၁**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ကျိုင်းတုံမြို့နယ်တရားရုံးတော်**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂**

ဦးခင်မောင်သိန်း **နှင့်** ဒေါ်နန်းအွန်
**တရားလို** **တရားပြိုင်**

ကျိုင်းတုံမြို့၊ ကျိုင်းအင်းရပ်၊ အမှတ်(၅)ရပ်ကွက်နေ ဒေါ်နန်းအွန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်ဆက်စပ်၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်ဆက်စပ်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် မတ် ၂၄ရက် (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ယင်းငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုရန်လိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးယုမွန်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကျိုင်းတုံမြို့နယ်တရားရုံး**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကတ်သုတ်ကြေးနီ (၄၀၀±)မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူ ရောင်းချမည်ဖြစ်ပါသည်-

**ကြမ်းခင်းဈေး** - တင်ဒါဖွင့်ပွဲနေ့မတိုင်မီ တစ်ရက်အလိုနေ့ရှိ London Metal Exchange ဈေးနှုန်းပါ ကတ်သုတ်ကြေးနီတစ်တန်၏ ဈေးနှုန်းထက် မနိမ့်သောဈေး

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၇-၄-၂၀၁၇ ရက် ၁၆း၃၀ နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၇၈ နှင့် ၀၆၇-၄၀၉၀၀၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်**

## အဆိုပြုလွှာခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပုရာကန်)မှ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလက်အောက်ရှိ ကလေးဝဌာနခွဲနှင့် ဗန်းမော်ဌာနခွဲသို့ စက်သုံးဆီ (ဓာတ်ဆီနှင့်ဒီဇယ်ဆီ)များ သယ်ပို့မည့်လုပ်ငန်းကို ပြင်ပပုဂ္ဂလိကရေယာဉ်/ဆီတွဲများဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူရေယာဉ်/ဆီတွဲလုပ်ငန်းရှင်များသည် မိမိတို့သယ်ပို့လိုသည့် စက်သုံးဆီအမျိုးအစားနှင့် သက်ဆိုင်ရာတစ်ဂါလန်သယ်ပို့ခနှုန်းထားများအား အဆိုပြုတင်သွင်းနိုင်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များကို ၁၆-၃-၂၀၁၇ ရက်မှ ၂၁-၃-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၂၄-၃-၂၀၁၇ ရက် မွန်းတည့် ၁၂း၀၀ နာရီတွင် ရေယာဉ်/ ဆီတွဲပိုင်ရှင်ကိုယ်တိုင်တင်သွင်းရန်နှင့် ၂၄-၃-၂၀၁၇ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် တင်ဒါစည်းကမ်းနှင့်ကိုက်ညီသော အဆိုပြုလွှာများအားဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၆)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၅၃၊ ၀၆၇-၄၁၁၀၉၂၊ ၀၆၇-၄၁၁၁၃၃**

---

## ဝန်ထမ်းအလိုရှိသည်

၁။ **Junior Mechanic M (2) ဦး**
- AGTI (Mechanic) (ကျွမ်းကျင်မှု M-2, M-3 Level အဆင့်ရှိရမည်။)
- စစ်တွေမြို့ရှိ စီမံကိန်းလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။
- စီမံကိန်းတွင်အသုံးပြုနေသော Back-Hole, Crwler Crane, Wheel Loader, Dumper စသည့် စက်ယန္တရားကြီးများနှင့်ပတ်သက်၍ Senior Mechanic ၏ ညွှန်ကြားမှုများကို ပြင်ဆင်ပြုပြင်ပေးနိုင်သူဖြစ်ရပါမည်။ (လစာညှိနှိုင်း)

၂။ **Safety Manager M (1) ဦး**
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။
- လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်များပြနိုင်ရမည်။ (လစာညှိနှိုင်း) နယ်တွင်နေထိုင်နိုင်သူဖြစ်ရမည်။ နယ်တွင်နေထိုင်စဉ် နေထိုင်၊ စားသောက်စရိတ်ကို ကုမ္ပဏီမှ စီစဉ်ဆောင်ရွက်ပေးပါသည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ လိုအပ်သော စာရွက်စာတမ်းတို့နှင့်အတူ Ph - 01-652846 သို့ မေးမြန်း၍ဖြစ်စေ၊ E-mail: bxtinternationalmm@gmail.com သို့ဖြစ်စေ လာရောက်လျှောက်ထားနိုင်ပါသည်။

---

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ဇောင်ချမ်းကုန်းတိုးချဲ့ရပ်ကွက်၊ အကွက်အမှတ် (၁၉-ဠ/ဇောင်ချမ်းကုန်း)၊ ဦးပိုင်အမှတ်(-)၊ မြေကွက်အမှတ်(၁၅၆)၊ ဧရိယာ ၀ ဒသမ ၀၆၀ ရှိ မြေကွက်မှာ ဦးသောင်းညွန့်အမည်ဖြင့် ၉-၁၀-၁၉၉၈ မှ ၈-၁၀- ၂၀၂၈ ထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားပါသည်။ အဆိုပါ မြေငှားဂရန်စာချုပ်မူရင်းမှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူထုတ်ပေးပါရန် ဦးသောင်းညွန့် ၉/တသန(နိုင်) ၀၉၃၇၅၀ မှ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဌာနလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ဖြူးမြို့နယ်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁**

ဖြူးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ကိုယ်စားလှယ်တာဝန်ပေးအပ်ခံရသူ ဦးမြင့်ဇော်လင်း) **နှင့်** ဦးကျော်မင်းထွေး
**တရားလို** **တရားပြိုင်**

ဖြူးမြို့နယ်၊ ဝဲဒေါင်ကျေးရွာ၊ ချယ်ရီနန်းစားသောက်ဆိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဖြူးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (ကိုယ်စားလှယ်တာဝန်ပေးအပ်ခြင်းခံရသူ ဦးမြင့်ဇော်လင်း)က ဖြူးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အသုံးပြုခွင့်ရှိသောမြေဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ၎င်းမြေပေါ်တွင်ဆောက်လုပ်ထားသည့် အဆောက်အအုံအား ဖယ်ရှားဖျက်သိမ်းပြီးမြေလက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ ခုနှစ် မတ် ၂၈ရက် (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားပြိုင်မှစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သူဟန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)၊ ဖြူးမြို့နယ်တရားရုံး**

# Open your own Gakken Classroom Learning Centre




**We are looking for people who are passionate about education**

*Please contact us if you are:*
- keen to contribute your local community
- looking for a good education for your child
- owning enough space to run your learning centre
- interested in Maths instruction

Gakken Classroom's instructors have flexibility to fit your work around family.

**The largest market share in the Japanese after-school learning industry where children learn primary maths**

Since 1947, Gakken has been pioneering new educational publications. With the hopes of helping children to have confidence and to experience the joy of learning, we have started Gakken Classroom in 1980 and successfully introduced across Japan and Asian countries with more than 420,000 members and 15,000 centres.

**Orientation**

Date : 19th (Sun), 27th (Mon) and 31st (Fri) of March, 2017
Time : 11:00 AM sharp (2hours)
Place : #406, 4th Floor, Hledan Centre
Phone : 01-2307803/ 09-4444 55803/ 09-979682785
Fee : Free

Note : Please arrive at the venue 25-30 minutes earlier. The number of participants will be strictly limited and if you would like to join the orientation, please contact us.

Fundamental Academic Abilities & Logical Thinking Skills
Gakken
Maths/Science

Find us on Facebook >> Gakken Classroom Myanmar


# SUPER SEVEN STARS MOTORS INDUSTRY CO.,LTD.(SSS)
# နှင့် ပတ်သက်၍ အများသိစေရန် သတိပေးတားမြစ်ချက်

ကျွန်ုပ်တို့၏ အမှုသည်ဖြစ်သော SUPER SEVEN STARS MOTORS INDUSTRY CO.,LTD.(SSS)၏ Managing Director ဦးစံလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ ကုမ္ပဏီနှင့် ပတ်သက်၍ အများသိစေရန်နှင့် သတိပေးတားမြစ်ချက်ကို အောက်ပါအတိုင်း အကျဉ်းချုံး၍ အသိပေးအပ်ပါသည်။

၁။ SUPER SEVEN STARS MOTORS INDUSTRY CO.,LTD.(SSS) သည် လွန်ခဲ့သော ၂၀၀၈ ခုနှစ်မှစ၍ တရားဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ပြီး မူလပထမက တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ်ကားများကို အရည်အသွေးပြည့်မီစွာ စစ်ဆေးရန်တာဝန်ရှိသော သက်ဆိုင်ရာများ၏ စစ်ဆေးမှုကိုခံယူလျက် မောင်းနှင်ခွင့်လိုင်စင်ကိုပါရရှိအောင် တရားဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

၂။ ၂၀၁၂ ခုနှစ်မှစ၍ ကိုရီးယားသမ္မတနိုင်ငံ K.I.A ကုမ္ပဏီ၏ တရားဝင်ခွင့်ပြုချက်အရ စက်မှုဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အရည်အသွေးစည်းကမ်းချက်များနှင့်အညီထုတ်လုပ်ပြီး နိုင်ငံတော်သို့ တရားဝင်အခွန်အမျိုးမျိုးကို ကျသင့်သည့်အတိုင်း မပျက်မကွက်ထမ်းဆောင်ခဲ့သည်ဖြစ်၍ အခွန်အများဆုံးပေးသွင်းသော အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၏ အခွန်ထမ်းစာရင်းတွင်လည်း ပါဝင်ခဲ့သည်အထိ တာဝန်ကျေပွန်ခဲ့ပါသည်။

၃။ ထိုသို့ ထုတ်လုပ်ခဲ့သော ကားများနှင့်ပတ်သက်၍ သက်ဆိုင်ရာများက တစ်ဦးကောင်းတစ်ဖွဲ့ဖြင့် စစ်ဆေးခြင်းမျိုးမဟုတ်ဘဲ ဌာနပေါင်းစုံဘုတ်အဖွဲ့ဖြင့် စစ်ဆေးခြင်းဖြစ်ပြီး လိုအပ်ချက်ရှိသည်ဟု တရားဝင်ညွှန်ကြားပါကလည်း တစ်စုံတစ်ရာပျက်ကွက်မှုမရှိ လိုက်နာဆောင်ရွက်ခဲ့သဖြင့် အမည်ကောင်းစာရင်းဝင်ခဲ့ပြီးဖြစ်ပါသည်။

၄။ ထိုကဲ့သို့ SUPER SEVEN STARS MOTORS INDUSTRY CO.,LTD.(SSS)မှ Semi Knock Down (SKD)စနစ်ဖြင့် ဆောင်ရွက်မှုများအားလုံးသည် တရားဥပဒေနှင့်အညီ ဆောင်ရွက်ချက်ဖြစ်ပြီး ထိုဆောင်ရွက်ချက်အတိုင်း ကုမ္ပဏီကဆောင်ရွက်နေသည်ကို အချို့သော အလားတူလုပ်ငန်းတူ ပုဂ္ဂိုလ်အချို့က ကားများထားရှိရာဆိပ်ကမ်းသို့ သက်ဆိုင်ရာသို့ တရားဝင် အသိပေးအကြောင်းကြားမှုမရှိဘဲ သတင်းထောက်တို့ကိုခေါ်သွားပြီး ဓာတ်ပုံရိုက်ခြင်း၊ မေးမြန်းခြင်း စသည်တို့ကို ပြုလုပ်ပြီး ဌာနပေါင်းစုံဘုတ်အဖွဲ့၏ တရားဝင်တင်ပြခြင်း၊ အထက်အဖွဲ့အစည်းမှ ဆုံးဖြတ်ချက်မချမီ သတင်းစာနှင့် ဂျာနယ်အချို့၌ ဓာတ်ပုံပေါင်းတို့ဖြင့် သတင်းဖော်ပြရေးသားမှုများအပြင် အင်တာနက်လူမှုကွန်ရက် Facebook စာမျက်နှာတို့၌လည်း ကုမ္ပဏီ၏ဂုဏ်သိက္ခာကိုသာမက ကုမ္ပဏီမှထုတ်လုပ်သော ကားများကိုတရားဥပဒေနှင့်အညီ စစ်ဆေးအတည်ပြုပေးရသော သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအပေါ်လည်း အများပြည်သူက အထင်အမြင်လွဲမှားမှုဖြစ်အောင် မတိကျဘဲ ရေးသားဖော်ပြမှုများကို ဖြစ်ပေါ်စေခြင်းကြောင့် ကုမ္ပဏီ၏ အမည်ကောင်းသတင်းကျော်ကြားခြင်းနှင့် ဂုဏ်သိက္ခာကိုလည်းကောင်း၊ K.I.A ကားများ၏ အရည်အသွေးကိုလည်းကောင်း အတိုင်းအဆမရှိ ထိခိုက်ရခြင်း၊ ငွေကြေးအားဖြင့်လည်း ဆုံးရှုံးခြင်းများဖြစ်ပေါ်စေရပါသည်။

၅။ ထို့ကြောင့် ဤသတင်းစာကြော်ငြာထည့်သွင်းသည့်ရက်မှစ၍ SUPER SEVEN STARS MOTORS INDUSTRY CO.,LTD.(SSS)၏ အမည်ကောင်းဂုဏ်သတင်းကိုသော်လည်းကောင်း၊ ကုမ္ပဏီတွင်လုပ်ကိုင်ဆောင်ရွက်နေသော ဝန်ထမ်းများ၏ ဂုဏ်သတင်းကိုသော်လည်းကောင်း ထိခိုက်ပျက်ပြားစေရန်ထပ်မံ၍ တစ်နည်းနည်းဖြင့်ကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူမှတစ်ဆင့်သော်လည်းကောင်း ဆောင်ရွက်ခြင်းမပြုကြပါရန်နှင့် အကယ်၍ ပျက်ကွက်ပါက မလွှဲမရှောင်သာဘဲ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူနိုင်ရန်အတွက် ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် အမှုမဖြစ်ရစေရန် သတိပေးကြေညာအပ်ပါသည်။

**SUPER SEVEN STARS MOTORS INDUSTRY CO.,LTD.(SSS)**
**မှ Managing Director ဦးစံလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ရောဘတ်စန်းအောင်** (စဥ်-၂၄၆၉)
**ဒေါ်အေးအေးသက်(ပုသိမ်)** (စဥ်-၈၂၂၀)
**ဒေါ်အေးအေးဝင်း(ပုသိမ်)** (စဥ်-၈၈၃၄)
**ဒေါ်မေနှင်းဦး(ထီလာ)** (စဥ်-၁၀၇၆၁)
**ဒေါ်သဇင်အေး(သန်လျင်)** (စဥ်-၁၂၂၇၈)

**တရားလွှတ်တော်ရှေ့နေများ**

**ဦးကြည်သာဖုန်းမြင့်(သံတွဲ)** (စဥ်-၄၃၄၃၄)
**ဒေါ်မြတ်ဆု(ဘိုကလေး)** (စဥ်-၄၆၈၉၅)
**ဒေါ်သဲနုဝေ(ဘိုကလေး)** (စဥ်-၄၆၉၃၈)
**ဒေါ်အေးအေးမျိုး(ကြံခင်း)** (စဥ်-၄၀၉၀၇)
**ဒေါ်မွန်မွန်ချို(ဘိုကလေး)** (စဥ်-၄၆၉၀၃)
**ဦးကျော်လတ်စိုး** (စဥ်-၄၀၅၀၈)
**ဦးမျိုးမင်းဇော်(မန္တလေး)** (စဥ်-၃၄၅၈၀)
**ဒေါ်သန်းသန်းစိုး(မန္တလေး)** (စဥ်-၃၉၉၂)

**အထက်တန်းရှေ့နေများ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၅၁၈၆၉ YUNDE 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဂျာတူးထွယ် ၁/မကန(နိုင်)၂၁၀၄၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## အများသိစေရန် အသိပေးကြေညာချက်

ကျွန်တော်ပိုင်ဆိုင်သည့် စက်လှေ မှတ်ပုံတင်အမှတ်-ON.6710(A) စက်အမျိုးအစား၊ နံပါတ်နှင့် မြင်းကောင်ရေ HINO EK 100, No.30282 (280)BHPရှိ 'ရတနာပြည့်တိုး' အမည်ရှိသော စက်လှေအား ကျွန်တော်မှ ဦးစိုးမြင့် ၆/ကစန(နိုင်)၀၄၀၄၈၁ သို့ လွန်ခဲ့သော ၁၃-၃-၂၀၁၇ ရက်က လွှဲပြောင်းရောင်းချထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါစက်လှေသည် ကျွန်တော်တို့နှင့်ပိုင်ဆိုင်ပတ်သက်ခြင်း လုံးဝမရှိတော့ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးမြင့်စိုး ၆/မအရ(နိုင်)၀၇၉၇၄၆**
**နွယ်သာဂီလမ်း၊ အေးမြကန်သာရပ်၊ ကော့သောင်းမြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ယမုံနာ ၁၊မြေကွက်အမှတ်၂၄၊ မြေကွက်တည်နေရာအမှတ် ၁၂၇၊ ၁၀လမ်း၊ ယမုံနာ ၁ ရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးအောင်မြင့် ၁၂/ဒပန(နိုင်) ၀၁၈၇၈၆) အမည်ပေါက်နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးအောင်မြင့် (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ပန်းမြိုင် ၁၂/ဒပန(နိုင်)၀၁၈၇၈၇မှ ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ် ပထမမိတ္တူမှန်တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်စက်မှုဇုန်၊ မြေကွက်အမှတ် (၁၀၆)၊ ဧရိယာ ၂ဒသမ၀၀၁ဧကေနှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးညီညီလင်း၊ ဦးဇော်ဇော်လင်း ဖြစ်ပါသည်။ အမည်ပေါက်နှစ်ဦးအနက် ဦးညီညီလင်း(ကွယ်လွန်)သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ဇနီးဖြစ်သူ ဒေါ်ချမ်းမြမြမိုး ၁၂/ဗတထ(နိုင်)၀၀၈၂၅၉နှင့်အတူ ဦးဇော်ဇော်လင်းမှ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ဖိုးလမင်းပရဟိတအသင်းဝင် ဦးသန်းဝေသည် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ပြုလုပ်ရမည့်ငွေစာရင်းနှင့် အထွေထွေစာရင်းများကို ရှင်းလင်းဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးအရ ၂၇-၂-၂၀၁၇ ရက်တွင် အသင်းဝင်အဖြစ်မှ နုတ်ထွက်လိုက်ပြီးဖြစ်ပါကြောင်း ဖိုးလမင်းပရဟိတအသင်း၏ လုပ်ငန်းကိစ္စများဖြစ်သည့် စာရွက်စာတမ်းများနှင့်သော်လည်းကောင်း၊ တခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း မိမိနာမည်ဖြင့် အသုံးပြုထားခြင်းများရှိပါက လုံးဝ(လုံးဝ) တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဝေ၊ ရေပုန်းနယ်မြေ၊ မြိတ်ခရိုင်၊ မြိတ်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅/သမိုင်း၊ မြေကွက်အမှတ် ၅/က၆·B ၏ အစိတ်အပိုင်းအနောက်ဘက်ခြမ်း ၀ ဒသမ ၁၂၄၀ ဧကခန့်၊ မြေကွက်တည်နေရာအမှတ် ၅/က၊ ဦးကျော်လှ လမ်းသွယ် (၂)လမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးအောင်ဇော်မြင့်) အမည်ပေါက် Bလ/န ၃၉ ဘိုးဘွားပိုင်(အိမ်ရာမြေ)မြေအား ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး (၅)၊ တရားမရုံး၊ တရားမကြီးမှုအမှတ် ၄၉၇/၂၀၀၃၊ ရန်ကုန်တိုင်းဒေသကြီးတရားရုံး၊ တရားမကြီးမှုအမှတ် ၇၆၄/၂၀၁၀၊ တရားမဇာရီမှုအမှတ် ၃၆/၂၀၁၃၊ အရောင်းအဝယ်စာချုပ် ၆၇၆၀/၂၀၁၆ (၃၀-၁၂-၂၀၁၆)တို့ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်ဆွေဆွေဝင်း ၁၂/မရက(နိုင်)၁၂၂၇၃၄၊ ဒေါ်ခင်လေးဝင်း ၁၂/မရက(နိုင်)၀၄၂၁၅၄ တို့မှ တရားရုံးဒီကရီအထောက်အထား၊ အရောင်းအဝယ်စာချုပ် ၆၇၆၀/၂၀၁၆ (၃၀-၁၂-၂၀၁၆) တစ်ဖက်သတ်မြေကွက်ခွဲစိတ်ခွင့်ပြုပါရန် လျှောက်ထားလွှာတို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၆)၊ အကွက်အမှတ်(၂၇/တရုတ်ဈေးတန်း)၊ ဦးပိုင် (၃၃/ခ)၊ ဧရိယာ ၀ ဒသမ ၁၂၄၊ အမှုတွဲအမှတ် ၂၉၀-၅/ ၂၀၀၅-၂၀၀၆(အေ)ဖြင့် ဦးလီဂျီမှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၂၅-၁-၂၀၁၆ တွင် ကွယ်လွန်သွားပြီးဖြစ်၍ ၁၀-၁၁-၂၀၁၆ တွင် စာချုပ်အမှတ် (၄၅၈ I/၂၀၁၆) ဖြင့် ဇနီးဖြစ်သူ လီယွန်ဆင်(ခ)ခင်ချိုသက်မှ အမွေဆက်ခံပိုင်ဆိုင်စာချုပ်ပြုလုပ်ပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ပြုလုပ်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၂၀ ရက်အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းကြော်ငြာပါသည်။

**လီယွန်ဆင်(ခ)ခင်ချိုသက် ၁၃/လရန(နိုင်)၀၆၁၂၅၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဟိုပင်မြို့၊ နယ်မြေ (၁)၊ မြသီတာရပ်ကွက်၊ မြခွာညိုလမ်း၊ အမှတ် ၁/၅၆နေ ကျွန်မ ဒေါ်သန်းနွဲ့ ၁/မညန(နိုင်)၀၁၉၄၇၃ ၏ သမီး မဝါဝါလွင် ၁/မညန(နိုင်)၁၀၆၁၈၈ သည် မိခင်အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မိခင်**
**ဒေါ်သန်းနွဲ့**
**၁/မညန(နိုင်)၀၁၉၄၇၃**

# (၇၂)နှစ်မြောက်တပ်မတော်နေ့အားဂုဏ်ပြုသောအားဖြင့် မြန်မာသံစဉ်ဂီတနှင့် သဘင်အနုပညာရှင်များ ဖျော်ဖြေ





ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ (၇၂)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် မြန်မာသံစဉ်ဂီတနှင့် သဘင်အနုပညာရှင်များ၏ ဖျော်ဖြေမှု အားပေးကြည့်ရှုစဉ်

**နေပြည်တော် မတ် ၁၇**

(၇၂)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် မြန်မာသံစဉ်ဂီတနှင့် သဘင်အနုပညာရှင်များ၏ ဖျော်ဖြေပွဲအခမ်းအနားအား ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိဗိမာန်ရှိ သဘင်ဆောင်၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ဖျော်ဖြေပွဲတွင် ဂန္ထဝင်ဂီတပညာရှင်များနှင့် တေးသံရှင်များက မြန်မာသံစဉ် တေးသံသာများဖြင့်လည်းကောင်း၊ မန္တလေးသိန်းဇော် ဦးစီးဇာတ်သဘင်ပညာရှင်များက မြန်မာ့ရိုးရာဆိုင်းအဆို၊ အတီးနှင့် ရုပ်သေးနှစ်ပါးသွားအက စသည့် အကပဒေသာများဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြသည်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် ဝါရင့်ဂန္ထဝင်ဂီတအနုပညာရှင်ကြီးများနှင့် မန္တလေးသိန်းဇော် ဇာတ်သဘင်အဖွဲ့သားများအား ဒုတိယသမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ မြန်မာသံစဉ်ဂီတနှင့် သဘင်အနုပညာရှင်များသည် မတ် ၁၈ ရက်တွင် ဇေယျာသီရိဗိမာန်၌ လည်းကောင်း၊ မတ် ၁၉ ရက်နှင့် ၂၀ ရက်တွင် နေပြည်တော်၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် တပ်မတော်စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များကိုလည်းကောင်း ဆက်လက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၉ ရက် သတင်းစာတွင် ပါရှိမည်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၁၉ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။

(မြန်မာ့အလင်း)

## ကွတ်ခိုင်မြို့နယ်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးပေါ်၌ လက်နက်ကိုင်ပူးပေါင်းအဖွဲ့များမှ ဆက်ကြေးတောင်းယာဉ်ကြောပိတ်ဆို့

စာမျက်နှာ - ၅

## အာရှယူ-၂၃ ခြေစစ်ပွဲတွင် မြန်မာအသင်း ဩစတြေးလျ၊ စင်ကာပူ၊ ဘရူနိုင်းတို့နှင့် ကျရောက်

စာမျက်နှာ - ၈

# MNDAA လက်နက်ကိုင်အဖွဲ့များ ယာယီခံစစ်ပြင်ဆင်အခြေပြုထားသော ပွိုင့်-၁၀၈၈ တောင်ကုန်းအား တပ်မတော်က သိမ်းပိုက်ရရှိ

**နေပြည်တော် မတ် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်နယ်မြေအတွင်း MNDAA လက်နက်ကိုင်အဖွဲ့များက နှစ်နိုင်ငံနယ်စပ် နီးကပ်မှုကို အခွင့်ကောင်းယူ၍ အခြေပြုထားသော ပွိုင့်-၁၀၈၈ တောင်ကုန်းအား တပ်မတော်က ယနေ့နံနက် ၁၀ နာရီခွဲတွင် သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

လောက်ကိုင် နယ်မြေအတွင်း MNDAA လက်နက်ကိုင်အဖွဲ့များသည် နှစ်နိုင်ငံ နယ်စပ်နီးကပ်မှုကို အခွင့်ကောင်းယူ၍ ရန်လုံကျိုင်းနယ်စပ်စစ်ဆေးရေးဂိတ်၊ ရဲစခန်းနှင့် လောက်ကိုင်-ရန်လုံကျိုင်းလမ်းကြောင်းကို စိုးမိုးပြီး ယာယီခံစစ်စခန်း ပြင်ဆင်ခြေကုပ်ယူထားသော ပွိုင့်-၁၀၈၈ တောင်ကုန်းကို တပ်မတော်စစ်ကြောင်းများက မတ် ၈ ရက်မှစတင် တိုက်ခိုက်ရင်ဆိုင်ထိန်းချုပ်ပြီး ယနေ့ နံနက် ၆ နာရီခန့်မှ စတင်၍ အမြောက်၊ လက်နက်ကြီး

စာမျက်နှာ ၅ ကော်လံ ၄







ရွှေပြည်နန်း သနပ်ခါး


"လိမ်းလို့လွယ်ကာ နေအကာ၊ ညနဲ့မနက် လုံးဝမပျက်၊ ရွှေပြည်နန်းရဲ့ထူးခြားချက်"



ဦးကိုကိုနိုင်
(ဒု-ဦးစီးမှူး)

ကျွန်တော်က ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနရဲ့ အင်ဂျင်နီယာဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ကျွန်တော်တို့တာဝန် တွေက သောင်ခုံသဲပူပူ နေပူပူ လေကြမ်းကြမ်းတွေနဲ့တော့ ရှောင်လွှဲလို့မရပါဘူး။ အလုပ်ဝင်ပြီးသိပ်မကြာခင်မှာပဲ ကျွန်တော် တို့ဝန်ထမ်းသစ်တွေမှာ နေလောင်ဒဏ်ကြောင့် အသားတွေမည်းကုန်ပါတယ်။ ကျွန်တော်အရင်က Peeling Cream တွေ Whitening Cream တွေအမြဲသုံးခဲ့တော့ ခုလိုနေဒဏ်ခံရတဲ့အခါမှာ တစ်ခြားသူတွေထက်ပိုသိသာပါတယ်။ နေပူထဲမှာနေတဲ့ အခါ မျက်နှာ နားရွက်နဲ့လည်ပင်းတွေမှာ နီရဲလာပြီး ညနေအလုပ်ပြီးလို့ မျက်နှာသစ်တဲ့အခါ အသားအရေတွေက ညိုညစ် ညစ်ဖြစ်နေပါတယ်။ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းတစ်ယောက်ကတော့ အရေပြားပါးသူဖြစ်တဲ့အတွက် အရေပြားတွေခြောက်၊ အရေးအကြောင်းတွေထင်ပြီး ဆားဝက်ခြံတွေထွက်လာပါတယ်။ ရုံးကအန်တီကြီးတစ်ယောက်က ကျွန်တော်တို့အတွက် ကျောက်ပျဉ်တွေ၊ သနပ်ခါးတုံးတွေ ဝယ်လာပေးပါတယ်။ သနပ်ခါးသွေးရတာပျင်းတာကြောင့် လိမ်းတစ်ရက်၊ မလိမ်းတစ်ရက် ဆိုတော့ ထိရောက်မှုမရှိလှပါဘူး။ နောက်မှအရာရှိကြီးတစ်ဦးရဲ့ဇနီးက အကြံပေးသောကြောင့် **ရွှေပြည်နန်းရှင်မတောင်သနပ်ခါး နဲ့ သဘာဝအသားဖြူသနပ်ခါး** ကိုဝယ်လိမ်းဖြစ်ပါတယ်။ နေပူထဲထွက်သည့်အခါ ရွှေပြည်နန်းရှင်မတောင်သနပ်ခါး ကိုထူထူလေးလိမ်းပြီး အင်္ကျီလက်ရှည်ဝတ် ဦးထုပ်ဆောင်းထားလိုက်ပါတယ်။ အလုပ်ပြီးလို့ မျက်နှာသစ်လိုက်တဲ့အခါ မျက်နှာမှာနေဒဏ်ကြောင့် ညိုမည်းနေတာမျိုးမဖြစ်တော့ဘဲ ကြည်လင်နေပါတယ်။ ညဘက်အိပ်ယာဝင်ခါနီးမှာတော့ သဘာဝ အသားဖြူသနပ်ခါးကို ခပ်ကျဲကျဲလေးလိမ်းအိပ်ပါတယ်။ တဖြည်းဖြည်းနဲ့ အသားပြန်ဖြူလာပါတယ်။ အခုဆိုရင်နေပူထဲထွက်ခါနီးတိုင်းသူငယ်ချင်းတွေက ကျွန်တော့်အခန်းကိုစုလာပြီး ရွှေပြည်နန်းသနပ်ခါးလိမ်းကြပါတယ်။ သုံးရလွယ်ကူတဲ့ရွှေပြည်နန်း ကြောင့် ကျောက်ပျဉ်တွေ သနပ်ခါးတုံးတွေလည်း မလိုတော့ပါဘူး။ Peeling Cream တွေ Whitening Cream တွေလည်း မဝယ်ရတော့လို့ အကုန်ကျလည်း သက်သာသွားပါတယ်။ မြန်မာ့သနပ်ခါးကို နိုင်ငံခြားတိုင်းပြည်တွေကတောင် နစ်သက်လာပြီး ဆုတံဆိပ်တွေ ချီးမြှင့်ခြင်းခံခဲ့ရတဲ့အတွက် **ရွှေပြည်နန်းက နိုင်ငံဂုဏ်ဆောင်နိုင်ခဲ့ပါပြီ။**

ဦးကိုကိုနိုင်(ဒု-ဦးစီးမှူး) ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ပြည်စရိုင်ရုံး၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်း။



ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်သန်းသန်းအေး(ဌာနခွဲစာရေး) ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ပြည်စရိုင်ရုံး၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်း။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ်-၅၃၁ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့)သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

မြန်မာ့အလင်း
စနေ၊ မတ် ၁၈၊ ၂၀၁၇

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။


စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်

# မြန်မာ့ပို့ကုန်များကို နယ်မြေသစ်များ ရှာဖွေပြီး ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိ

● ဇူလိုင်မိုး


သီလဝါအထူးစီးပွားရေးဇုန် မြင်ကွင်း








**ကမ္ဘာ့ဆန်ဈေးကွက်ရရှိရန် ဆန်ဝယ်ယူသည့်နိုင်ငံများနှင့် ပြန်လည်ချိတ်ဆက်နိုင်ရေးအတွက် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် ကမ္ဘာ့ဆန်စပါးညီလာခံ (The 8th World Rice Conference) သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကမကထပြုပြီး မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များ တက်ရောက်၍ အာဖရိက ဆန်ဈေးကွက်အပါအဝင် ကမ္ဘာ့ဆန်ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးဆက်သွယ်ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ တစ်နှစ်တာကာလအတွင်း ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့မှု သိသိသာသာတိုးတက်မှုများရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှရရှိသော သတင်းအချက်အလက်များအရ သိရှိရသည်။**

**အရည်အသွေးမမီသေး**

"မြန်မာနိုင်ငံရဲ့ လယ်ယာထွက်ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်ဟာ အခြားအိမ်နီးချင်းနိုင်ငံတွေရဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်နဲ့ နှိုင်းယှဉ်ရင်များပြားနေတဲ့အတွက် အထွက်နှုန်း တိုးတက်စေပြီး ထုတ်လုပ်မှုကုန်ကျစရိတ် လျော့ကျစေဖို့ ကြိုးစားလုပ်ဆောင်ရမှာဖြစ်တယ်။ လောလောဆယ် ဈေးကွက်မှာ နှိုင်းယှဉ်မယ်ဆိုရင် ထုတ်လုပ်တဲ့ ပစ္စည်းကလည်း အခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် အရည်အသွေးမမီသေးတာကို တွေ့နေရတယ်။

"အခုဈေးကွက်တွေ တိုးချဲ့ရရှိနေပေမယ့် အိမ်နီးချင်းနိုင်ငံတွေရဲ့ရှိတဲ့ ဈေးကွက်ပေါ်မှာ အဓိကထားပြီး ကျဉ်းမြောင်းတဲ့ ဈေးကွက်ပေါ်မှာ မှီခိုအားထားနေရတဲ့အတွက်ကြောင့် ဒီအချက်အလက်တွေကို ဖြေရှင်းပေးနိုင်မှသာ ပို့ကုန်ကုန်သွယ်မှု တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒီအချက်တွေကလည်းဝန်ကြီး ဌာနတစ်ခုတည်းနဲ့လုပ်လို့မရပါဘူး။ ဝန်ကြီးဌာနတွေ၊ ပြည်သူတွေ၊ ကုန်သည်တွေနဲ့ထုတ်လုပ်သူတွေ တက်ညီလက်ညီ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောသည်။

**ဒေါ်လာသန်း ၄၇၀ ပိုမို**

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေသည် အစိုးရသစ် တာဝန်ယူသည့် တစ်နှစ်တာအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလအထိ) ကုန်သွယ်မှု ၂၅၂၅၅ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် ကုန်သွယ်မှု ၆၃၆ ဒေါ်လာသန်း၊ ပို့ကုန်တွင် ဒေါ်လာသန်း ၄၇၀ ပိုမိုခဲ့ကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလအထိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၅သန်း၊ ပြောင်းတန်ချိန် ၁ ဒသမ ၁ သန်း၊ ပဲအမျိုးမျိုး တန်ချိန် ၁ ဒသမ ၂ သန်းနှင့် အခြားလယ်ယာထွက်ကုန်ပစ္စည်းများတန်ချိန် ၁ ဒသမ ၅ သန်းခန့် တင်ပို့နိုင်ခဲ့ပါသည်။ ပြည်ပ ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် Re-export ကုန်သွယ်မှုအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ရာ Re-export စနစ်ဖြင့် သကြားကို ပြည်ပနိုင်ငံများမှ တင်သွင်းပြီး တန်ချိန် ၁ ဒသမ ၅ သန်းခန့် တင်ပို့နိုင်ခဲ့သည်ဟု ဆိုသည်။

ဈေးကွက်စီးပွားရေးစနစ်ပီပြင်လာအောင် ဆောင်ရွက်ရန်လည်း လိုအပ်သည့်အတွက် ဝန်ကြီးဌာနအနေဖြင့် အစိုးရ သစ် တစ်နှစ်တာကာလအတွင်း ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေးနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက်ကို နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒ ၁၂ ချက်အပေါ် လုပ်ငန်း စဉ် ၂၆ ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**စီးပွားရေးမောင်းနှင်**

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်သွယ်မှုကဏ္ဍသည် အရေးပါသည့်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိကလုပ်ဆောင်နေသည့် ဝန်ကြီးဌာနဖြစ်သကဲ့သို့ ကုန်သွယ်မှုတိုးတက်စေရေး အတွက် ကုန်သွယ်မှုမြှင့်တင်ရေး (Trade Promotion)၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး (Trade Facilitation)၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး (Trade Negotiation)၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုပေးရေး (Trade Liberalization)၊ ကုန်သွယ်မှုပညာပေးရေး (Trade Education)၊ စားသုံးသူ အကာအကွယ်ပေးရေး (Consumer Protection) ဟူ၍

**အချပ်ပို (ခ) သို့**




ဂျပန်နိုင်ငံ Bridgestone ကားတာယာစက်ရုံသို့ သွားရောက်၍ မြန်မာနိုင်ငံမှ ရော်ဘာများ တိုးချဲ့တင်ပို့နိုင်ရေးဆွေးနွေး



မြန်မာနိုင်ငံပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၌ အမေရိကန်မှ ကူညီထောက်ပံ့နိုင်ရေးဆွေးနွေး

## မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေသည် အစိုးရသစ် တာဝန်ယူသည့် တစ်နှစ်တာအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလအထိ)ကုန်သွယ်မှု ၂၅၂၅၅ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် ကုန်သွယ်မှု ၆၃၆ ဒေါ်လာသန်း၊ ပို့ကုန်တွင် ဒေါ်လာသန်း ၄၇၀ ပိုမိုခဲ့




ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံဆက်စပ်ဆန်းစစ်လေ့လာမှု အစီရင်ခံစာ တရားဝင်ကြေညာခြင်းအခမ်းအနား

အချပ်ပို(က)မှ

မဏ္ဍိုင် (၆)ရပ်ဖြင့် နိုင်ငံတော်စီးပွားရေးမောင်းနှင်အားကို ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

"ကုန်သွယ်မှုအနေနဲ့ လေ့လာသုံးသပ်ကြည့်ရင် ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိ ပို့ကုန်၊ သွင်းကုန်တန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကျော်ရရှိနေပြီးဖြစ်တဲ့အတွက် မနှစ်ကထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ စုစုပေါင်းကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာသန်း ၆၀၀ ကျော် ပိုမိုရရှိပြီးတော့ ပို့ကုန်ပိုင်းမှာ ဒေါ်လာသန်း ၅၀၀ နီးပါး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောသည်။

### ပို့ကုန်နယ်မြေသစ်

ဈေးကွက်စီးပွားရေးစနစ်တွင် မြန်မာ့ပို့ကုန်များကို နယ်မြေသစ်များရှာဖွေပြီး ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ဌာနဆိုင်ရာများမှ ပုဂ္ဂိုလ်များ၊ ကုန်သည်လုပ်ငန်းရှင်များ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို အမေရိကန်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ကင်ညာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အီတလီနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ ပို့ကုန်အမယ်သစ်များအပါအဝင် မြန်မာနိုင်ငံ၏ အဓိကလယ်ယာထွက်ကုန်များ အရည်အသွေးမြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပွင့်လင်းမြင်သာသောခေတ်တွင် ဈေးကွက်မှာ ယှဉ်ပြိုင်မှုများရှိသည့်အတွက် ပို့ကုန်ပစ္စည်းအပေါ်အခြေပြုပြီး ဈေးနှုန်းအရသော်လည်းကောင်း၊ အရည်အသွေးအရသော်လည်းကောင်း ယှဉ်ပြိုင်မှုများရှိ၍ အဘက်ဘက်က အားသာချက်ကောင်းမှသာ ပို့ကုန်သည် တန်ဖိုးတိုးတက်မှု ရရှိမည်ဖြစ်သည်။

### လိုက်မမီနိုင်သေး

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ထုတ်လုပ်မှုစွမ်းအားမှာ ယခု လောလောဆယ်အချိန်၌ လိုက်မမီနိုင်သေးသည့် အနေအထားရှိသည်ကို တွေ့မြင်ရသည်။ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များ၏ ထုတ်လုပ်မှုကုန်ကျစရိတ်သည် အခြားအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် များပြားလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က "ပြည်တွင်းပြည်ပကုန်သွယ်မှုတိုးတက်ဖွံ့ဖြိုးရေး၊ လိုအပ်တဲ့ပစ္စည်းတွေ

အချပ်ပို(ဂ)သို့



ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်

အချပ်ပို(ခ)မှ

ကို တိုးချဲ့တင်ပို့ပြီး ဈေးကွက်ရရှိရေး၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ ပြည်တွင်း၊ ပြည်ပပညာရှင်တွေ၊ အစိုးရအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ နှစ်လတ်ပရိုဂရမ်ကိုလည်း ရေးဆွဲပြီးပြီဖြစ်ပါတယ်”။

**အဓိကရည်ရွယ်**

“ဒီပရိုဂရမ်မှာဆိုရင်လည်း အချက်ခြောက်ချက် ပါဝင်ပါတယ်။ ဥပမာပြောရရင် ကုန်သွယ်ရေးမူဝါဒတွေနဲ့ နည်းဥပဒေတွေ ပိုမိုကောင်းမွန်စေရေး၊ ကုန်သွယ်ရေးနဲ့ သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေရဲ့ အရည်အသွေးတိုးတက်ဖွံ့ဖြိုးရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့ရေး၊ သယ်ယူပို့ဆောင်တဲ့ ကုန်ကျစရိတ်တွေ လျော့နည်းရေး၊ ထုတ်လုပ်ပစ္စည်းတွေ အရည်အသွေးနဲ့ စံနှုန်းသတ်မှတ်ရေး၊ အရည်အသွေးတွေ စစ်ဆေးနိုင်ရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် မိမိတို့အနေနဲ့ ကုန်ကြမ်းရောင်းတာထက် ကုန်ချောတွေကို တန်ဖိုးမြှင့်ကုန်စည်တွေတိုးတက်ဖွံ့ဖြိုးရေးဆိုတဲ့ အချက်တွေနဲ့ ချမှတ်ပြီးတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကရည်ရွယ်ပြီး ဆောင်ရွက်နေပါတယ်”ဟု ပြောသည်။

**ကုန်သွယ်မှုအနေနဲ့ လေ့လာသုံးသပ်ကြည့်ရင် ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိ ပို့ကုန်၊ သွင်းကုန်တန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကျော် ရရှိနေပြီးဖြစ်တဲ့အတွက် မနှစ်ကထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ သန်း ၆၀၀ ကျော် ပိုမိုရရှိပြီးတော့ ပို့ကုန်ပိုင်းမှာ ဒေါ်လာသန်း ၅၀၀ နီးပါး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်**



သတ္တမအကြိမ် မြန်မာ-ထိုင်း ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် ထိုင်းနိုင်ငံ ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

ပြည်ပသို့တင်ပို့ရန် ကန့်သတ်ထားသော ပို့ကုန်များကိုလည်း ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ လုပ်ဆောင်ပေးခဲ့သည်။ ပို့ကုန်သွင်းကုန်လိုင်စင်ဆိုင်ရာ ဖြေလျှော့ပြောင်းလဲမှုများအပိုင်းတွင် သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်း ၉၈၂၈ လိုင်းမှ လိုင်စင်လျှောက်ထားရန် လိုအပ်သော ကုန်စည်လိုင်း ၃၉၈၈ လိုင်းအထိ ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပြီး ထပ်မံဖြေလျှော့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

**လျင်မြန်ချောမွေ့**

နိုင်ငံခြားသားဖက်စပ်ကုမ္ပဏီများအား ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ကုန်သွယ်ခွင့်ပေးခဲ့သည်။ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ပို့ကုန်သွင်းကုန်လိုင်စင်များကို အင်တာနက်မှ လိုင်စင်လျှောက်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းများဆောင်ရွက်ရာတွင် ငွေပေးချေမှုလုပ်ငန်းများအတွက် Online Payment စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ကုန်သွယ်မှုဆိုင်ရာငွေပေးချေမှုများတွင် Myanmar Payment Union-MPU ကတ်ဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာ-ထိုင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်၊ မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေးပူးတွဲကော်မတီ (JTC) အစည်းအဝေးများကိုလည်း ကျင်းပပြုလုပ်၍ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စများကို အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ဆွေးနွေးညှိနှိုင်းနိုင်ခဲ့သည်။

**Website များ လွှင့်တင်**

ပွင့်လင်းမြင်သာလာသည်နှင့်အမျှ ဌာနလုပ်ငန်းဆောင်ရွက်မှုများကို အများပြည်သူလေ့လာနိုင်ရန် e-government စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ အများပြည်သူထံ အသိပေးနိုင်ရေးအတွက် commerce Website, myanmar trade net Website, trade promotion Website,

**အချပ်ပို(ဃ)သို့**



ဂျပန်နိုင်ငံခရီးစဉ်အတွင်း ဂျပန်-မြန်မာကုန်သွယ်မှုတိုးမြှင့်ရေးအတွက် ညှိနှိုင်းဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျီနီဗာအခြေစိုက် World Bank Group အကြီးအကဲဖြစ်သူနှင့် တွေ့ဆုံဆွေးနွေး

## ပြည်ပသို့တင်ပို့ရန် ကန့်သတ်ထားသော ပို့ကုန်များကိုလည်း ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ လုပ်ဆောင်ပေးခဲ့သည်။ ပို့ကုန်သွင်းကုန်လိုင်စင်ဆိုင်ရာ ဖြေလျှော့ပြောင်းလဲမှုများအပိုင်းတွင် သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်း ၉၈၂၈ လိုင်းမှ လိုင်စင်လျှောက်ထားရန် လိုအပ်သော ကုန်စည်လိုင်း ၃၉၈၈ လိုင်းအထိ ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပြီး ထပ်မံဖြေလျှော့နိုင်ရေးအတွက် ဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ပြည်ပဧည့်သည်များ ကုန်သွယ်မှုလုပ်ငန်းတိုးမြှင့်ရေး ဆွေးနွေး

အချပ်ပို(ဂ)မှ

Comsumer Website, National Trade Portal & Trade Repository Website, Commerce Journal Website များကို လွှင့်တင်ဆောင်ရွက်ထားသည်။

အစိုးရသစ်၏တစ်နှစ်တာကာလတွင် ကုန်သွယ်မှုတိုးမြှင့်စေရန်အတွက် ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပဈေးကွက်များသို့ ချိတ်ဆက်နိုင်ရန် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ကို ၂၀၁၆ ခုနှစ် ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့သည်။

ထုတ်လုပ်မှုနှင့် ပြည်ပဈေးကွက် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကုန်သွယ်မှုဗဟိုဌာနနှင့် ပြခန်း ၁၁ ခုကို ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ မြန်မာ့ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပဈေးကွက်နှင့် ချိတ်ဆက်နိုင်ရန်အတွက် ပြည်တွင်းကုန်စည်ပြပွဲ အကြိမ်(၅၀)၊ ပြည်ပကုန်စည်ပြပွဲ (၃၃)ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

### အမျိုးသားပို့ကုန်မဟာဗျူဟာ

အမျိုးသားပို့ကုန်မဟာဗျူဟာကို နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများအထောက်အပံ့ဖြင့် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ နှမ်း၊ ရော်ဘာနှင့်ရေထွက်ပစ္စည်း၊ ခရီးသွားလုပ်ငန်း စသည်တို့အပါအဝင် ဦးစားပေးကဏ္ဍ ၁၁ ခုကို ရွေးချယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဦးစားပေးကဏ္ဍတွင် ပို့ကုန်အမယ်သစ်များ ထပ်မံထည့်သွင်းနိုင်ရေးကိုလည်း မိတ်ဖက်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ပညာရှင်များ၊ ထုတ်လုပ်တင်ပို့သူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အချို့သောကုန်ပစ္စည်းများကြောင့် သုံးစွဲသူပြည်သူများ အန္တရာယ်များနှင့် မကြာခဏကြုံတွေ့နေရသည်ကို ကြားသိနေရသည်။ ထို့ကြောင့် အဆိုပါဝန်ကြီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးကိစ္စရပ်များကို ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ အသိပညာပေးဟောပြောခြင်းများ၊ ဈေးဆိုင်များအတွင်း မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။

### သွင်းကုန်ပမာဏမြင့်တက်ခြင်း

“စားသုံးသူအကာအကွယ်ပေးရေးကိစ္စရပ်တွေ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ဖို့ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြင်ဆင်ရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ အကာအကွယ်ပေးမှုဥပဒေ (Safeguard Law)ကို ရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ဖို့လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပို့ကုန်ဦးဆောင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုပုံစံ (Export-Led Growth Model) နဲ့ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့တဲ့ ဗြိတိန်၊ အမေရိကန်၊ ဟောင်ကောင်၊ စင်ကာပူ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့လို မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့ ပို့ကုန်ဦးဆောင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုပုံစံ (Export-Led Growth Model) နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ Stakeholder အားလုံးက ပူးပေါင်းဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။

“ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှုတိုးတက်စေရေးနဲ့ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ဖို့ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေ၊ ကုန်သည်လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေ၊ သတင်းမီဒီယာတွေရဲ့ အကြံပြုချက်တွေ၊ ဝေဖန်သုံးသပ်ချက်တွေကို ပွင့်လင်းမြင်သာစွာပေးပို့ဆောင်ရွက်နိုင်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

### ပစ္စည်းအမယ်သစ်

မြန်မာ့စီးပွားရေးဦးမော့လာစေရေးအတွက် ရေနက်ကွင်းစီမံကိန်းများ၊ သီလဝါအထူးစီမံကိန်းများအပြင် ကျောက်ဖြူ၊ ထားဝယ်စသည့် အထူးစီးပွားရေးဇုန်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ နယ်စပ်ဒေသများတွင် စီးပွားရေးဇုန်များ တည်ထောင်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်း၌ ဈေးကွက်မရှိသေးသည့် ဈေးကွက်အသစ်များကိုလည်း ရှာဖွေလျက်ရှိသည်။ ယခင်က ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ဖူးခြင်းမရှိသည့် ကော်ဖီ၊ လက်ဖက်စို၊ လက်ဖက်ခြောက်စသည့် ပစ္စည်းအမယ်သစ်များကို ဈေးကွက်ရှာဖွေကာ တိုးချဲ့တင်ပို့နိုင်ခဲ့သည်။

ဈေးကွက်တွင် ပြိုင်ဘက်များရှိသည့်အတွက် ပို့ကုန်များကို အရည်အသွေးမြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်မည်ဆိုပါက မြန်မာ့စီးပွားရေးသည် လက်ခမောင်းခတ်လာနိုင်မည်ဖြစ်သည်။ စီးပွားရေးတွင် လက်ခမောင်းခတ်နိုင်မည်ဆိုပါက ရေမြင့်လျှင်ကြာတင့်မည်ဆိုသည့် စကားပုံအတိုင်း မြန်မာနိုင်ငံသည် တိုးတက်ဖွံ့ဖြိုးလာမည်မှာ အသေအချာပင်။

ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးများ၏ ပို့ကုန်များဈေးကွက်ရရှိရေး၊ ဈေးကွက်သစ်များ ရှာဖွေရေးတို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ရှေ့မှ ထိုးဖောက်ဝင်ရောက်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်
ဒေါက်တာ အောင်မိုးညို

# တစ်နှစ်တာကာလအတွင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှုများ



ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်

**၆**

**တိုင်းဒေသကြီးအတွင်းရှိ မြို့ပြလမ်းများကို ကွန်ကရစ်ခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကျောက်ချောလမ်း၊ ဂဝံလမ်းနှင့် မြေသားလမ်းများကိုလည်း စုစုပေါင်း ၃၈ မိုင်ကျော်ကို ငွေကျပ်သန်းပေါင်း ၂၀၁၂ ဒသမ ၃၃၁၇ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။**

**ဖေဖော်ဝါရီ ၁၃ မှာ ဗိုလ်ချုပ်မွေးနေ့ပါ**
**၁၉၁၅ ရှေ့နေ ဦးဖာသား**
**ဇာတိနတ်မောက် မကွေးခရိုင်**
**သိကြများခုတိုင်**
**ကြုံ့ကြုံ့ခိုင်တဲ့ ဇာနည်ဘွား**
**မိခင်ဒေါ်စုသား x x x**
**ပြည်ထောင်စုရဲ့ကျေးဇူးရှင် ဗိုလ်ချုပ်ဒို့ဖခင်**
**ကောင်းစေချင်သည့် မှာစကား**
**ငါတို့မမေ့အား------**

ဆိုသည့် ကဗျာလေးကို ရွတ်ဖူးသူတိုင်း၊ ဖတ်ဖူးတိုင်း၊ ရင်ထဲတွင် မကွေးတိုင်းသည် ဗိုလ်ချုပ်၏ မွေးရပ်ဇာတိနှင့် ဆက်စပ်နေကြောင်း သိရှိကြသကဲ့သို့ မကွေးတိုင်းကို မြန်မာနိုင်ငံ၏ အလယ်ပိုင်း မြေလတ်ဒေသဟုပင် တင်စားခေါ်ဝေါ်လေ့လည်းရှိသည်။

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး ဧရိယာ စတုရန်းမိုင် ၁၇၃၀၅ ဒသမ ၆၂ ကျယ်ဝန်းပြီး မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူ၊ ဂန့်ဂေါခရိုင် (၅)ခရိုင်ရှိသည်။ ခရိုင် (၅)ခရိုင်တွင် မြို့ပေါင်း (၃၀)၊ ရပ်ကွက် (၁၈၄)၊ ကျေးရွာအုပ်စု ၁၅၃၅၊ ကျေးရွာပေါင်း ၄၇၇၁ ဖြင့် ဖွဲ့စည်းထားသည်။

အိမ်ထောင်စုအားဖြင့် ၇၈၀၉၅၆၊ လူဦးရေ စုစုပေါင်း ၃၉၂၄၀၀၀၊ အများစုမှာ ဗမာလူမျိုးများဖြစ်ပြီး တောင်ပေါ်ဒေသများတွင် ချင်းတိုင်းရင်းသား လူမျိုးများ နေထိုင်လျက်ရှိသည်။ မကွေးတိုင်းဒေသကြီး နယ်မြေအတွင်း ဧရာဝတီမြစ်သည် မြောက်မှ တောင်သို့ ရေမိုင် ၂၄၀ ခန့်ရှည်လျားစွာ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ချင်းတောင်တန်း၊ အနောက်ရိုးမ တောင်တန်း၊ အရှေ့ရိုးမ တောင်တန်းများမှ မြစ်ဖျားခံ၍ စီးဆင်းလာသော ချောင်းများနှင့် မိုးရာသီ၌ စီးဆင်းလေ့ရှိသော သဲချောင်း အများအပြားမှာ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်လျက်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀ မှ ပေ ၁၂၀၀ ခန့်အတွင်း တည်ရှိပြီး ဒေသအများစုမှာ မိုးနည်းရေရှား ပူပြင်းခြောက်သွေ့သော ဒေသများဖြစ်သည်။

မကွေးတိုင်း ဒေသကြီးတွင် ပုံတောင်ပုံညာဒေသသည် လွန်ခဲ့သော နှစ်ပေါင်းသန်း ၄၀ ခန့်က လူသားမျိုးနွယ်စု ကျောက်ဖြစ်ရုပ်ကြွင်း၊ ပရိုင်းမိတ်များ ရှာဖွေတွေ့ရှိကြသော ဒေသဖြစ်သည့်အပြင် ဗုဒ္ဓမြတ်စွာဘုရား၏ ပါဒခြေတော်ရာနှစ်ဆူ ကိန်းဝပ်စံပယ်လျက်ရှိသည့် ရွှေစက်တော်ဘုရား၊ မြတ်စွာဘုရား (၇)ရက်ခန့် သီတင်းသုံးတော်မူခဲ့သည့် ကျောင်းတော်ရာနှင့် မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး တည်ရှိရာ ဒေသဖြစ်သည်။

မကွေးတိုင်းဒေသကြီးသည် မိုးခေါင်ရေရှားဒေသဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းရှားပါး၍ ဆင်းရဲမွဲတေမှုနှုန်း မြင့်မားသည့် ဒေသတစ်ခုဖြစ်လျက်ရှိရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သစ်မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် (၁)နှစ်တာကာလအတွင်း တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များကိုလည်း တွေ့မြင်ရသည်။

**လမ်းပန်းဆက်သွယ်ရေး**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သစ်အနေဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးတက်အောင်မြင်လာစေရန် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး ဘတ်ဂျက်တို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဆောက်လုပ်ရေး တင်ဒါများကို စနစ်တကျ စိစစ်ဆောင်ရွက်ခဲ့ရာမှ တင်ဒါပိုလျှံငွေကျပ် ၁၀ ဒသမ ၂၇၃၅ ဘီလီယံ၊ (သန်းပေါင်းတစ်သောင်းကျော်)အနက်မှ မကွေးမြို့တော်ရှိ အဓိကလမ်းမကြီး (၆)လမ်းကို လမ်းအကျယ်ချဲ့ခြင်း၊ ကတ္တရာ လမ်းခင်းခြင်းနှင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို ငွေကျပ် သန်းပေါင်း ၃၆၉၄ ဒသမ ၄၅၀ ဖြင့် ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

အလားတူ တိုင်းဒေသကြီးအတွင်းရှိ မြို့ပြလမ်းများကို ကွန်ကရစ်ခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကျောက်ချောလမ်း၊ ဂဝံလမ်းနှင့် မြေသားလမ်းများကိုလည်း စုစုပေါင်း ၃၈ မိုင်ကျော်ကို ငွေကျပ်သန်းပေါင်း ၂၀၁၂ ဒသမ ၃၃၁၇ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများသို့ ဆက်သွယ်သည့် ကျေးလက်လမ်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ တစ်နှစ်တာကာလအတွင်း မိုင်ပေါင်း ၁၄၂ ဒသမ ၁၇ မိုင်ကို ငွေကျပ်သန်းပေါင်း ၅၅၄၆ ဒသမ ၇၂၈ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် မကွေးတိုင်းဒေသကြီးအတွင်း ဖြတ်သန်းဖောက်လုပ်ထားသော ပြည်ထောင်စုလမ်းမကြီးအပါအဝင် ဒေသတွင်းလမ်းများကို ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မျက်ကွယ်ကုန်းများကို ဖြတ်ညှိ၍ ဖြောင့်တန်းစွာ ပြုပြင်ဖောက်လုပ်ပေးလျက်ရှိသည်။

မကွေးတိုင်းဒေသကြီးအတွင်း ပညာရေးကဏ္ဍအနေဖြင့် ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ကျောင်းအဆင့်မြှင့်တင်ခြင်း၊ ကျောင်းဆောင်များ ပြင်ဆင်ဆောက်လုပ်ခြင်းလုပ်ငန်းများကို တစ်နှစ်တာကာလအတွင်း ၉၇ ကျောင်းအား ငွေကျပ်သန်းပေါင်း ၉၃၀ ဒသမ ၁၅၀ ဖြင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း ၃၅၂ကျောင်းတွင် စာသင်ခုံ စုစုပေါင်း ၁၁၀၅၁ ခုံကို ငွေကျပ်သန်းပေါင်း ၄၇၂ ဒသမ ၃၁၉ ဖြင့် ဆောင်ရွက်နိုင်မှုတို့ကြောင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ကျန်းမာရေး**

မကွေးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးကဏ္ဍအနေဖြင့် ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် လူတိုင်းအသက်ရှည်စွာနေထိုင်နိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးတို့နှင့်အညီဖြစ်စေရေး ကျေးလက်အောက်ခြေဒေသအထိ ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကာကွယ်မှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထုအား အနီးကပ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် တိုင်းဒေသကြီးအတွက် ကျန်းမာရေးဌာနခွဲ၊ ဌာန ၆၀ ကို ငွေကျပ်သန်းပေါင်း ၄၄၇၀ ဒသမ ၈၂၅ ဖြင့် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ အလားတူ တိုင်းဒေသကြီး တင်ဒါပိုလျှံငွေကျပ်သန်း ၅၀၀ အနက်မှ ကျပ်သန်း ၁၀၀ ကို နှစ်နှစ်အောက်ကလေးများ အာဟာရဆိုင်ရာ အလေ့အကျင့်ကောင်းများ ပျိုးထောင်မှုသင်တန်းပေးခြင်းနှင့်ကျပ်သန်း ၄၀၀ ကို ကိုယ်ဝန်ဆောင်မိခင်အားတိုးဆေးနှင့် ကလေးသူငယ်အားဆေးများ ထောက်ပံ့မှုပေးခြင်းတို့ကို စီမံဆောင်ရွက်လျက် (၅)နှစ်အောက်ကလေးသေနှုန်း မြင့်မားမှုလျှော့ချရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**စိုက်ပျိုးရေး**

မကွေးတိုင်းဒေသကြီးသည် မိုးနည်းရေရှားဒေသဖြစ်သဖြင့် ဧရာဝတီမြစ်နှင့် မုန်းချောင်း၊ မန်းချောင်း၊ စလင်းချောင်း၊ ယောချောင်း၊ ပင်းချောင်း၊ မြစ်သာ မြစ်တို့ဖြင့် ဘက်စုံရေလှောင်တမံကြီးများ၊ ဒေသတွင်းဆည်ငယ်၊ ကန်ငယ်များဖြင့် စိုက်ပျိုးရေး လုပ်ငန်းများကို အားဖြည့်ဆောင် ရွက်လျက်ရှိသည်။





စိုက်ပျိုးရေရရှိရေး၊ သီးနှံထွက်ကုန် တိုးတက်အောင်မြင်စေရေးတို့အတွက် စက်မှုလယ်ယာအသစ် ဖော်ထုတ်မှုအပြင် ဆည်မြောင်းတမံများ ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့သည်။ စိုက်ပျိုးရေရရှိရေး၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်နိုင်မှုမရှိစေရန် ရေဘေးကာကွယ်ရေးတို့အတွက် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီး ဝရေလှောင်တမံ ရေပိုလွှဲ ချဲ့ထွင်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စံချိန်စံညွှန်းပြည့်မီရေး စနစ်တကျ စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ စိုက်ပျိုးရေရရှိရေးအတွက် အိုင်းမဆည် ရေသောက်စနစ်ဖြင့် တောင်မန်းမြောင်းမကြီးပေါ်ရှိ မန်း၊ စကော၊ ပင်းတလဲ၊ စစ္စလီ၊ ရေတံ လျှောက်များကို ရေသွယ်အားကောင်းမွန်စေရန်နှင့် တောင်မန်းရေသောက် ဧရိယာအတွင်း စိုက်ကေများအတွက် ရေလုံလောက်မှု ပိုမိုရရှိစေရန် ယခင်စက်ဝိုင်းခြမ်းပုံ သဏ္ဍာန်မှထောင့်မှန်စတုဂံပုံသဏ္ဍာန်သံပြားအသစ်များဖြင့် အစားထိုးပြုပြင်ခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဒေသတွင်း ဆည်ငယ်၊ ကန်ငယ်(၇)ခု၏ ရေတံခါးပြုပြင်ခြင်းလုပ်ငန်းများကို ငွေကျပ်သန်းပေါင်း ၅၆၃ ဖြင့် ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် စက်မှုလယ်ယာမြေကေ ၃၀၀ ဖော်ထုတ်ပေးလျက်ရှိသည်။ တောင်သူလယ်သမားများ၏ သီးနှံအထွက်တိုးစေရေးအတွက် မျိုးကောင်းမျိုးသန့်ပြန့်ပွားရေး၊ မျိုးစေ့တိုးတက်ထုတ်လုပ်ရေးများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **အချပ်ပို(စ)သို့**

မြန်မာ့အလင်း
စနေ၊ မတ် ၁၈၊ ၂၀၁၇






ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကြီးအုံကြီးဝရေလှောင်တမံ ရေပိုလွှဲချဲ့ထွင်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်း ကြည့်ရှုစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး မကွေးတိုင်းဒေသကြီးအတွင်း လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး ပစ္စည်းများထောက်ပံ့နေစဉ်

**အချပ်ပို(င)မှ**

၂၀၁၆ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများတွင် မိုးများခြင်းနှင့် ဧရာဝတီမြစ်ရေကြီးခြင်းတို့ကြောင့် ရေကြီးနစ်မြုပ်ဒေသများသို့ သီးနှံမျိုးစေ့များနှင့် ဓာတ်မြေဩဇာများကို ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေး ထောက်ပံ့ပေးနိုင်ခဲ့သည်။ ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်နည်းပါးသည့် နှမ်းနက်များ တိုးချဲ့စိုက်ပျိုးရေး၊ ဂျပန်ကဲ့သို့ နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး သာမက မကွေးနှမ်းနက်ဆီမွှေးကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးပါ ကြိုးပမ်းလျက်ရှိသည်။

**သောက်သုံးရေရရှိရေး**

မကွေးတိုင်းဒေသကြီးသည် မိုးခေါင်ရေရှားဒေသဖြစ်သည့်အတွက် ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရေး မြို့ပြရေပေးဝေရေးလုပ်ငန်းကို စက်ရေတွင်းတူးခြင်း၊ ရေပိုက်သွယ်ခြင်း၊ အခြားလုပ်ငန်းများအပါအဝင် စုစုပေါင်း ၁၆၉ ခုအား ငွေကျပ်သန်းပေါင်း ၅၁၁ ဒသမ ၄၄၈၇ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့အပြင် ကျေးလက်ဒေသများတွင်းတိမ်၊ တွင်းနက်၊ လက်တူး၊ မြေသားရေကန်၊ စိမ့်စမ်း၊ အခြား၊ စုစုပေါင်းလုပ်ငန်း ၁၃၆ အား ငွေကျပ်သန်းပေါင်း ၁၉၉၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**လျှပ်စစ်မီးလင်းရေး**

မကွေးတိုင်းဒေသကြီးအတွင်း မီးလင်းရေးအနေဖြင့် အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ၁၁ ကေဗွီဓာတ်အားလိုင်း ၄၄ ဒသမ ၈ မိုင် (၁၁ / ၀.၄)ကေဗွီ ထရန်စဖော်မာ ၄၅ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၈ ဒသမ ၈၁ မိုင် တည်ဆောက်၍ ဗို့အားပြည့်ဝမှုရရှိစေရန်နှင့် ဓာတ်အားလိုင်း ကြံ့ခိုင်ကောင်းမွန်မှုရှိစေရန်အတွက် ဆွေးမြည့်သစ်သားတိုင် ၁၇၉၃ တိုင်အား ကွန်ကရစ်တိုင်အဖြစ် လဲလှယ်ခြင်း၊ ကြိုးသေး ၃၀ ဒသမ ၄၂ မိုင်အား ကြိုးကြီးများဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။ထို့အပြင် (၃၃/၁၁)ကေဗွီ (၅)အမ်ဗွီအေ လွှတ်တော်ခွဲရုံအား (၃၃/၁၁)ကေဗွီ (၁၀) အမ်ဗွီအေသို့ အင်အားတိုးမြှင့်ပေးခြင်းနှင့် (၆၆/၁၁)ကေဗွီ (၅)အမ်ဗွီအေ အမှတ်(၂)ဓာတ်အားခွဲရုံအား (၁၀)အမ်ဗွီအေအဖြစ် အင်အားတိုးမြှင့်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျပ်သန်း ၅၀၀၀ ဒသမ ၈၆ အတွက် လုပ်ငန်းများ တင်ဒါခေါ်ယူ စိစစ်ဆောင်ရွက်ခဲ့ရာ ပိုလျှံငွေကျပ်သန်း ၅၀၅ ဒသမ ၇၈၇ ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် လိုအပ်လျက်ရှိသော လုပ်ငန်း ၄၈ ခုအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျေးရွာဒေသများ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ရာတွင် အဆင်ပြေ လွယ်ကူစေရန်အတွက် ယခင်က ကျေးရွာမီးလင်းရေးကော်မတီများ လိုက်နာရ မည့်အချက် ၂၄ ချက်ရှိရာမှ ယခုအစိုးရသစ်ကာလတွင် အချက် ၁၂ ချက်ဖြင့် လုပ်ထုံး လုပ်နည်းများ ဖြေလျှော့ပေးနိုင်ခဲ့သည်။ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြားရှိ မဟာဓာတ်အားလိုင်း (National Grid)နှင့် လက်လှမ်းမမီသော ကျေးရွာပေါင်း ၄၂ ရွာ လျှပ်စစ်မီးရရှိရေးအတွက် ပါရမီစွမ်းအင်နှင့် ပြင်သစ်နိုင်ငံ EDF (Electricite De France) ကုမ္ပဏီတို့ ပူးပေါင်း၍ ဆိုလာနေစွမ်းအင် + ဒီဇယ်ဖြင့် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

**အလုပ်သမားနှင့် စက်မှုလက်မှုကဏ္ဍ**

အစိုးရသစ်၏ တစ်နှစ်တာ ဆောင်ရွက်မှုကာလတွင် အလုပ်သမားအဖွဲ့အစည်းများ မှတ်ပုံတင်မြန်ဆန်စွာရရှိရေး ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အလုပ်ရှင်၊ အလုပ်သမားဆိုင်ရာပြဿနာများကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီးခုံသမာဓိအဖွဲ့များဖြင့် ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်ရှင်၊ အလုပ်သမားဆိုင်ရာ ပြဿနာများ၊ လုပ်ခအခကြေးငွေဆိုင်ရာ ပြဿနာ စုစုပေါင်း ရှစ်ကြိမ်အား ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့အပြင် လူမှုဖူလုံရေးဥပဒေအရ အာမခံစနစ်များတွင် ပြဋ္ဌာန်းထားသော အကျိုးခံစားခွင့်များအား ဆောင်ရွက်သည့်အပြင် ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit)ဖြင့် အလုပ်ဌာန ခုနစ်ခုသို့ ကွင်းဆင်းကုသမှု အကြိမ် ၂၄၀ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အလုပ်သမားအဖွဲ့အစည်းများကိုလည်း လွတ်လပ်စွာ အသင်းအဖွဲ့ဆောင်ရွက်ခွင့်နှင့် ရုံးခန်းများ ဖွင့်လှစ်ခွင့်ရရှိရေးကိုလည်း စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။

စက်မှုဝန်ကြီး ဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ပူးပေါင်းမှုဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ လိုအပ်ချက်ရှိရာ ကျေးလက်ဒေသများတွင် စက်မှုနှင့် အသက်မွေးပညာရွေ့လျား(ရက်တို) သင်တန်းများအား ခရိုင်ငါးခရိုင်၊ မြို့နယ် ၁၅ မြို့နယ်တွင် အလှည့်ကျစနစ်ဖြင့် အခြေခံဂဟေဆက်သင်တန်း၊ လျှပ်စစ်အခြေခံသင်တန်း၊ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ရေးဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။

**နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်မှု**

မကွေးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏

**အချပ်ပို(ဆ)သို့**



မင်းဘူး(စကု)မြို့နယ် ကုလားပါးကျေးရွာတွင် လယ်မြေဧက ၂၀၀ ကို စနစ်တကျဖော်ထုတ်ဆောင်ရွက်နေစဉ်

အချပ်ပို(စ)မှ

အစီအစဉ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းစီမံချက်အား ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်အထိ ငါးနှစ်တာ စီမံချက်ရေးဆွဲ၍ ပထမအဆင့် အနေဖြင့် (၁-၁၁-၂၀၁၆)မှ (၃၁-၃-၂၀၁၇) အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ (၁-၁၁-၂၀၁၆)မှ (၂၈-၂-၂၀၁၇)ရက်နေ့အတွင်း ရပ်ကွက် ကိုးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉၃ အုပ်စု၊ ကျောင်း ၅၇ ကျောင်းရှိ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၂၂၇၂ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၆၅၀၈ ဦး စုစုပေါင်း ၅၈၇၈၀ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေးနိုင်ခဲ့သည်။ စီမံချက်ကာလ၏ သုံးလအတွင်း၌ပင် မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရန် ကျန်ရှိသူ ဦးရေ၏ ၄၉ ဒသမ ၀၁ ရာခိုင်နှုန်းအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ခြင်းသည်လည်း ပြောင်းလဲတိုးတက်မှု မှတ်တမ်းတစ်ရပ်ဖြစ်သည်။


**သဘာဝဘေးအန္တရာယ်များအတွက် တုံ့ပြန်ဆောင်ရွက်ပေးမှုများ**

၂၀၁၆ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်ရေကြီးခြင်းနှင့် ပြင်းအား ၆ ဒသမ ၈ ရစ်ချ်တာစကေးရှိသော မြေငလျင်လှုပ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ အဆိုပါ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် အတိဒုက္ခရောက်ခဲ့မှုများကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တုံ့ပြန်မှု မြန်ဆန်စွာဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာ၌ မြစ်ရေ၊ ချောင်းရေများဝင်ရောက်မှုကြောင့် သီးနှံ ဧက ၂၃၈၈၀ ပျက်စီးခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၏ အစီအစဉ်ဖြင့် ကျပ်သန်းပေါင်း ၁၃၇၄ ဒသမ ၈၃၂ သန်းဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများကလည်း မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်မှ ရေဘေးသင့်အိမ်ထောင်စု ၉၈၇ စု၊ လူဦးရေ ၃၁၀၇ ဦးအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်း-သံကိုင်းကားလမ်းပေါ်ရှိ ကျေးရွာမှ ရေဘေးသင့်အိမ်ထောင်စု ၂၅၈ စု အတွက် ငွေကျပ် ၁၆၆၃၂၀၀ အား ထောက်ပံ့ပေးနိုင်ခဲ့သည်။



မင်းဘူးမြို့နယ် မန်းရွှေစက်တော် ခြေတော်ရာဖွင့်ပွဲအခမ်းအနားကျင်းပ



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို မြိုင်မြို့နယ် ကြိုတင်ရေပေးရေးပြင်ဆင်မှုလုပ်ငန်း ကြည့်ရှုစဉ်



(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ မကွေးမြို့တော်ခန်းမ၌ ကျင်းပစဉ်

အဆိုပါ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ဒေသများအတွက် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေကျပ်သန်း ၄၀၀ မှလည်း ခွင့်ပြုချထားဆောင်ရွက်ပေးနိုင်ခဲ့သည်။ မကွေးတိုင်းဒေသကြီးအတွင်း ရှိ မီးဘေး၊ ရေဘေး၊ ငလျင်ဘေး၊ မြေပြိုဘေး၊ မိုးကြိုးဘေး၊ ကမ်းပြိုဘေး၊ အခြားဘေးစသည့် သဘာဝဘေးအမျိုးအစားအလိုက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနကလည်း ငွေကျပ်သန်းပေါင်း ၅၁၈ ဒသမ ၉၂၈ ထောက်ပံ့ပေးနိုင်ခဲ့သည်။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းဆောင်ရွက်ထားသည့် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ သဘာဝဘေးဖြစ်ပေါ်ခဲ့သည့် ၂၈ နေရာအား ထောက်ပံ့ငွေကျပ်သန်း ၃၅၈ ဒသမ ၅၂၄၆ သန်းထောက်ပံ့ပေးနိုင်ခဲ့သည်။ ထို့အပြင် မြစ်ရေတိုက်စားမှုကြောင့် မြို့နယ် ခြောက်မြို့နယ်တွင် ကျေးရွာ ကိုးရွာမှ အိမ်ခြေ ၁၇၅ အိမ်အား နေအိမ်များ ပြောင်းရွှေ့နေရာချထား ပေးနိုင်ခဲ့သည်။

**အထိမ်းအမှတ်နှင့် ပွဲတော်များ**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အစိုးရအဖွဲ့သစ်တာဝန်ယူဆောင်ရွက်သည့် တစ်နှစ်တာ ကာလအတွင်း ယခင်က ဌာနဆိုင်ရာများဖြင့် ဦးစီးဆောင်ရွက်ခဲ့ရာမှ ဒေသခံ ပြည်သူများ ဦးဆောင်သော ဂေါပကအဖွဲ့သစ်ကို ပြောင်းလဲဖွဲ့စည်းပေးနိုင်ခဲ့ပြီး ဘဏ္ဍာငွေထိန်းသိမ်းမှု၊ သုံးစွဲမှု၊ ဘက်စုံဖွံ့ဖြိုးမှုနှင့် ဂေါပကအဖွဲ့စည်းမျဉ်း ပြင်ဆင်ပြောင်းလဲမှုတို့ကို စနစ်တကျဆောင်ရွက်ပေးခဲ့ခြင်းနှင့် ဘုရားပွဲတော်ခင်းကျင်းမှုပုံသဏ္ဍာန်ကိုလည်း ယခင်ထက် ပိုမိုအဆင်ပြေချောမွေ့စွာ ဖူးမြော်နိုင်ရေး စီမံခန့်ခွဲဆောင်ရွက်ခဲ့ပြီး တည်းခိုခန်းခစျေးနှုန်းများကို စနစ်တကျသတ်မှတ်ပေးခြင်းတို့ကြောင့် ဘုရားဖူးမိဘပြည်သူများ ကျန်းမာရေး၊ လုံခြုံရေး၊ အခွင့်အရေးများ ပိုမိုကောင်းမွန်လာစေပြီး စိတ်ချမ်းသာစွာ ဖူးမြော်နိုင်အောင် ပြောင်းလဲပြုပြင်စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကို အများပြည်သူ ကြည့်ရှု လေ့လာနိုင်ရန် နေ့ကြီး၊ ရက်ကြီးများတွင် ဖွင့်လှစ်ခွင့်ပြုနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ အစိုးရအဖွဲ့ (၁)နှစ်တာကာလအတွင်း အာဇာနည်နေ့၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ အခမ်းအနားများကိုလည်း အနှစ်သာရရှိစွာ ကျင်းပဆောင်ရွက်ပေးနိုင်ခဲ့သည်။ မကွေးတိုင်းဒေသကြီးတွင် ၆၅ နှစ်ကာလအတွင်း ပထမအကြိမ်အဖြစ် (၆၉) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ချင်းတိုင်းရင်းသားများနှင့်အတူ ချင်းရိုးရာဓလေ့ထုံးစံများ ဖော်ထုတ်ကာ ကျင်းပပေးနိုင်ခဲ့သည်။

**ပြည်သူ့အကျိုးပြုလုပ်ငန်းများ**

မကွေးတိုင်းဒေသကြီးတွင် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့

အချပ်ပို(ဇ)သို့

“ မကွေးတိုင်းဒေသကြီးအစိုးရသစ်သည် ပြည်သူများ၏ လူမှုစီးပွားဘဝ လွတ်လပ်လုံခြုံမှုရှိစေရေးတို့ကို ဦးတည်က စီမံခန့်ခွဲမှု အမှားအယွင်းများမဖြစ်စေရန် ထိန်းသိမ်းကြိုးပမ်းရင်း အဂတိကင်းစင်သော အစိုးရတစ်ရပ်အဖြစ် တစ်နှစ်တာကာလကို ဖြတ်သန်းလျက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး မျှတမှန်ကန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေးကြိုးပမ်းနေ ”



မကွေးတိုင်းဒေသကြီး လွှတ်တော်ကျင်းပစဉ်

**အချပ်ပို(ဆ)မှ**

စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်နိုင်ရေး ပြည်သူများက အစိုးရနှင့်ဝန်ထမ်းများကို အားကိုးယုံကြည်မှုတိုးပွားလာစေရန် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ဦးစီးဌာနများအလိုက် အပြန်အလှန်ထိန်းကျောင်းမှုများ ပြုနိုင်ရေး၊ အထောက်အကူပြုနိုင်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အစိုးရသစ် တစ်နှစ်တာ ကာလအတွင်း ပြည်သူများအား ဝန်ဆောင်မှုပေးခဲ့ရာ ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၁၄၄၂၉ ကြိမ်၊ ၂။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ၁၂၆၂၂ ကြိမ်၊ ၃။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ၃၈၆၅ ကြိမ်၊ ၄။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ၂၇၇၁ ကြိမ်၊ ၅။ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၃၇၅၃ ကြိမ်၊ ၆။ မီးသတ်ဦးစီးဌာနမှ ၃၄၉၁ ကြိမ်၊ ၇။ စည်ပင်သာယာရေးအဖွဲ့မှ ၅၄၆၂ ကြိမ်၊ ၈။ ကျန်းမာရေးဦးစီးဌာနမှ ၁၃၀၃၂ ကြိမ်၊ ၉။ ပြည်တွင်းအခွန်ဦးစီးဌာနမှ ၇၅၂၀ ကြိမ်၊ ၁၀။ လူမှုဝန်ထမ်းဦးစီးဌာနမှ ၇၉ ကြိမ်၊ ၁၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တစ်ကြိမ်၊ ၁၂။ သစ်တောဦးစီးဌာနမှ ၁၃၀ ကြိမ်တို့ကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် တစ်မြို့နယ်စီတွင် ကျေးရွာတစ်ရွာစီကို မြေဌာနဂရန်ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ အစိုးရသစ် တစ်နှစ်တာကာလအတွင်း အိမ်ခြံမြေအကွက်ပေါင်း ၂၁၉၅ ကို ကျေးရွာမြေဌာနဂရန်များ ထုတ်ပေးဆောင်ရွက်နိုင်ခဲ့သဖြင့် ကျေးလက်ဒေသနေ ပြည်သူများ၏ပိုင်ဆိုင်မှုအထောက်အထား ခိုင်မာသည့် မြေဌာနဂရန်ရရှိ၍ ပြည်သူများ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုများ ပိုမိုရရှိကာ နိုင်ငံတော်အနေဖြင့်လည်း ရသင့်ရထိုက်သော အခွန်အခများ ရရှိနိုင်ခဲ့သည်။

တိုင်းဒေသကြီးအတွင်းရှိ သိမ်းဆည်းခံ လယ်ယာမြေများမှ မလိုအပ်သည့် မြေများကို တောင်သူများ၏ လက်ဝယ်သို့ ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ တောင်သူ ၁၆ ဦးအတွက် ၄၉ ဧကကို ပြန်လည်ပေးအပ်နိုင်ခဲ့ပြီး အဆိုပါ ပြန်လည်စွန့်လွှတ်မြေအပါအဝင် တိုင်းဒေသကြီးအတွင်း၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ (၇)များကို စုစုပေါင်းတောင်သူ ၂၉၂၇ ဦးနှင့် ဧကပေါင်း ၆၂၂၀ ကို ထုတ်ပေးနိုင်ခဲ့သည်။

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီးမှတ်ပုံတင်ရေးအဖွဲ့သို့ မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်ရေး တင်ပြလာသည့် အသင်းအဖွဲ့ ၁၁ ဖွဲ့ကိုလည်းကောင်း၊ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြလာသည့် အသင်းအဖွဲ့ လေးဖွဲ့ကိုလည်းကောင်း၊ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြလာသည့် အသင်းအဖွဲ့ ၆၆ ဖွဲ့တို့အား မှတ်ပုံတင်လက်မှတ်များ ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခင်က အဆိုပါ မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် မှတ်ပုံတင်ကြေး ပေးသွင်းရမည်ဖြစ်ပြီး ပြစ်မှု၊ ပြစ်ဒဏ်များ ပါရှိခဲ့သော်လည်း ယခုအခါ မှတ်ပုံတင် ကြေးပေးသွင်းရန် မလိုအပ်သည့်အပြင် ပြစ်မှု၊ ပြစ်ဒဏ်များ လုံးဝမပါရှိဘဲ ဖြေလျှော့ဆောင်ရွက်ပေးခဲ့သဖြင့် အသင်းအဖွဲ့များအနေဖြင့် လွတ်လပ်စွာဖွဲ့စည်းခွင့်ရရှိစေနိုင်ခဲ့သည်။

**အသိပညာပေးရေးနှင့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူများ အသိပညာဗဟုသုတရရှိစေရန် စာပေဟောပြောပွဲများကို ယခင်က ကန့်သတ်ချက်ဖြင့် ခွင့်ပြုခဲ့သော်လည်း ယခုအစိုးရသစ် တစ်နှစ်တာ ကာလအတွင်း စာပေဟောပြောပွဲ တင်ပြလျှောက်ထားလာသည့် စာပေဟောပြောပွဲ (၃၁) ပွဲကို ဟောပြောခွင့်ပြုပေးနိုင်သည်။ ထို့အတူ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး၊ နိုင်ငံရေးအသင်းအဖွဲ့များ ဦးဆောင်ကြိုးပမ်းလျက်ရှိသော ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အသိပညာပြန့်ပွားရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စုဝေးပွဲများကိုလည်း မကွေးတိုင်းဒေသကြီးအစိုးရသစ်အနေဖြင့် ပိတ်ပင်တားဆီးကန့်သတ်မှုများ မပြုလုပ်ဘဲ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာယုံကြည်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်တို့ကို ဖော်ဆောင်ခွင့်ရရန်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ (MoU) လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်ခဲ့မှုအရ ပထမအစီအစဉ်အနေဖြင့် နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် လူမှုအခြေပြုဗဟိုဌာန(Community Centre)နှင့် ရွှေလျှားစာကြည့်တိုက်ကို ဖွင့်လှစ် ဆောင်ရွက်နိုင်ခဲ့သဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများစုဝေးရာ ဌာနအဖြစ်လည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများ ဖွင့်လှစ်၍ သင်ကြားရာဌာနအဖြစ်လည်းကောင်း၊ ကျေးရွာနေပြည်သူများ စာဖတ်ခွင့်ရရှိစေရန်အတွက်လည်းကောင်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



မိခင်နှင့် (၂)နှစ်အောက် ကလေးများ အာဟာရဆိုင်ရာအလေ့အကျင့်ကောင်းများပျိုးထောင်မှု သင်တန်းပေးနေစဉ်

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တာဝန်ယူခဲ့သည့် အစိုးရအဖွဲ့သစ် တစ်နှစ်တာကာလအတွင်း ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများအတွက် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသော စက်ယန္တရား (mini excavator) ၁၅ စီးကို တင်ဒါပိုလျှံငွေကျပ်သန်းပေါင်း ၁၂၁၈ ဒသမ ၇၅ ဖြင့် ဝယ်ယူဖြည့်ဆည်း ဆောင်ရွက်နိုင်ခဲ့ခြင်းသည်လည်း ဆင်းရဲမွဲတေမှုမြင့်မားခဲ့သော မကွေးတိုင်းဒေသကြီးကို အခြေခံကျကျပြုပြင်ပြောင်းလဲမှုများဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းနေသည်မှာ ထင်ရှားလှသည်။

သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီးအစိုးရသစ်အနေဖြင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံ ပုံဖော်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းကို ကျင့်သုံးကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်မှုကို အချိုးညီစွာ ဖော်ဆောင်နိုင်ရန် ကြိုးပမ်းလျက်ရှိသကဲ့သို့ တရားဥပဒေစိုးမိုးရေး၊ အဂတိကင်းစင်ရေးတို့အတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီးအတွင်း၌ စံနမူနာဆောင်ရွက်ခဲ့သည့် သာဓကအချို့ကိုလည်း ဖော်ပြလိုသည်။

တရားဥပဒေစိုးမိုးရေးအတွက် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း လောင်းကစားဝိုင်းမှ မော်တော်ကား တစ်စီး၊ ဆိုင်ကယ် ၁၀၂ စီး၊ လူ ၂၆ ဦးတို့ကို တရား ဥပဒေနှင့်အညီ ဖမ်းဆီးဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အတူ အဂတိကင်းစင်ရေးအတွက် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့် ညီညွတ်စွာနေထိုင်ဆောင်ရွက်ခြင်းမရှိသည့် မကွေးတိုင်းဒေသကြီးအတွင်းမှ မြို့နယ်တရားသူကြီး တစ်ဦး၊ ခရိုင်ပညာရေးမှူး တစ်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးတို့အား တရားဥပဒေကြောင်းအရပါ အရေးယူဆောင်ရွက်နိုင်ခဲ့သည်။

အထူးအားဖြင့် မကွေးတိုင်းဒေသကြီးအစိုးရသစ်သည် ဥပဒေပြုမဏ္ဍိုင်နှင့် အပြန်အလှန်ထိန်းညှိဖော်ဆောင်မှု ဒီမိုကရေစီယဉ်ကျေးမှုကို အလေးအနက် လက်ခံကျင့်သုံးကြိုးပမ်းလျက်ရှိသည်။ ထို့အတူ မကွေးတိုင်းဒေသကြီးပြည်သူများ၏ လူမှုစီးပွားဘဝ လွတ်လပ်လုံခြုံမှုရှိစေရေးတို့ကို ဦးတည်ကာ စီမံခန့်ခွဲမှု အမှားအယွင်းများမဖြစ်စေရန် ထိန်းသိမ်းကြိုးပမ်းရင်း အဂတိကင်းစင်သော အစိုးရတစ်ရပ်ဖြစ်ကြောင်း အစိုးရ၏ တစ်နှစ်တာကာလကို ဖြတ်သန်းလျက် မကွေးတိုင်းဒေသကြီး မြို့နယ်အားလုံးမျှတ မှန်ကန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းနေသည်ကို အထင်အရှားတွေ့မြင်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



လမ်းလုပ်ငန်းများ ဆောင်ရွက်ရန် ဝယ်ယူထားသည့် ယန္တရားများ